http://www.dhammadownload.com

“သေချင်တဲ့ကျား တောပြောင်း” ဆိုတာ ရှိသလို
“တစ်ရွာမပြောင်း သူကောင်းမဖြစ်” ဆိုတာလည်း ရှိတယ်။
“သွားပါများ ခရီးရောက်” ဆိုတာ ရှိသလို
“ခရီးသာတွင် ရွာစဉ်မမှတ်မိ” ဆိုတာလည်း ရှိတယ်။
အရေးကြီးဆုံး လူ့အရည်အချင်း ဆိုတာ
သူကောင်းဖြစ်အောင် ခရီးရောက်အောင်
ဆင်ခြင် လုပ်ဆောင်နိုင်စွမ်းပဲ။



# ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)

## အောင်ပွဲဆင်မယ့် ခြေလှမ်းများ နှင့်

## မထေရ်မြတ်တို့စကားဝိုင်း(၅)



http://www.dhammadownload.com

# ဓမ္မဘောရီအရှင်ဝီရိယ (တောင်စွန်း)

## အောင်ပွဲဆင်မယ့် ခြေလှမ်းများ နှင့်

## မထေရ်မြတ်တို့စကားဝိုင်း (၅)



ဓမ္မဘောရီအရှင်ဝီရိယ (တောင်စွန်း) ■ အောင်ပွဲဆင်မယ့် ခြေလှမ်းများ နှင့် မထေရ်မြတ်တို့စကားဝိုင်း (၅)

http://www.dhammadownload.com

# ဓမ္မဘောရီအရှင်ဝီရိယ (တောင်စွန်း)

## အောင်ပွဲဆင်မယ့် ခြေလှမ်းများ နှင့်

## မထေရ်မြတ်တို့စကားဝိုင်း(၅)



http://www.dhammadownload.com

"သေချင်တဲ့ကျား တောပြောင်း" ဆိုတာ ရှိသလို
"တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုတာလည်း ရှိတယ်။
"သွားပါများ ခရီးရောက်" ဆိုတာ ရှိသလို
"ခရီးသာတွင် ရွာစဉ်မမှတ်မိ" ဆိုတာလည်း ရှိတယ်။
အရေးကြီးဆုံး လူ့အရည်အချင်း ဆိုတာ
သူကောင်းဖြစ်အောင် ခရီးရောက်အောင်
ဆင်ခြင် လုပ်ဆောင်နိုင်စွမ်းပဲ။



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# အောင်ပွဲဆင်တဲ့ ခြေလှမ်းများနှင့် မထေရ်မြတ်တို့ စကားဝိုင်း (၅)

## ဓမ္မဘောဂီ အရှင်ဝီရိယ (တောင်စွန်း)

ဖြန့်ချိရေး
ရာပြည့်စာအုပ်ဆိုင်
အမှတ် ၄၁၆၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၊
ရန်ကုန်မြို့။ ဖုန်း၊ ၀၁-၇၁၀၁၀၃

http://www.dhammadownload.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၂၀၁၃၁၀၂၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၂၀၂၄၉၀၅၀၇ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ်<br>(မေ၊ ၂၀၀၇) |
| အုပ်ရေ | [၅၀၀၀] |
| မျက်နှာဖုံးနှင့်<br>အတွင်းစာသားပုံနှိပ်သူ | ဒေါ်ခင်အေးမြင့် (၀၅၉၀၁)<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ် ၁၉၉၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးတင်ကိုဦး<br>ရွှေရည်မြင့်မြတ်စာပေ<br>အမှတ် ၅၈၀ (ခ)၊<br>အောင်ရတနာလမ်း၊<br>သင်္ဃန်းကျွန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | အေဇော် |
| စာအုပ်ချုပ် | ဖူးပွင့်မွေး |
| မျက်နှာဖုံး ပန်းချီ | ဗဂျီလင်းဝဏ္ဏ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

http://www.dhammadownload.com

# မာတိကာ

၁။ အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၁) ၁
၂။ အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၂) ၁၁
၃။ အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၃) ၂၀
၄။ အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၄) ၂၉
၅။ အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၅) ၃၈
၆။ ရာနှုန်းပြည့်တဲ့ ယောနယ်၊
ရာပြည့် ယောလက်ဆောင် (၁) ၄၈
၇။ ရာနှုန်းပြည့်တဲ့ ယောနယ်၊
ရာပြည့် ယောလက်ဆောင် (၂) ၅၇
၈။ တောင်ဝှေးခေါက် ဦးပွား (၁) ၆၈
၉။ တောင်ဝှေးခေါက် ဦးပွား (၂) ၇၈
၁၀။ အောင်ပွဲဆက် ခြေလှမ်းများ (၁) ၈၅
၁၁။ အောင်ပွဲဆက် ခြေလှမ်းများ (၂) ၉၄
၁၂။ အောင်ပွဲဆက် ခြေလှမ်းများ (၃) ၁၀၅

http://www.dhammadownload.com

၁၃။ နှောင်ကြိုးလွှတ်ချင်
နှောင်ကြိုးလွှတ်ပါ ၁၁၆
၁၄။ စွန့်၊ ခွာ၊ လွှတ် ၁၂၅
၁၅။ တရားသဖြင့် နေထိုင်သူ ၁၃၆
၁၆။ ကယ်ပေါက် ၁၄၅
၁၇။ အို၊ နာ၊ သေခြင်းမရှိသူ ၁၅၄
၁၈။ အရဟံဦးဆင် ၁၆၂
၁၉။ အိမ်စောင့် မြေးထိန်းသာသနာပြု ၁၇၂
၂၀။ ဘိုးဘွား မိခင် မုဒိတာ
ဖခင် ဆရာ ကရုဏာ ၁၈၂

http://www.dhammadownload.com

## အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၁)

"ပိုးသာကုန် မောင်ပုံဆောင်းမတတ်၊ တရုတ်ပြည် အပ်ရောင်းသွား၊ အမြင်မတော် ဆင်တော်နဲ့ ခလောက်၊ မိုးလွန်မှ ထွန်ချ၊ ခွေး အလုပ် မြင်းလုပ်တော့ ဝါးရင်းတုတ်စာမိ" စတဲ့ စကားပုံများဟာ အောင်ပွဲမဆင်နိုင်တဲ့ ခြေလှမ်း ချွတ်ချော်မှုတွေကို ဖော်ညွှန်းပြနေတာ ဖြစ်ပြီး "ကျွမ်းကျင်မှ လိမ္မာ၊ ပျော်ရာမှာမနေ တော်ရာမှာနေ၊ ခြသေ့်ဆီနဲ့ သိင်္ဂီရွှေခွက်၊ လသာတုန်း ဗိုင်းငင်၊ အိုးနဲ့ဆန် တန်ရုံ" စတဲ့ စကားပုံများက ခြေလှမ်း မှန်ပုံကို ဖော်ညွှန်းနေတယ်လို့ ထင်မိပါတယ်။

မြတ်စွာဘုရားရှင် ကောလိယမြို့နယ် ကက္ကရပတ္တ နိဂုံးမှာ သီတင်းသုံးတော်မူစဉ်က ဒီဃဇာဏု (မောင်ဒူးရှည်)

http://www.dhammadownload.com



မည်တဲ့ ကောလိယမင်းသားက မြတ်စွာဘုရားရှင်ကို ရိုးသားပွင့်လင်းတဲ့ စကားနဲ့ 'အရှင်ဘုရား… တပည့်တော်တို့ဟာ သားနဲ့ မယားနဲ့ ကာမဂုဏ်ကို ခံစားရင်း ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်မှာ နေရသူတွေပီပီ ရဟန်းတော်များလို ကုသိုလ်ပြုရေးအတွက် အချိန်နေရာ ကျယ်ကျယ်ဝန်းဝန်း မရကြဘဲ ကုသိုလ်ရေးအခွင့်အလမ်း ကျဉ်းမြောင်းစွာနဲ့ပဲ အိမ်မှာ နေကြရပါတယ်ဘုရား။

လောကသားဆိုတော့လည်း သူ့အတု လူ့အပ ဆိုသလို သူများနည်းတူ ဝတ်ကောင်းစားလှတို့၊ စန္ဒကူးနံ့သာတို့၊ ရွှေငွေ ဥစ္စာတို့ကိုလည်း ရှာဖွေရ သိမ်းဆည်းသာယာရပါတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်တို့အတွက် မျက်မှောက်ဒိဋ္ဌ ကိုယ်ကျိုးရစေမယ့် လောကကြီးပွားချမ်းသာရေးတရားနဲ့ တမလွန်နောင်ရေး စိတ်အေးချမ်းသာ ဖြစ်စေမယ့် တရားကို ဟောကြားပေးတော်မူပါ' လို့ လျှောက်ထားတောင်းပန်ပါတယ်။

သူ့စကားက အလွန် ရိုးသားပွင့်လင်းတဲ့ စကားလို့ပဲ ပြောရလိမ့်မယ်။ သူ့ရဲ့ လက်ရှိအနေအထားကိုလည်း ရိုးရိုးဖွင့်ဟ ဝန်ခံတယ်။ ပြီးတော့ လောကီကြီးပွားချမ်းသာရေးကိုလည်း သီးခြားသပ်သပ် ပြုချင်တယ်။ ကုသိုလ်လည်း ကုသိုလ်နဲ့တူအောင် ပြုချင်တယ်။ လောကီချမ်းသာကို တောင့်တပြီး ကုသိုလ်လို့လည်း အမည်မတပ်ချင်ဘူး၊ ကုသိုလ်ပြုရင်လည်း

http://www.dhammadownload.com



ကုသိုလ်စစ်စစ် ဖြစ်ချင်တယ်။ လောကီကောင်းကျိုးကို မတောင့်တချင်ဘူး။ ဒီနှစ်မျိုးကို မရောမထွေးအောင် ဟောပြပေးစေချင်တာ၊ ဒါ့ကြောင့် သူ့စကားဟာအလွန် ရိုးသားပွင့်လင်းတယ်လို့ ဆိုချင်တာပါ။

သူပြောတာ ဟုတ်တာပေါ့။ လောကထဲနေပြီး လူချင်းတူတူ သူချင်းမျှမျှ မဝတ်ရ မစားရပြန်ရင်လည်း လောကအမြင်မှာ လူရာ တယ်မဝင်ချင်လှဘူး။ ဃရာဝါသ ဆိုတဲ့ အိမ်ထောင်မီးကို ပျိုးထားပြီးမှ တရားသဘောပေါက်သလိုလို၊ ဖြစ်ရင် ပျက်မြဲ သင်္ခါရတွေ ချည်းပါပဲ ဆိုသလိုလိုနဲ့ အိမ်စီးပွားရေး ဂရုမစိုက်ဘဲ ထားပြန်ရင်လည်း ပျိုးပြီးသား မီးတောက်အောင် မထိန်းနိုင်ရင် မီးခိုးအူပြီး တစ်အိမ်လုံး နေခက်ထိုင်ခက် ဖြစ်ကုန်ကြမှာ၊ တောကြောင်ဆိုရင်လည်း သစ်သီးစားနေ၊ ရွာကြောင်ဆိုရင်လည်း ကြွက်ခုပ်၊ ဟိုမဟုတ် ဒီမဟုတ် မျိုးနဲ့တော့ ဘဝကို အချည်းနှီး ဖြုန်းတီးနေရတာမျိုး ဆိုတာ တရားလည်း မရ၊ အစားလည်း မဝနဲ့ ဘုရားလူ မဖြစ်၊ မယားလူမဖြစ်တဲ့ အလကားလူ ဆိုတာမျိုး ဖြစ်သွားမှာ။ ဒီလိုမျိုးကြီးနဲ့လည်း မနုဿတ္တ ဒုလ္လဘကို အချည်းနှီး ဖြုန်းတီးမပစ်ရက်သင့်ဘူး။ ဒါ့ကြောင့် မယားလူအဖြစ်လည်း ပီဘိစစ်စစ်၊ ဘုရားလူအဖြစ်နဲ့လည်း ပီဘိစစ်စစ် ဖြစ်သင့်တာပေါ့။ ဒါမှ မနုဿတ္တ ဒုလ္လဘဂုဏ်လည်း ပီပြင်၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဂုဏ်လည်း စင်ကြယ်မှာကိုး။

http://www.dhammadownload.com



'ဒီလူ့နှယ် ဆေးဝိဇ္ဇာဓိုရ်ကြီးနဲ့ တွေ့နေခါမှ လျက်ဆားတောင်းသလို နိဗ္ဗာန်လမ်းကို ညွှန်ပြနိုင်တဲ့ ဘုရားရှင်နဲ့ တွေ့ပါလျက် လောကီချမ်းသာရေး မေးနေရသေးတယ်၊ လောကုတ္တရာ ချမ်းသာရေးကို တောင်းပါတော့လား' လို့ တရားကိုသာ အလေးထားသယောင်ယောင် အတွေးမမှားလိုက်ပါနဲ့၊ ဆေးဝိဇ္ဇာဓိုရ်က အခုခေတ် ကင်ဆာလို အိပ်ချ်အိုင်ဗွီလို ရောဂါမျိုး ပျောက်နိုင်တဲ့ဆေးတွေပဲ ရှိနေနေ သူ လောလောဆယ် ခံစားနေရတာက အစာမကြေတာ၊ ချောင်းဆိုးတာမျိုး ဖြစ်နေရင် လျက်ဆားကိုပဲ အရင်တောင်းလာမှာပဲ၊ နောက်မှ ၉၆ ပါးရောဂါကင်းတဲ့ ဆေး လုပ်ရမှာပေါ့။ ဒါဟာ ဘဝနဲ့မဇ္ဈိကို လက်တွေ့ကျကျ တည်ဆောက်လိုတဲ့ သဘောရိုး မနောရိုး ရှင်းရှင်းဘွင်းဘွင်းသမားတို့ရဲ့ သဘောဖြူ အူစင်း စကားဖြစ်လို့ လေးစားစရာ အလေးထားစရာ ကောင်းလှပါတယ်။

မြတ်စွာဘုရားရှင်ကလည်း သူ့စကားကိုအလေးထားပါတယ် "လောကီရေးတွေက အရေးမပါပါဘူးကွာ၊ လောကုတ္တရာရေးသာ အလေးထားစမ်းပါ" လို့ မပစ်ပယ်ပါဘူး၊ မေးလျှောက်သူရဲ့ဆန္ဒနဲ့ အညီ

ဗျဂ္ဃပဇ္ဇ… (ကျားစားကျက်အရပ်မှာ နေသူဖြစ်လို့ သူ့ကို ဗျဂ္ဃပဇ္ဇလို့လည်း ခေါ်ကြသေးတယ်) မျက်မှောက်ဘဝမှာပဲ စီးပွားချမ်းသာဖြစ်စေတဲ့ တရားတွေကတော့—

http://www.dhammadownload.com



(၁) တတ်သိကျွမ်းကျင် ဉာဏ်နဲ့ ယှဉ်တဲ့ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။

(၂) ပျောက်ရှယိုဖိတ် လေလွင့်ပြုန်းတီး ပျက်စီးမှု မဖြစ်အောင် စောင့်ရှောက်ခြင်း၊

(၃) လောကရေးလည်း မချွတ်၊ ဓမ္မရေးလည်း မလွတ်ရအောင် ရင်းနှီးတိုးပွား စားတန်စား၊ လှူတန် လှူ၊ ဆောင်တန်တာ ဆောင်ထားခြင်းဖြင့် မျှမျှတတ အသက်မွေးနိုင်ခြင်း၊

(၄) ကျိုးမဲ့ပြစ်ရကို ဖယ်ရှား၊ ကျိုးရပြစ်မဲ့ကို ညွှန်ကြားနိုင်စွမ်းရှိပြီး လောက၊ ဓမ္မ နှစ်ဝ လျော်ကန် လူကုံထံ ဖြစ်အောင် ညွှန်ပြ ကူညီတတ်တဲ့ မိတ်ကောင်း ဆွေကောင်း ရှိခြင်းဆိုတဲ့ ကောင်းကျိုးချမ်းသာ မုချရ ကြောင်း (သမ္ပဒါ) တရားလေးတို့ ဖြစ်တယ်' လို့ ဟောညွှန်တော်မူပါတယ်။

နံပါတ် (၁) ဥဋ္ဌာနသမ္ပဒါ ဆိုတာ လုံ့လနဲ့ ပြည့်စုံခြင်းလို့သာ ပြောမယ်ဆိုရင် မြန်မာစကားအရ အဓိပ္ပာယ်လုံးထွေးသွားစရာ ရှိပါတယ်။ ဒါဆို အလုပ်ကို ကြိုးစားလုပ်ကိုင်ရမယ်လို့ ဆိုလိုတာပဲလို့ မှတ်ယူသွားနိုင်ပါတယ်။ အမှန်က အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ ပြည့်စုံတဲ့ လုံ့လဝီရိယမျိုးနဲ့ ကြိုးစားအားထုတ်ရမယ်လို့ ဆိုလိုတာပါ။

http://www.dhammadownload.com



မပြည့်စုံတဲ့ လုံ့လဝီရိယမျိုးနဲ့ ကြိုးစားအား ထုတ်နေရုံနဲ့တော့ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်၊ ခရီးသာတွင် ရွာစဉ်မသိ၊ မျက်စိက မမြင်ရတဲ့အထဲ သတိပါ မေ့တတ်တော့ ကျည်ပွေ့မတပ်မိဘဲ တစ်ည လုံး မောင်းထောင်းပေမယ့် တရျောင်းရျောင်းမြည်ပြီး တစ်ရွာလုံးသာ အိပ်ရေးပျက်တယ် ဆန်ဖြူတစ်စေ့မှ မထွက်ဘူး" ဆိုတာမျိုးလို အလုပ်လည်း မနား၊ အစား လည်း မဝ ဖြစ်နေတတ်ပြီး နောက်ဆုံးတော့ ကိုယ့် ချွတ်ယွင်းချက် ကိုယ်မသိဘဲ "ကံမရှိ ဉာဏ်ရှိတိုင်း မွဲ" ဆိုတဲ့ စကားကို လွှဲချရင်း ဘဝကို လက်မြှောက် အရှုံးပေးသွားနိုင်တယ်။

ပြည့်စုံတဲ့ လုံ့လဝီရိယဆိုတာ လုပ်ငန်းလည်း ကျွမ်းကျင်၊ ပျင်းရိခြင်းလည်း မရှိ၊ နေရာဒေသ အခြေ အနေ အချိန်အခါနဲ့ အချက်အလက်တို့ကို သုံးသပ် ဆင်ခြင်နိုင်စွမ်းတဲ့ ပညာပါရှိပြီး လုပ်ကိုင်နိုင်စွမ်း၊ စီမံနိုင်စွမ်းပါရှိတဲ့ လုံ့လမျိုး ဖြစ်ပါတယ်။ (အံ၊ မြန်၊ တ၊ ၁၀၇)

အသေးစိတ် ပြောရမယ်ဆိုရင် သမ္ပဒါမြှောက် တဲ့ လုံ့လ (ဥဋ္ဌာနသမ္ပဒါ) ဖြစ်ဖို့အတွက် ပြည့်စုံမယ့် အဆင့်ငါးဆင့် ရှိတယ်။ မလွဲမသွေ အောင်ပွဲဆင်နိုင် ဖို့အတွက် ခြေလှမ်းငါးလှမ်းလို့လည်း ဆိုနိုင်ပါတယ်။

http://www.dhammadownload.com



## ၁။ ဉာဏသမ္ပတ္တိ

အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ပြီး လုပ်ရကျိုးနပ်အောင် အကျိုးဖြစ်ထွန်း အောင်မြင်လိုသူအတွက် ပထမဆုံးလှမ်းရမယ့် ခြေလှမ်းကတော့ အသိဉာဏ်ပြည့်စုံဖို့ ဖြစ်ပါတယ်။ ကိုယ်လုပ်မယ့် အလုပ်နဲ့ ပတ်သက်ပြီး တတ်သိ နားလည်သင့်သမျှ အောက်ခြေသိမ်းက စပြီး တစ်စမကျန် နားလည်ကျွမ်းကျင် နိုင်နင်းအောင် လေ့လာသင်ယူပြီး ဖြစ်စေရမယ်။ လုပ်မယ့်အလုပ်နဲ့ ပတ်သက်တဲ့ ကာယဗလ (ကိုယ်အား)၊ ဓနဗလ (အရင်းအနှီးပစ္စည်းအား)၊ ဉာဏဗလ (ကျွမ်းကျင်သိမြင် နှိုင်းချိန်ဝေဖန်နိုင်စွမ်းအား) များနဲ့ ပြည့်စုံသူဟာ အနည်းဆုံး ထွန်းပေါက်အောင်မြင်သူကြီး မဖြစ်တောင် အချိန်ကုန် လူပန်း အချည်းနှီး မဖြစ်နိုင်ပါဘူး။ မုချကျိန်းသေ အကျိုးဖြစ်ထွန်းမှာ သေချာပါတယ်။

ထိုက်တန်တဲ့ အချိန်ကာလနဲ့ မလည်ပတ်သေးမီ (အမြတ်မပေါ်သေးမီ) အတွင်းမှာ အလုပ်ရပ်ဆိုင်းမသွားအောင် စိုက်ထုတ်မြှုပ်နှံထားနိုင်မှုအတွက်တော့ ကြိုတင်ထားရှိရမှာပါ။ ကျွမ်းကျင်မှုနဲ့ အချိန်အခါ နေရာဒေသ အခြေအနေတို့ကို ဝေဖန် ပိုင်းခြားတတ်ဖို့တော့ အများကြီး လိုပါတယ်။

မိမိနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်က တောမှာ တောင်သူတစ်ဖက်၊ ကူးသန်းရောင်းဝယ် တစ်ဖက်နဲ့ အတော်လေး အဆင်ပြေပါတယ်။ အနီးပါးက ရွာ

http://www.dhammadownload.com



တစ်ရွာမှာ စပါးစက်ထောင်ထားသူတစ်ဦးက နေ့ချင်း ညချင်း ဆိုသလို စီးပွားဖြစ်လာတာ တွေ့တော့ သူက လည်း စပါးစက်တည်ချင်တယ်။ မိမိက 'ကျွမ်းကျင်ရာ လိမ္မာကြတာမျိုးပါ၊ ကိုယ်ကျွမ်းကျင်ရာ ကိုယ်လုပ် နေတာ အကောင်းဆုံးပါ' လို့ အကြံပေးပါသေးတယ်။ ရွာမှာက သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး ဆိုတဲ့ ပြိုင်ဆိုင် လိုမှု ကလေးတွေကလည်း ရှိတာဆိုတော့ သူ့ဆွေမျိုး တွေက 'အလကား၊ သူ့ဆွေမျိုးတွေအတွက် စပါးစက် တည်ပေးမှာမို့လို့ တို့အပိုင်းကို စက်မတည်ဖြစ်အောင် ကြံဖန်ဖျက်နေတာ၊ ကိုယ့်ရွာမှာ ဘယ်သူမှ မတည်နိုင် သေးခင် ဦးအောင်တည်' ဆိုပြီး ဝိုင်းတွန်းကြတော့ တည်ဖြစ်သွားတယ်။

စက်အကြောင်း ကိုယ်က ဘာမှ နားမလည် တော့ ကြားပွဲစားနဲ့ ပိုင်ရှင်တို့ ပူးပေါင်းလုပ်လိုက်တဲ့ အကြံအဖန်စက်ကြီးနဲ့ ညားလာပါရော။ စက်ဆရာ ပါ ရွာကိုခေါ်ပြီး ပြင်တယ်၊ လိုတဲ့ပစ္စည်း ဝယ်ဖို့ကျ တော့ လှည်းတစ်တန် ကားတစ်တန်ခရီးနဲ့ မြို့ရောသိကြီး သွားရ၊ ဘေးလူခိုင်းပြန်ရင် မယုံကြည်ရဘူး ဆိုပြီး ကိုယ်တိုင်သွားချည် ပြန်ချည် လုပ်ရနဲ့ တစ်နှစ်လောက် တောင်သူအလုပ်လည်း လစ်ဟင်း၊ တခြားအလုပ်လည်း မလုပ်နိုင်နဲ့ စီးပွားပျက်၊ နောက်ဆုံးတော့ ပစ္စည်းဝယ် သွားရာက နေပူထဲမှာ ပြန်လာပြီး အိမ်ရောက်တော့ ရေချိုးမှားရာက အပူဝင် သွေးခဲဖြစ်ပြီး လူပါ ဆုံးပါး

http://www.dhammadownload.com



သွားရရှာပါတယ်။ "သေချင်တဲ့ကျား တောပြောင်း" ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။

ငယ်ငယ်က လူကြီးတွေပြောတာ ကြားဖူးတယ်။ ငှက်တွေထဲမှာ ချိုးငှက်ဟာ ပေါက်ဖွားမှုဦးရေ အနည်းဆုံးပဲတဲ့။ ချိုးသိုက်က ဖြစ်ကတတ်ဆန်း လုပ်ထားတာဆိုတော့ မလုံခြုံဘူး။ လေတိုက်လို့ အကိုင်းလှုပ်ခါလိုက်ရင် အသိုက်က ဖရိုဖရဲဖြစ်ပြီး ဉတွေ ကျကွဲကုန်ရောတဲ့။ အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ ကမ္ဘာဦးတုန်းကတဲ့၊ ငှက်ဘုရင်ကြီးက ငှက်တွေအားလုံးကို ခေါ်ပြီး ကိုယ့်အမျိုးအနွယ်အလိုက် အသိုက်လုပ်နည်း သင်တန်းပေးသတဲ့။ တခြားငှက်တွေက လေးလေးစားစားသင်ယူကြပေမယ့် ချိုးငှက်ကတော့ သင်တန်းကို ခဏလေးနားထောင်ပြီး 'ဒါများ အဆန်းလုပ်လို့ ကိုယ့်နှုတ်သီးနဲ့နိုင်သလောက် သစ်ကိုင်းခြောက်တွေချိုးပြီး သစ်ပင်ခွကြား တင်ထားလိုက်ရင် အသိုက်ဖြစ်တာပဲ' ဆိုပြီး ပျံသွားသတဲ့။ ဒါနဲ့ ချိုးသိုက်တွေဟာ ဖြစ်ကတတ်ဆန်းနဲ့ ဖရိုဖရဲဖြစ်ပြီး လေဒဏ်ကို မခံနိုင်ဘဲ ကျကွဲပျက်စီးတာများလို့ ချိုးတွေဟာ တခြားငှက်တွေလောက် အုပ်စုကြီးတွေ မဖွဲ့နိုင်တာလို့ ပြောကြပါတယ်။

ဘာပဲဖြစ်ဖြစ် အောက်သက်မကျေရင် စီးပွားကျေမယ်၊ အောက်သက်ကျေမှ စီးပွားရှည်မယ် ဆိုတာကတော့ သေချာလှပါတယ်။ အရာရာကို အောက်သက်ကျေအောင် ကြိုတင် လေ့လာသင်ယူတာဟာ မင်္ဂလာ

http://www.dhammadownload.com



တရားနဲ့ သမ္ဗုဒ္ဓိစက်မှာပါတဲ့ "ပုဗ္ဗေစ ကတပုညတာ" သဘောလည်း ဖြစ်တယ် ဆိုတဲ့အကြောင်း ဆရာကြီး ဦးလှသိန်း ၃၈ ဖြာ မင်္ဂလာဟောတုန်းက မှတ်သား လိုက်ရဖူးပါတယ်။ ဆရာကြီးကတော့–

"စက်ဆရာ အင်ဂျင်နီယာအတတ်ကို ကြိုတင် တတ်ကျွမ်းပါ။ လယ်သမား ထွန်တုံး၊ ထွန်သန်၊ ထယ်ဒူး၊ ထယ်သန်၊ ထွန်ရေး၊ ပျိုးကြဲ၊ ပျိုးနုတ်၊ နည်းကအစ ကြိုတင်လေ့လာ သင်ကြားပါ။ ကျောင်းသူ ကျောင်းသား ကျောင်းမှန်မှန်တက်ပါ၊ စာမှန်မှန်ကျက် ပါ၊ အဲဒါ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာ" ဆိုပြီး ဆွဲ ဆွဲငင်ငင်လေးနဲ့ ရွတ်ဆို ဟောပြသွားပါတယ်။

ဒါဟာ အောင်ပွဲဆင်မယ့် ပထမခြေလှမ်း မှန် ကန်မှုပါပဲ။

❑

http://www.dhammadownload.com

# အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၂)

သုဂတိဘုံချင်း တူပေမယ့် လူ့ဘုံဆိုတာ နတ်ဘုံ ဗြဟ္မာဘုံတွေလို တစ်ပြေးညီ အနေအထားမျိုး မဟုတ်တဲ့အတွက် "ပတိရူပဒေသဝါသ = သုဂတိထဲက သုဂတိအရပ်ကို ရွေးချယ်ပါ" လို့ မြတ်စွာဘုရားရှင် ဟောတော်မူခဲ့တာပါ။

## ၂။ ဂတိသမ္ပတ္တိ

အောင်ပွဲဆင်ဖို့အတွက် ဒုတိယခြေလှမ်းက "ဂတိသမ္ပတ္တိ" ဖြစ်ရမယ်တဲ့။ ဒီနေရာမှာ "ဂတိ" ဆိုတာ သုဂတိ၊ ဒုဂ္ဂတိတို့မှာဆိုတဲ့ "ဂတိ" သဒ္ဒါနဲ့ အတူတူပါပဲ။ "နေထိုင် လုပ်ကိုင်စရာ အကွက်အကွင်းနေရာဒေသ" လို့ အဓိပ္ပာယ်ရပါတယ်။

လူတိုင်းမှာ 'အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ' ကြပေမယ့် ကြံတိုင်းမအောင်၊ ဆောင်တိုင်း မမြောက်

http://www.dhammadownload.com



ကြသူတွေ အများကြီး ရှိနေကြမှာပါပဲ။ အကြောင်းကို ရှာလိုက်တော့ ကိုယ့်ရပ်ကိုယ့်ရွာနဲ့ မခွဲခွာနိုင်လို့၊ ပတ်ဝန်းကျင်ကို မစွန့်ရက်လို့ စတဲ့ သံယောဇဉ် အနှောင်အဖွဲ့တွေကို မစွန့်နိုင်မှုတွေဟာ အဓိက အကြောင်းရင်း တစ်ခုလို ဖြစ်နေတတ်ပါတယ်။

မြန်မာစကားမှာ "စွန့်စားတယ်" လို့ သုံးလေ့ရှိတယ်။ စွန့်နိုင်မှ စားရမယ်၊ စားလိုရင် စွန့်ရမယ်၊ မစွန့်နိုင်ဘဲ မစားရနိုင်ဘူး ဆိုတဲ့ အဓိပ္ပာယ်များကို ရည်ညွှန်းတယ်လို့ သဘောပိုက်မိပါတယ်။ "ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရမယ်" ဆိုတဲ့ ရှေးသူဟောင်းတို့ရဲ့ စကားမှန်ဟာ အောင်ပွဲရဲ့ ဒုတိယခြေလှမ်းဖြစ်တဲ့ "ပတိရူပ ဒေသဝါသ" ကို စွန့်လွှတ်စွန့်စား ရှာဖွေတတ်ကြဖို့ တိုက်တွန်းဆော်ဩတဲ့ လမ်းညွှန်စကား တစ်ခုပါ။ ဒါပေမဲ့ ဒီစကားပုံကို ရည်ညွှန်းတဲ့ မြန်မာလူမျိုးများဟာ ပတိရူပဒေသဝါသ မင်္ဂလာကို ခံယူဖို့ အရေးမှာတော့ အနေးကွေး အတွန့်ဆုတ်ဆုံးလူမျိုးများ စာရင်းမှာ ပါဝင်နေပါသေးတယ်။

မျိုးစေ့ကောင်းမှန်ပေမယ့် မြေမှန် နေရာမှန် ရာသီမှန်နဲ့ မထိတွေ့ရရင် ဘာပင်မှ မဖြစ်ထွန်းနိုင်သလိုပါပဲ။ လူတိုင်းမှာ ကံမျိုးစေ့ကောင်းလေးတွေ ကိုယ်စီက ရှိပြီးသား ဖြစ်ပေမယ့် နေရာမှန်မှာ မစိုက်ပျိုးဖွဲ့ကြလို့ အပင်မကြီး အသီးမသန်နဲ့ မျိုးဆုံးကြသူတွေ တွက်ကြည့်ရင် နည်းလှမယ် မဟုတ်ပါဘူး။

http://www.dhammadownload.com



ဒီနေ့ ကမ္ဘာတစ်လွှားမှာ ရှိကြတဲ့ ကုမ္ပဏီကြီးတွေဟာ သူတို့ထုတ်လုပ်မယ့် ပစ္စည်းအတွက် ကုန်ကြမ်းနဲ့ လုပ်အား လွယ်ကူသက်သာပြီး ဈေးကွက်နဲ့ အဆင်ပြေမယ့်နေရာ အသီးသီးတွေမှာ စက်ရုံကြီးတွေ တည်ဆောက်လုပ်ကိုင်နေကြလို့ အရင်းနည်းနည်း အမြတ်များများနဲ့ ကြီးပွားအောင်မြင်နေကြတာ တီဗွီတွေမှာ လူတိုင်း ငေးကြည့်နေခဲ့ကြပါပြီ။ ဒါပေမဲ့ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် သူကောင်းသားများကတော့ 'သြော် သူတို့တစ်တွေကဖြင့် ကံကောင်းလိုက်ကြတာ' လို့သာ မှတ်ချက်ချနေကြပါတယ်။ "ကံ၊ ဉာဏ်၊ ဝီရိယ သုံးဌာနရှိမှ ပြည့်စုံတယ်" ဆိုတဲ့ စကားကို တွင်တွင်ရွတ်နေကြရင်းက ဉာဏ်ကောင်း၊ လုံ့လကောင်းကို ဘယ်သူမှ အလေးအနက်ထားရကောင်းမှန်း မသိကြသေးပါဘူး။

မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူခါနီးမှာ အဓိဋ္ဌာန်ရွှေခွက်က ရေဆန်တက်ပြီး ယခင် ယခင်ဘုရားရှင် အလောင်းတော်တို့ အဓိဋ္ဌာန်ခဲ့တဲ့ ရွှေခွက်များနဲ့ ဆတ်မိတဲ့အသံကြောင့် ကာလနဂါးကြီး လန့်ပြီးနိုးလာတယ်လို့ ပြောစမှတ်ကို ကြားဖူးသူ များပါလိမ့်မယ်။ ဒီစကားရဲ့အဓိပ္ပာယ်ကို 'ရှေးရှေး ဘုရားရှင်တို့ထံမှာ ပါရမီဓာတ်ခံကောင်း အရယူထားပြီး ရှိပါလျက်နဲ့ မောဟနဲ့ အိပ်ပျော်နေကြသူတွေဟာ အခုမှ "ဘုရား" ဆိုတဲ့ အသံကို ကြားလိုက်ရတဲ့အခါ မောဟ

http://www.dhammadownload.com



အမှောင်ထုအောက်မှာ အိပ်ပျော်နေရာမှ နိုးထပြီး သတိ ဝီရိယအားကိုးနဲ့ ပညာပါရမီ မျိုးစေ့များကို ပွားတိုးအောင် စိုက်ပျိုးရ ကောင်းမှန်း သိလာကြတယ်' လို့ အဓိပ္ပာယ်ယူရင်လည်း လွဲနိုင်မယ် မထင်ပါဘူး။

ဒီနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနဲ့ "မြတ်စွာဘုရားရှင်တို့ရဲ့ သာသနာတော်ဆိုတာ ကောင်းမှုမျိုးစေ့များ ဖြစ်ထွန်း တိုးပွားအောင် စိုက်ပျိုးကြဲချနိုင်တဲ့ လယ်ယာမြေကောင်းကြီးသဖွယ် ဖြစ်တယ်" ဆိုတာ အားလုံး ကြားဖူးနားဝ ရှိနေကြပါတယ်။ မနုဿတ္တ ဒုလ္လဘကို ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနဲ့ တွဲပြီး ရရှိသူတိုင်းဟာ ကုသိုလ်ကံမျိုးစေ့ သာမက ပါရမီမျိုးစေ့ပါ ရင်ဝယ်ပိုက်ပြီး ရောက်လာကြလို့ "ခေသူမဟုတ်" သူများ ဖြစ်တယ် ဆိုတာလည်း တယ်ပြီး ဒုံး (တုံး) မဝေးလောက်ကြပါဘူး။ လက်နှောင်း နောက်ကျန် သာဝကများဟာ ရှေ့ခွက်ချင်း ဆတ်မိသံလောက်နဲ့ မနိုးနိုင်လောက်အောင် မောဟဒုဒယ် (ထုထည်) ထူပြောမှန်း သိတော်မူလို့ မြတ်စွာဘုရားရှင်ကလည်း ကိုယ်တော်တိုင် တရားစည်ကြီးကို ၄၅ နှစ် ကာလပတ်လုံး ရိုက်တီးခဲ့ရုံမျှမက သာဝကအဆက်ဆက်တို့က ဆက်လက် ရိုက်တီးနိုင်ဖို့လည်း တရားစည်တော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ကိုယ်စားတော်အဖြစ် ထားရစ်တော်မူခဲ့ပါတယ်။ သာဝက အဆက်ဆက်တို့ကလည်း ဘုရားရှင်ရဲ့အလိုဆန္ဒတော်နဲ့ အညီ ဆက်လက်

http://www.dhammadownload.com



ရိုက်တီးခဲ့တာ ခုဆို နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ခဲ့ပြီးပြီ။ ဒါပေမဲ့ ကိုရွှေဗုဒ္ဓဘာသာဝင် ကာလနဂါး ဘိုးအေတို့ကတော့ ခုထိ အိပ်မက်မက်လို့ ကောင်းနေကြဆဲ၊ ဆူနာမိလို ငလျင်မျိုးနဲ့ လှုပ်နှိုးမှ နိုးကြတော့မလား မပြောတတ်။

ဩော်... ဗုဒ္ဓဘာသာဝင်တို့ ထုပ်ပိုး ပိုက်ထွေးထားတဲ့ ကံပါရမီ မျိုးစေ့ကလေးတွေဟာ လိုရမည်ရသိမ်းထားတဲ့ ဇာတိပ္ဖိုလ်သီးကလေးတွေများ ဖြစ်နေကြလေရော့သလားလို့ တွေးမိပါတယ်။

ကလေးငယ်တစ်ယောက် နေမကောင်းဖြစ်လို့ ဆေးဆရာပင့်ပြီး ပြကြည့်တော့ ဆရာက 'နင့်ကလေးဝေဒနာက ဇာတိပ္ဖိုလ်သီး သွေးပြီး တိုက်မှ အမြန်ပျောက်ကင်းချမ်းသာမှာ၊ ငါ့မှာလည်း ဇာတိပ္ဖိုလ်သီးက အရန်သင့် မပါလာဘူး။ သက်သာလို သက်သာငြား ရှိတဲ့ဆေးနဲ့တော့ တိုက်ကျွေးကြည့်ရမှာပဲ' ဆိုပြီး ကုသပါတယ်။ ကလေးရဲ့ဝေဒနာက တယ်ပြီး ထူးခြားမလာဘူး။ ဒါနဲ့ ညနေပိုင်းရောက်တော့ ဆရာက 'နင့်ကလေးရဲ့ ကံပဲကွယ်၊ ဇာတိပ္ဖိုလ်သီးသာ မရခဲ့ရင်တော့ ငါလည်း မကယ်နိုင်တော့ဘူး' လို့ ပြောလိုက်တော့မှ ကလေးအမေက 'နေဦး ဆရာ ကျွန်မမှာ လိုရမည်ရသိမ်းထားတဲ့ ဇာတိပ္ဖိုလ်သီးလေး တစ်လုံးတော့ ရှိတယ်' လို့ ပြောသတဲ့။ ဆရာက 'ဟေ... နင့်ကလေးကမျက်ဖြူဆိုက်ပြီး မြော့မြော့ပဲ ကျန်တော့တယ်၊ နင့်

http://www.dhammadownload.com



ဇာတိပ္ပိုလ်သီးက ခုထိ လိုရမည်ရ ဆောင်ထားတုန်း ဆိုရင် ဘယ်အချိန်သွားပြီး လိုမှာလဲဟေ့’ လို့ ပြော လိုက်ပါသတဲ့။

ခုလည်း ကျုပ်တို့အားလုံးရဲ့ အသက်တွေကို သေသေချာချာ စဉ်းစားပြီး တွက်ကြည့်လိုက်ရင် ကုန် သွားတဲ့ အသက်တွေကသာ ကြီးကြီးသွားပြီး လက်ကျန် သက်တမ်းကလေးက တဖြည်းဖြည်း ငယ်ငယ်လာ လိုက်ကြတာ ခုဆို ဘာမှကို ပြောပလောက်အောင် မကျန်တော့ဘူး။ ဒါပေမဲ့ ကံပါရမီမျိုးစေ့ကလေးတွေ ကတော့ လိုရမည်ရ သိမ်းထုပ်ထားခြင်း ခံနေဆဲနဲ့ပဲ တူရဲ့။ ဒီအချိန်ရောက်လို့မှ မြေနဲ့ ရေနဲ့ ထိတွေ့ခွင့် မရသေးရင်တော့ မျိုးစေ့ကောင်းလေးတွေ အချည်း နှီး ဆွေးမြည့်ပျက်စီးသွားမယ့် အရေးက တွေးကြည့် ရင် တကယ့်ကို နှမြောစရာပါ။ ကိုယ်ရရှိထားတာက ဗုဒ္ဓုပ္ပါဒ မြေကောင်းပေါ်မှာ ရောက်နေတဲ့ မနုဿတ္တ ဒုလ္လဘမျိုးစေ့လေ။

ဒါကြောင့် အောင်ပွဲရဲ့ ဒုတိယခြေလှမ်း ပတိ ရူပဒေသဝါသကို ရဲဝံ့ပြတ်သားစွာ ရွေးချယ်ကြပြီး ယှော်ရာကို ပြတ်ပြတ်သားသားစွန့်၊ တော်ရာကို လှုသား ပီပီ နေရဲကြဖို့ဟာ “သူကောင်း” ဖြစ်လိုသူတိုင်းအတွက် အရေးတကြီး ပြောင်းရွှေ့ရဲရမယ့် လှု့တာဝန်ကြီးတစ်ခု ပါ။ ဒုလ္လဘခေတ်ကောင်းတစ်ခုကို အချည်းနှီး ဖြုန်းတီး ပစ်မိပြီးမှ နောက်တစ်ကြိမ် ဒီလို အခွင့်ထူးရနိုင်ဖို့ ဆို

http://www.dhammadownload.com



တာက ဗြဟ္မာ့ပြည်က ကျလာတဲ့ အပ်တစ်စင်းနဲ့ လူ့ပြည်မှာ မတော်တဆ ထောင်လျက် ရှိနေတဲ့ အပ်တစ်စင်းတို့ ထိပ်တိုက်ဆုံမိဖို့ထက် ခဲယဉ်းတယ်လို့ ဘုရားရှင်က သတိပေးခဲ့ပါတယ်။

တချို့ကတော့ ဆင်ခြေပေးကြမှာပေါ့။ "တစ်ရွာပြောင်းခါမှ သူကောင်းမဖြစ်ဘဲ သေချင်တဲ့ကျားတောပြောင်းမိသလို ဖြစ်မသွားနိုင်ဘူးလား" လို့။ ဒါကတော့ ပထမခြေလှမ်းဖြစ်တဲ့ ဉာဏသမ္ပတ္တိခြေလှမ်းမှာ ထောင့်စေ့အောင် လှမ်းခဲ့ပြီးသူအတွက် ပြဿနာမဟုတ်ပါဘူး။ အသိဉာဏ် ဗဟုသုတကို ပုဗ္ဗေ ကတပုညမြောက်အောင် လေ့လာပြီးသူတွေအတွက် ပျော်ရာနဲ့ တော်ရာကို သေချာအောင် ခွဲခြားတတ်ကြရစမြဲပါ။

အဲ... ပုဗ္ဗေ ကတပုညမြောက်အောင် မလေ့လာဘဲ "ခရီးသာတွင် ရွာစဉ်မမှတ်မိ" ဆိုသလို လူမျိုးအတွက်တော့ "သူကောင်း" မဖြစ်ဘဲ "သူပြောင်း" ဘဝနဲ့ ရွာစဉ်လည်နေတတ်တာပေါ့။ သုံးသပ်မှုမပါတဲ့ ဆုံးဖြတ်ချက်မျိုးဟာ "ဆင်ကန်းတောတိုး" သလိုသာ ဖြစ်နေတတ်ကြတာက ဓမ္မတာပဲ မဟုတ်လား။

တချို့ကလည်း ကိုယ့်ညှံ့ဖျင်းမှု ဆင်သေကို မတောက်တခေါက် တရားဆိတ်ရေနဲ့ ဖုံးချင်တဲ့အတွက် "ဒါတွေဟာ သင်္ခါရတွေပါ၊ သေတော့ ကိုယ့်နောက်ပါမှာ မှတ်လို့၊ ရှိတာလေးနဲ့ ရောင့်ရဲပြီး တရားဓမ္မလေးနဲ့ နေတတ်ဖို့သာ အရေးကြီးပါတယ်" လို့။ ဟုတ်ကဲ့

http://www.dhammadownload.com



"ပစ္စည်းဥစ္စာပြည့်စုံသူမှသာ အချိန်တန်ရင် တရားဓမ္မနဲ့ အေးအေးနေနိုင်တယ်" လို့ ဘုရားရှင်ကိုယ်တိုင်က (အံ၊ စတုက္က အာနဏျသုတ်မှာ) **ဟောထားတာ** ရှိပါတယ်။ "မနိုင်လို့ သည်းခံ၊ မရှိလို့ ရောင့်ရဲ" ဆိုတာဟာ တရားမဟုတ်ပါဘူး။ "သတ္တိညံ့ဖျင်း ပျင်းရိခြင်းများက ရောင့်ရဲတင်းတိမ်ခြင်းရဲ့ အတုအယောင်အဖြစ်နဲ့ အဖိုးတန် ဒုလ္လဘတရားတွေကို လှည့်စားဖျက်ဆီးပစ်နေတယ်" လို့သာ မှတ်ချက်ချကြရပါလိမ့်မယ်။

ဘုရားရှင်ကလည်း ဒီလိုလူမျိုးများနဲ့ ပတ်သက်လို့...

'အရွယ်ရှိတုန်း မြင့်မြတ်တဲ့ တရားကိုလည်း မကျင့်သုံး (ဘုန်းကြီးလည်းမဟုတ်)၊ စီးပွားဥစ္စာကိုလည်း ရအောင် မရှာဖွေ (လူပီသအောင်လည်း မလုပ်) တဲ့ လူမိုက်ဟာ ငါးကုန် (ရေခန်း) နေပြီး ရွံ့ညွှန်ချောက်ပပ်ကြားအက်ဖြစ်နေတဲ့ ရေအိုင်ငယ်နားက အတောင်ကျွတ်ပြီး ဘယ်မှ မရွေ့ပြောင်းနိုင်တော့တဲ့ ကြိုးကြာအိုကြီးလို ကြမှိုင်ညည်းညူရင်း ဘဝကို အရှုံးပေးသွားရတယ်' လို့ သတိပေးခဲ့ပါတယ်။ (ဓမ္မပဒ၊ ၁၅၅-၁၅၆)

ဟုတ်ပါတယ်။ ဘဝရဲ့ နေခြည်တောက်ပချိန်မှာ ဘဝကို လှအောင် မဆင်နိုင်သူများအတွက် နေဝင်ဆည်းဆာချိန်ဟာ ရောင်စုံတိမ်ပန်းများနဲ့ လှပနေမှာမဟုတ်ဘဲ တိမ်ညိုတိမ်မှိုင်းများနဲ့ အုံ့ဆိုင်းမှုန်မှိုင်းပြီး

http://www.dhammadownload.com



အရုပ်ဆိုး အကျည်းတန်နေတတ်စမြဲ ဖြစ်ပါတယ်။

ဒုတိယ ခြေလှမ်း မှန်ကန်ရဲဝံ့ရေးနဲ့ ပတ်သက်လို့ ဇာတ်တော်များမှာလည်း ဖြစ်ရပ်တွေအမျိုးမျိုးနဲ့ ပြထားတဲ့ သာဓကတွေ အများကြီးပါ။ ကြာရွက်ပေါ်နေတဲ့ ဖားနဲ့ ခြသေ့ံဝတ္ထုတို့၊ ထွန်ရေးခဲထဲက ဘီလုံးငှက်က သိန်းငှက်ကို အနိုင်ယူတာတို့ဟာ ထင်ရှားတဲ့သာဓကတွေ ဖြစ်ပါတယ်။ ဘုရားရှင်တို့ ကိုယ်တော်တိုင် ပစ္စန္တရစ်မှာ ပွင့်တော်မမူဘဲ မဇ္ဈိမဒေသမှာသာ ပွင့်တော်မူတာဟာလည်း ဒုတိယခြေလှမ်းဖြစ်တဲ့ ပတိရူပ ဒေသဝါသကို အလေးအနက်ထားတဲ့ သဘောပါ။

သတိထား အသိပွားပြီး ဒုတိယခြေလှမ်းကို ရဲဝံ့စွာ လှမ်းနိုင်ကြပါစေ။

❑

http://www.dhammadownload.com

# အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၃)

"တောထဲမှာ ဒီအတိုင်းပစ်ထားတဲ့ သစ်မြစ်ကြီးတွေဟာ လွန်နဲ့ပိုင်း အရှောကိုင်ပြီး သဘာဝစားပွဲအဖြစ် ရောက်လာတော့ ငွေငါးထောင် တစ်သောင်းတန် သွားတယ်။ အဲဒါ သက်မဲ့ဥပမိရုပ်တို့ရဲ့ တန်ဖိုးပဲ"

## ၃။ ဥပမိသမ္ပတ္တိ

အောင်ပွဲရဲ့ တတိယခြေလှမ်း (ဝါ) သုံးခုမြောက် ပြည့်စုံရမယ့်အချက်ကတော့ "ဥပမိသမ္ပတ္တိ" ဖြစ်ပါတယ်။ ဥပမိဆိုတာ 'အထည်ကိုယ်၊ ရုပ်ဒြပ်ဝတ္ထု၊ လုည်းရထား၊ စက်ယန္တရားတို့ရဲ့ အစိတ်အပိုင်း' လို့ အဓိပ္ပာယ်ရပါတယ်။ လူတစ်ယောက်ကို "ဥပမိရုပ်ကောင်းတယ်" လို့ ပြောကြတာဟာ သူ့ရဲ့ခြေလက် အင်္ဂါအစိတ်အပိုင်းများ အချိုးအစား ကျနပြီး ရုပ်ခန္ဓာကိုယ်တစ်ခုလုံး ခံ့ညားထည်ဝါတာ၊ မြင်သူတိုင်း

http://www.dhammadownload.com



လေးစားလောက်တာ၊ သို့မဟုတ် မြင်ရသူတိုင်းရဲ့ စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့ ရုပ်ဒြပ်ဝတ္ထု ပြည့်စုံကောင်းမွန်တာတို့ကို သိမ်းကျုံးပြောဆိုတဲ့ စကားပါ။ အဲဒါကိုပဲ "ဥပမိသမ္ပတ္တိရှိတယ်" လို့လည်း ဆိုကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ ရုပ်အဆင်းတော်ကို တွေ့မြင်ရတဲ့အခါ ဆန့်ကျင်ဘက်ပြုနေကြသူ အထက်တန်းစား ပြဟ္မဏခေါင်းဆောင်ကြီးများ ကိုယ်တိုင် ဦးညွှတ်ခေါင်းစိုက်ဖြစ်သွားကြရတဲ့အထဲမှာ မြတ်ဗုဒ္ဓရဲ့ ဥပမိရုပ် (လက္ခဏာတော်ကြီး ၃၂ ပါးနဲ့ ပြည့်စုံမှု) ဟာ တစ်ကြောင်းအပါအဝင် ဖြစ်ပါတယ်။

ဥပမိရုပ်ဆိုတာ သက်ရှိမှာမှ မဟုတ်ပါဘူး။ သက်မဲ့များမှာလည်း အရေးကြီးပါတယ်။ တောထဲမှာ ဒီအတိုင်းပစ်ထားတဲ့ သစ်မြစ်ကြီးကို တူးယူပြီး လွှနဲ့ ပိုင်း၊ ခြေထောက်တပ်၊ အချောကိုင်ပြီးတဲ့အခါ သဘာဝစားပွဲအဖြစ်နဲ့ ငွေငါးထောင် တစ်သောင်းတန်သွားတယ်။ အဲဒါ သက်မဲ့ဥပမိရုပ်တို့ရဲ့ တန်ဖိုးပါပဲ။

ကမ္ဘာ့စီးပွားရေးနဲ့ ပတ်သက်ပြီး ဗဟုသုတရှိသူများ ပြောတာ ကြားဖူးတယ်။ 'စစ်နာလန်ထ ဂျပန်ပြည်ဟာ ကမ္ဘာ့စက်မှုနိုင်ငံကြီးတွေနဲ့ ပခုံးချင်းယှဉ်လာနိုင်အောင်အထိ တစ်ဟုန်ထိုး တိုးတက်လာတဲ့အထဲမှာ သူတို့ရဲ့ ဖွဲ့လုံ့လအပြင် ထုတ်လုပ်တဲ့ ပစ္စည်းတွေက တန်ဖိုးနည်း လှပဖြစ်အောင် ကြံဆောင်ထုတ်

http://www.dhammadownload.com



လုပ်နိုင်ခြင်းဟာ အဓိကအကြောင်းတစ်ခု ဖြစ်တယ်' တဲ့။ ဒါဟာ ရုပ်ပစ္စည်းကို ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံအောင် ထုတ်လုပ်နိုင်ခြင်းရဲ့ တန်ဖိုးပဲလို့ ဆိုရမှာပါ။

ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သေဋ္ဌိလကလည်း မိန့်ကြားဖူးတယ်။ အနောက်နိုင်ငံမှာ မြတ်ဗုဒ္ဓရဲ့ "စက္ခုနာ သံဝရော သာဓု = မျက်စိကို စောင့်ရှောက်နိုင်ခြင်းဟာ (ဒုက္ခငြိမ်းကြောင်း) ကောင်းမြတ်တဲ့အလုပ် ဖြစ်တယ်" ဆိုတဲ့ အကြောင်း ဟောတော့ လုပ်ငန်းရှင်ကြီးတစ်ဦးက "ဂေါတမမြတ်စွာဘုရားရဲ့ တရားတော်တွေဟာ တကယ်လက်တွေ့ကျတယ်။ ဒီနေ့ ဥရောပနဲ့ အမေရိကန် စားသုံးသူတွေဟာ မျက်စိကို မစောင့်စည်းနိုင်ကြတဲ့အတွက် သူတို့ရဲ့ ငွေကြေးတွေ အမြောက်အမြား ဒီဇိုင်းလှလှတွေရဲ့ ဖြားယောင်းသွေးဆောင်မှုနောက် ပါကုန်ကြတယ်။ အာရှရဲ့ စက်မှုနိုင်ငံငယ်လေးတွေဟာ ဒီဇိုင်းနဲ့ လှည့်စားပြီး စက်မှုနိုင်ငံကြီးတွေဆီက ငွေကြေးတွေကို သယ်ပြီး ကြီးပွားနေကြတာ" လို့ ပြောတယ်တဲ့။

သူပြောတဲ့အတိုင်း ဆိုရင်တော့ "လောကုတ္တရာချမ်းသာအတွက် မျက်စိကို စောင့်စည်းနိုင်ရင် ကောင်းတယ်၊ လောကီချမ်းသာအတွက် မျက်စိကို ဆွဲဆောင်နိုင်ရင် ကောင်းတယ်" လို့တောင် ဆိုရမလို ဖြစ်နေပြီ။ ဟုတ်ကလည်း ဟုတ်နေတာကိုး။

တစ်လောကဆီကမှ မိုးကုတ်က ဒကာကြီး

http://www.dhammadownload.com



ကျောင်းကို ရောက်လာတယ်။ သူတို့အရပ်မှာ ထုတ်လုပ်ပြီး ပေါင်ချိန်နဲ့ရောင်းတဲ့ မုန့်တစ်ထုပ်ရယ်၊ နိုင်ငံခြားဖြစ်တဲ့ မုန့်ပုံးတစ်ခုရယ် လှူစရာပါတယ်။ အဲဒီနေ့က ကျောင်းမှာ ပရိသတ်က များတာနဲ့ အားလုံးကို ဖောက်ပြီး ကပ်တယ်။ ပြည်တွင်းဖြစ်မုန့်က အနံ့အရသာ လတ်ဆတ်မှုနဲ့ ဂျုံစစ်မှန်တဲ့အတွက် မုန့်သားသိပ်သည်းမှုပါ အပြတ်အသတ် သာပါတယ်။ ဈေးနှုန်းကြည့်လိုက်တော့ အသားတင် အလေးချိန် မကွာလှတဲ့ နိုင်ငံခြားမုန့်ပုံးက တန်ဖိုး လေးဆကျော်ကျော်များနေတယ်။ 'ဘာဖြစ်လို့ ဈေးလည်းချို၊ ပိုပြီးတော့လည်း ကောင်းမွန်လတ်ဆတ်တဲ့ ကိုယ့်ပြည်တွင်းဖြစ်ကို မဝယ်လာဘဲ ပုံးမုန့်တွေ ဝယ်နေကြပါလိမ့်' ဆိုတော့ 'ရဟန်း သံဃာလှူဖို့၊ လူကြီးသူကြီး လက်ဆောင်ပေးဖို့ကျတော့ အမြင်ပကာသနချင်းက ကွာတယ်ဘုရား။ အကြောင်းသိသူတွေက မှာရင်သာ ပြည်တွင်းဖြစ်အထုပ်နဲ့မုန့်ကို ယူသွားတာ။ ဒီအတိုင်း လက်ဆောင်ပေးဖို့ကျတော့ မတန်မှန်း သိပေမယ့် မုန့်ပုံးကိုပဲ ဝယ်ရတာပဲ' တဲ့။

'အေးဗျာ၊ ကျုပ်တို့ မြန်မာတွေမှာ စစ်မှန်တဲ့ ကုန်ကြမ်းတွေလည်း ပေါတယ်။ ပညာရပ်လည်း အဆင့်မီတယ်။ အဆင့်မီတဲ့ ပစ္စည်းတွေလည်း ထုတ်လုပ်နိုင်လျက်နဲ့ ဈေးကွက် မတိုးတာ ဒါတွေပဲဗျ။ ဒါဟာ ဥပဓိသမ္ပတ္တိ ချို့တဲ့တယ် ခေါ်တာပဲ။ ဒါကို အကြောင်း

http://www.dhammadownload.com



တိုက်ဆိုင်တိုင်း ပြောကြည့်တယ်။ ခုဝယ် ခုစားပြီး အခွံကို လွှင့်ပစ်ရတာပဲ။ ဒါတွေအတွက် ဝယ်သူအပေါ် ဈေးပိုမတင်ချင်ဘူး' တဲ့။ သူတို့ပြောတဲ့ ဆင်ခြေက မှန်သင့်သလောက် မှန်ပေမယ့်၊ အဝေးကို သယ်ဆောင်ဖို့၊ အချိန်ကြာကြာခံဖို့၊ လက်ဆောင် မျက်နှာပန်းလှဖို့ အတွက် ကြည့်တဲ့ ဝယ်ယူသူများဘက်က ကြည့်ရင် ဒီဆင်ခြေဟာ မလုံလောက်ပါဘူး။

'ကျုပ်တို့ဆီ ရောက်လာတဲ့ စားသောက်စရာ ပစ္စည်းတွေ မှန်သမျှကတော့ ဥပမိရုပ်နဲ့ ပြစားသွားတာ တွေချည်း များပါတယ်ဗျာ။ တွက်ကြည့်ရင် ကိုယ့် ဈေးကွက်ရဲ့ အကြိုက်ကို ကိုယ်က ဖြည့်မပေးကြဘဲ ကွက်လပ်ကြီးထားနေလို့ သူများက နေရာယူသွား တာပဲ။ ရသွားသူအပေါ် မစ္ဆေရဖြစ်လို့ မဟုတ်ပါဘူး။ သိသိကြီးနဲ့ ကိုယ့်နိုင်ငံသားတွေ ခံနေရတာတော့ အတော်ကသိကအောက် ဖြစ်မိတယ်' ဆိုတော့–

'ဦးပဥ္စင်းက ဒီလောက် ထောင်ဂဏန်းကလေး နစ်နာတာကို ကြည့်ပြီး မချင့်မရဲ ဖြစ်နေတာလား။ ဒါက အသေးအမွှားပဲ ရှိသေးတယ် ဦးပဥ္စင်း။ ကျောက် မျက်ရတနာပညာမှာ အရိုင်းကို အယဉ်ဖြစ်အောင် သွေးဖို့အတွက် ခေါင်းရှာရတာ ချွန်း ဘယ်လိုထားမယ်၊ ဝန်းဘယ်လိုထားမယ်လို့ ရွေးချယ်ရတာဟာ ပညာသား အပါဆုံးပဲ။ တပည့်တော်တို့ လုပ်သက် သုံးလေးဆယ် ရှိပြီးသူတွေတောင် တစ်ခါတလေ တစ်ပတ် ဆယ်ရက်

http://www.dhammadownload.com



ခေါင်းစားရတယ်။ အဲဒီပညာမှာ မိုးကုတ်သားတွေက ဟိုဘက်နိုင်ငံသားတွေထက် အပြတ်သာတယ်။ အဲဒီမှာ အရိုင်းကနေ ချွန်းဝန်းတည့်အောင် မျက်နှာလှအောင် သွေးပြီးသားကို သူတို့က ဝယ်တာ။ ဒီက ပုဂ္ဂိုလ်များကလည်း ကိုယ့်ဘာသာကိုယ်တော့ တွက်ခြေကိုက်ပြီဆိုပြီး ရောင်းလိုက်ကြတာပဲ။ ဟိုမှာ ဘာလုပ်တယ်မှတ်သလဲ။ ဒီက ပညာကုန် ပုံဖော်သွေးပြီးသားကို သူတို့က ချောသည်ထက် ချောအောင်ရယ်၊ ဒီက လူတွေက ကလပ်ချိန်လျှော့မှာ ကြောက်လို့ ခပ်ပါးပါးလေး ပွတ်ထားတဲ့ အစွန်းအစောင်းလေးတွေကို ညှိတာရယ်၊ ဒါပဲလုပ်ပြီး ဟိုဘက်မှာ တစ်ဆင့် ပြန်ရောင်းတဲ့ အခါ သူတို့ပေးရတဲ့ သူတို့နိုင်ငံသုံး ငွေလောက် ပမာဏရှိတဲ့ ဒေါ်လာကို ရကြတာ။ သူတို့လုပ်ရတဲ့ အလုပ်က ပညာရှင်အလုပ် တစ်ခုမှ မဟုတ်ဘူး။ အလုပ်သမားအဆင့်ကလူ လုပ်တဲ့ အလုပ်၊ ရတော့ ဒီက ပညာရှင်ပိုင်ရှင်တွေရတဲ့ တန်ဖိုးထက် ဆယ်ဆမက ရသွားကြတာ။ ပညာရှင်အဆင့်ကို အလုပ်သမားအဆင့်က ခေါင်းပုံဖြတ်တာတောင် မဟုတ်ဘူး။ ခေါင်းခေါက်စားသွားတာဘုရာ့။ အဲဒါ ဒီကလူတွေကို ဘယ်လိုမှ ပြောလို့ မရဘူး။ ကလပ်ချိန်လျှော့မှာကိုပဲ တွန့်တိုနေကြတယ်။ သိပ်နာစရာ ကောင်းတာ’ လို့ ပြောပြပါတယ်။

ဒါတွေက ထုတ်လုပ်မှုနဲ့ ပတ်သက်တဲ့ ဥပမိသမ္ဗတ္တိ ချွတ်ယွင်းချက်များရဲ့ သာဓကအချို့ပါ။ ရောင်း

http://www.dhammadownload.com



ချခြင်းနဲ့ ပတ်သက်တဲ့ ဥပမိချွတ်ယွင်းမှုတွေကလည်း ရှိပါသေးတယ်။

နိုင်ငံခြားနဲ့ ဖက်စပ်စီးပွားရေး လုပ်ကိုင်နေသူ တစ်ဦးရဲ့ ကိုယ်တွေ့ပြောပြချက် တစ်ခုလည်း ရှိသေးတယ်။ သူနဲ့ ဖက်စပ်လုပ်တဲ့ နိုင်ငံခြားသားတွေ မြန်မာပြည်လာတော့ သူ့အိမ်မှာ မြန်မာရိုးရာ မုန့်ဟင်းခါးတို့၊ နန်းကြီးသုပ်တို့၊ မုန့်လက်ကောက်တို့နဲ့ တစ်နေ့ တစ်မျိုးလုပ်ပြီး ဧည့်ခံကျွေးမွေးတဲ့အခါ ဧည့်သည်များက "မြန်မာ့အစားအစာ တော်တော်များများဟာ အလွန် အရသာရှိပါတယ်။ မြို့ထဲက လမ်းတွေမှာ ရောင်းနေတာ တွေ့ရလို့ ဝယ်စားဖို့ သွားကြည့်တဲ့အခါ ယင်ကောင်တို့ ဖုန်မှုန့်တို့ကို လုံခြုံအောင် ကာကွယ်မထားတဲ့အတွက် စားဖို့ မရဲဘူး" လို့ ပြောပါသတဲ့။ နောက်တစ်ဦးကတော့ မုန့်ဟင်းခါးစားရတာ အရသာရှိလို့ မြို့ထဲမှာ ဝယ်စားမိတယ်။ Date လွန်နေတာ ကြောင့်ပဲလား၊ အိုးခွက် မသန့်လို့ဘဲလားတော့ မသိဘူး။ ဝမ်းတွေသွားလို့ တစ်ခါတည်း လန့်သွားသတဲ့။ ဒါတွေအားလုံးဟာ ဥပမိရုပ် ချွတ်ယွင်းမှုထဲမှာ အကျုံးဝင်ပါတယ်။

ဥပမိရုပ်ဆိုတဲ့ အထဲမှာ လုပ်ငန်းအတွက် လိုအပ်တဲ့ အစိတ်အပိုင်းနဲ့ အထောက်အကူ ပစ္စည်းများလည်း ပါဝင်ပါတယ်။ တစ်ခါက ကားအသွားအလာနည်းတဲ့ လမ်းခရီးကို ကားလေးနဲ့ သွားရဖူးတယ်။ လူနေမြို့ရွာ

http://www.dhammadownload.com



နဲ့ မနီးလှတဲ့ လမ်းခရီးတစ်နေရာမှာ ကုန်ကားတစ်စီး ရပ်နေတယ်။ မိမိတို့ကားကို တွေ့တော့ လက်ပြထားတယ်။ သောက်ရေနဲ့ စားစရာပါရင် ကူညီခဲ့ဖို့ တောင်းတာပေါ့။ အကျိုးအကြောင်း မေးကြည့်တော့ အရင်နေ့ ညနေကတည်းက ကားပျက်နေလို့တဲ့ ပြင်မယ်လုပ်တော့မှ လိုအပ်တဲ့ခွတစ်ခု ပါမလာလို့တဲ့။ ကားကြီး နှစ်စီး သုံးစီးလောက် ဖြတ်သွားပြီးပြီ။ သူတို့ကလည်း ခရီးဝေးသွားကြမယ့် ကားတွေ ဆိုတော့ ကားပြင်ပြီးတဲ့ အထိလည်း စောင့်မနေနိုင်၊ ခရီးဝေးသွားရမှာမို့ ပစ္စည်းကလည်း အပိုမပါတဲ့အတွက် မထားခဲ့နိုင်ကြဘူး။ ပါလာတဲ့ရေဘူးနဲ့ စားစရာအချို့ပဲ ပေးသွားကြသတဲ့။

ဥပမိသမ္ပတ္တိ ဆိုတာ အခုပြောခဲ့တဲ့ ချွတ်ယွင်းချက်၊ အားနည်းချက်တွေကင်းတဲ့ ပြည့်စုံမှု ရှိရမယ်လို့ ဆိုတာပါ။ ခိုင်မာစစ်မှန်တဲ့ ရည်ရွယ်ချက် ဆိုတာ ခြေလှမ်း တစ်လှမ်းချင်းလည်း ကွက်ကျော် မလှမ်းရပါဘူး။ ထိုက်တန်တဲ့ လုပ်ဆောင်ချက်များနဲ့လည်း အကောင်အထည် ဖော်ရပါတယ်။ ဒါမှသာ ကိုယ်တိုင် အသိရှိတဲ့ တကယ့် ရည်မှန်းချက်အစစ်လို့ ဆိုနိုင်မှာပါ။ ထိုက်တန်တဲ့ လုပ်ဆောင်မှုနဲ့ အကောင်အထည်မဖော်နိုင်တဲ့ ရည်မှန်းချက် ဆိုတာ တကယ့်ခိုင်မာတဲ့ ရည်မှန်းချက်မျိုး မဟုတ်ပါဘူး။ ကယောင်ကတမ်း ထအော်နေတဲ့ ကြားဖူးနားဝ မတောက်တခေါက် ရည်မှန်းချက်မျိုးသာ ဖြစ်ပါလိမ့်မယ်။ “မတောက်တခေါက်

http://www.dhammadownload.com



မလုပ်နဲ့" ဆိုတဲ့ ရှေးလူကြီးစကားဟာ ဒါမျိုးကို ဆုံးမခဲ့တဲ့ သဘောလို့ ထင်ပါတယ်။

"အမြင်မတော် ဆင်တော်နဲ့ ခလောက်။ လှော်ကားဝန်တင်လို့၊ လူရိုင်းကို စလွယ်သိုင်းတယ်..." ဆိုတဲ့ ဆုံးမစကားဟာလည်း ဥပမိသမ္ပတ္တိ ချွတ်ယွင်းချက်များကို ထောက်ပြတဲ့ သဘောပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီး ဒီလောကထိ သက်တမ်းရှည်ကြာအောင် တည်တံ့ခိုင်မြဲနေရတဲ့ အကြောင်းတရားတွေထဲမှာ သာသနာ့ဝန်ထမ်းများရဲ့ပုံသဏ္ဌာန်၊ စားဝတ်နေမှု၊ သွားလာမှု စတဲ့ ဥပမိ သမ္ပတ္တိတရားကို စနစ်တကျ ချမှတ်ထားခဲ့ခြင်း (ဝိနည်းစည်းကမ်း) ဟာ အဓိက အသက်သွေးကြောဖြစ်ပါတယ်။ "ဝိနယောနာမ သာသနာဿ အာယု = ဝိနည်းစည်းကမ်းဟာ သာသနာ့အသက်" ဆိုတာ ဒါကို ပြောတာပါ။ ဒါ့ကြောင့် ဥပမိ သမ္ပတ္တိဆိုတာ စိတ်ဓာတ်၊ စည်းကမ်း၊ သတိ၊ ဖွဲလုံ့လ၊ ပညာ အမြော်အမြင်တို့နဲ့ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်တဲ့ အတ္တသမ္မာပဏိဓိ မင်္ဂလာနဲ့ သမ္ပတ္တိစက်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။

တတိယခြေလှမ်းကို စနစ်တကျ လှမ်းပြီး အောင်ပွဲကို ဆောင်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

## အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၄)

ပါရမီတော်ပြည့်လို့ ဉာဏသမ္ပတ္တိ အခြေခံ လုံလောက်တဲ့ ဘုရားအလောင်းတော်တို့ နောက်ဆုံးဘဝ ပဋိသန္ဓေယူခါနီးမှာ ကြည့် ခြင်းကြီးငါးပါးနဲ့ ကြည့်ရှုတယ်ဆိုတာ လူတို့ သက်တမ်းကာလနဲ့ အမိရဲ့ အသက်အပိုင်း အခြား ဆိုတဲ့ ကာလသမ္ပတ္တိ၊ ဇမ္ဗူဒိပ်ကျွန်း နဲ့ မဇ္ဈိမဒေသ ဆိုတဲ့ ဂတိသမ္ပတ္တိ၊ အမျိုး အနွယ် ဆိုတဲ့ ဥပဓိသမ္ပတ္တိတို့ကို အလေး အနက်ထားတဲ့ သဘောပါပဲ။

### ၄။ ကာလသမ္ပတ္တိ

အောင်မြင်ရေးရဲ့ စတုတ္ထခြေလှမ်း (ဝါ) လေးခုမြောက် ပြည့်စုံရမယ့် အချက်ကတော့ အချိန်အခါရဲ့ပြည့်စုံမှု ကာလသမ္ပတ္တိ ဖြစ်ပါတယ်။ ကာလသမ္ပတ္တိရဲ့ အကျိုးနဲ့

http://www.dhammadownload.com



ကာလဝိပ္ပတ္တိရဲ့ အပြစ်တို့ကို မြန်မာလူမျိုးများအနေနဲ့ အတော် အလေးထားခဲ့တယ် ဆိုတာ "မိုးရွာတုန်း ရေခံ၊ လသာတုန်း ဗိုင်းငင်၊ နေမညိုမီ ခရီးတွင်၊ မိုးလွန်မှ ထွန်ချမလုပ်နဲ့၊ လူမိုက်နောက်မှ အကြံရ မဖြစ်စေနဲ့" စတဲ့ စကားပုံများကို ကြည့်ရင် သိသာပါတယ်။

မြတ်စွာဘုရားရှင် နေ့ဆွမ်း ဘုဉ်းပေးပြီးချိန်တိုင်းမှာ ရဟန်းတော်တို့ကို နေ့စဉ် ဆုံးမလေ့ရှိတဲ့ ဒုလ္လဘတရား ငါးပါးဆိုတာလည်း ကာလသမ္ပတ္တိရဲ့ ရခဲ ကြုံခဲတဲ့သဘောကို အလေးအနက် သတိပေးနေခြင်းပါ။ မှန်ပါတယ်။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ဆိုတဲ့ ကာလသမ္ပတ္တိတစ်ခု ချွတ်ချော်သွားခဲ့ရင် ပါရမီရင့် ဉာဏ်ရည်မြင့်သူများ ဖြစ်ပြီး လူ့ဘုံမှာ ဖြစ်ရပေမယ့် ရပ်ပြစ်ရှစ်ပါးထဲမှာ ပါဝင်တဲ့အတွက် မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီး ဖြစ်သွားပါတယ်။

ကာလသမ္ပတ္တိနဲ့ ပတ်သက်လို့ ချိန်သင့်ခါကိုက် ဖြစ်ဖို့ ဆိုတာ မျှတတဲ့ လုံ့လဝီရိယမျိုး ရှိစေသင့်တယ်လို့ အဋ္ဌကထာဆရာက ထောက်ပြပါတယ်။ လုံ့လလွန် (ဆန္ဒစော) လွန်းရင် ခေါင်းအေးအေး စဉ်းစားမယ် ဆိုတဲ့ သမာဓိပျက်တတ်သလို ခေါင်းအေးလွန်းတဲ့ သမာဓိ လွန်ကဲလွန်းပြန်ရင်လည်း လုံ့လ ချွတ်ယွင်းပြီး ချိန်သင့်ခါကိုက် ကာလသမ္ပတ္တိဖြစ်မှုကို ထိခိုက်စေတတ်ပါတယ်။ အထူးသဖြင့်တော့ "ဘကြီး စိတ်လာ ပျိုးတစ်ရာ" ဆိုတဲ့ လုံ့လမျိုးဟာ ကာလ

http://www.dhammadownload.com



သမ္ဗုဒ္ဓိကို အလေးအနက်ထားမှု ပျက်ကွက်တတ်ပါတယ်။

မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက ရဟန်းတစ်ပါးဟာ အချိန်အခါကို အလေးမထားတတ်ဘူး။ သူများ တရားအားထုတ်ချိန် အိပ်ချင် အိပ်နေမယ်၊ ညဥ့်သန်းခေါင် တခြားရဟန်းတွေ အိပ်စက်နားနေချိန်မှာ အော်ကျယ် အော်ကျယ်နဲ့ ရွတ်ဖတ်ချင် ရွတ်ဖတ်နေတတ်တယ်။ အနှောင့်အယှက် ဖြစ်လွန်းအားကြီးတော့ တခြားရဟန်းတွေက ဘုရားရှင်ကို လျှောက်ထားတဲ့အခါ "ဟိုး အတိတ်ဘဝ ကြက်ဖြစ်ခဲ့စဥ်ကလည်း ဒီရဟန်းဟာ ဒီလိုပဲ" တဲ့။

ဆရာကြီးတစ်ဦးထံမှာ မန္တန်သင်နေကြတဲ့ တပည့်တွေက ညဥ့်အခါမှာ ကြက်တွန်သံကို အမှတ်ပြုပြီး မန္တန်ရွတ်ဖတ်ကြတယ်။ အချိန်မှန်မှန် တွန်နေကျ ကြက်ကြီး သေဆုံးသွားတော့ သုသာန်ကုန်းတောထဲမှာ တစ်ကောင်ကြက်ဖြစ်နေတဲ့ သင်းကွဲကြက်တစ်ကောင်ကို ဖမ်းခေါ်ပြီး အိမ်မှာ မွေးထားလိုက်ကြတယ်။ ကြက်က စိတ်ကူးမိသလို ထထ တွန်နေတော့ စောလွန်းတဲ့အခါ စော၊ နောက်ကျလွန်းတဲ့အခါ နောက်ကျနဲ့ အလုပ်ပျက် အအိပ်ပျက်ဖြစ်ပြီး မန္တန်တွေ မေ့လိုမေ့၊ ပျောက်လိုပျောက် ဖြစ်ကုန်ကြလို့ တပည့်တွေက ကြက်ကို လည်လိမ်ချိုးပစ်လိုက်ကြပြီး ဆရာကြီးကို အကျိုးအကြောင်းပြောပြတဲ့အခါ ဆရာကြီးက–

http://www.dhammadownload.com



"မိဘ ဆရာသမားတို့နဲ့ မနေခဲ့ရဘဲ အမျိုး အနွယ်ရဲ့ ဓလေ့စရိုက်ကို မသင်ကြား မနာယူ ခဲ့ရတဲ့အတွက် အချိန်ကာလကို နားမလည် တော့ ကာလသမ္မတ္တိ ချို့တဲ့ရရှာတယ်" လို့ မှတ်ချက်ချပါတယ်။

(ဇာတက၊ ၄၊ ၁၊ ၄၆၁၊ အကာလဝါရိဇာတ်)

ဒါမျိုးတွေဟာ အခုခေတ်မှာလည်း ရှိနေတာ ပါပဲ။ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိ စာသင် တိုက်မှာ စာသင်သားတစ်ပါးက နေ့ခင်း သူများတွေ အိပ်စက်နားနေချိန်မှာ စာကို အော်အော်ပြီး ကျက်နေ တယ်။ သူ့ဆန္ဒကတော့ သူများတွေ အိပ်နေပေမယ့် သူက စာအံတယ်လို့ ဆရာတော်ကြီး သိစေချင်ပုံ ရပါ တယ်။ ဆရာတော်ကျောင်းနဲ့ မနီးမဝေးမှာ လာအော် ကျက်နေတာ၊ ဆရာတော်ကြီးက ချက်ချင်း အခေါ် ခိုင်းပြီး "မင်း အလုပ်လုပ်နေတာလား၊ အလုပ်ဖျက် နေတာလား ဆိုတာ ခွဲခြားတတ်ရဲ့လား။ သူများတွေ နားနေချိန်မှာ အနှောင့်အယှက်ပေးတာဟာ အားလုံးကို အလုပ်ပျက်စေတတ်တယ်။ အိပ်ချိန်မှာ အအိပ်ပျက် တော့ အလုပ်လုပ်ရမယ့် အချိန်ကျ ငိုက်နေကြရော၊ အဲဒါ အလုပ်လုပ်တာ မခေါ်ဘူး။ အလုပ်ပျက်အောင် အလုပ်ရှုပ်နေတာ ခေါ်တယ်။ နောက် ဒါမျိုး မလုပ် ပါနဲ့" လို့ ဆုံးမလိုက်ပါတယ်။

http://www.dhammadownload.com



ဆရာတော် အရှင်သေဋ္ဌိလရဲ့ နိုင်ငံခြားမှာ ဟောကြား ဖြေကြားခဲ့ရတဲ့ တရားပေါင်းချုပ် "ဗုဒ္ဓရဲ့ အဆုံးအမ အနှစ်ချုပ်" စာအုပ်ထဲမှာလည်း ဒီသဘောမျိုးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခု တွေ့လိုက်မိတယ်။ "ဗုဒ္ဓဘာသာ ကမ္မဝါဒအရ ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်လို့ ဆိုတယ်။ သူ (အဲဒီမေးခွန်းမေးသူ) ဟာ ညအခါမှာ အသံကျယ်ကျယ်နဲ့ ဘုရားဝတ်ပြုမိတဲ့အတွက် အခန်းနားနီးချင်းတွေက ဝိုင်းပြီး ရန်လုပ်ကြတယ်။ အဲဒါ ဗုဒ္ဓဘာသာအလိုအရ ဘယ်လို ဖြေရှင်းပြမလဲ" ဆိုတဲ့ သဘောမျိုးနဲ့ လူတစ်ယောက်က မေးတာပါ။ ဆရာတော်ကြီးက လောကရဲ့ ဖြစ်တတ်တဲ့ သဘာဝတွေနဲ့ ရှင်းပြ ဖြေဆိုထားပါတယ်။ (လိုရင်းတော့ သိပ်မရောက်လှဘူး) အမှန်ကတော့ ကာလသမ္ပတ္တိချို့တဲ့လို့၊ ကာလဝိပ္ပတ္တိဖြစ်နေလို့ ဆန့်ကျင်ဘက်အကျိုး ထင်တာပါ။

ဟုတ်ပါတယ်။ သီလက္ခန္ဓ ပါဠိတော်မှာ သမ္ဖပလာပ ကင်းစင်ရေးနဲ့ ပတ်သက်ပြီး ဘုရားရှင်က "အပြစ်ကင်းခြင်း၊ ဟုတ်မှန်ခြင်း၊ ဟုတ်မှန်ကျိုးရှိခြင်း စတဲ့ အင်္ဂါရပ်များနဲ့ ပြည့်စုံရမှာ ဖြစ်သလို အချိန်အခါနဲ့ ကိုက်ညီရမယ်၊ အဆုံးသတ်ချိန်မှာ ပြီးဆုံးစေရမယ်" လို့ ဟောထားပါတယ်။ (ဒီ ၁-၄) ဟုတ်မှန်အကျိုးရှိတဲ့ စကားပင် ဖြစ်ပေမယ့် အချိန်ကာလနဲ့ မကိုက်ညီရင် "သမ္ဖပလာပ = အချည်းနှီးစကား"

http://www.dhammadownload.com



ဖြစ်သွားမယ်လို့ ဆိုလိုတာပါ။ သူများတွေ အိပ်စက်နားနေချိန်ရောက်မှ မေတ္တာပို့တွေ အကျယ်ကြီးအော်ပြီး ပို့တဲ့အခါ အိမ်နီး အခန်းနီးနားချင်းတွေအတွက် မေတ္တာတွေ ရောက်မလာဘဲ ဒေါသကို နှိုးဆွနေတဲ့ အသံတွေ ရောက်လာတာဟာလည်း ဒီသဘောပါပဲ။ အထူးသတိထား အသိပွားရမယ့်အချက်ပါ။

တောတွင်း တိရစ္ဆာန်များနဲ့ ပတ်သက်တဲ့ စကားပုံ တစ်ခုလည်း ရှိပါတယ်။ တိရစ္ဆာန်တို့ရဲ့ ဓလေ့စရိုက်အလိုက်၊ နံနက်ချိန် အစာရှာတဲ့ သတ္တဝါ၊ နေ့လယ်ချိန် အစာရှာတဲ့ သတ္တဝါ၊ ညနေချိန် အစာရှာတဲ့ သတ္တဝါ (ညအချိန် အစာရှာတဲ့ သတ္တဝါလည်း ရှိပါတယ်) တို့ကို ခွဲခြား သိထားရမှာဖြစ်ပြီး နေကြောင့်ကျရောက်တဲ့ 'အရိပ်' သုံးမျိုးကို ခွဲခြား နားလည်ထားရမယ်။ အထူးသဖြင့်တော့ ကျားများဟာ နံနက်ပိုင်းမှာ အိပ်နေလေ့ရှိပြီး ညနေပိုင်း၊ ညပိုင်းမှာ အစာရှာလေ့ ရှိပါသတဲ့။ "အရိပ်သုံးပါး နားမလည်၊ ချေသူငယ် ကျားစာဖြစ်" ဆိုတာ ဒီသဘောပြောတာပါ။ ကာလဝိပ္ပတ္တိရဲ့ ဆိုးပြစ်ကို ထောက်ပြဆုံးမတဲ့ စကားပါပဲ။

ကိုယ်တွေ့မျက်မြင် ဖြစ်ရပ်ဆိုး တစ်ခုလည်း ကြုံဖူးတယ်။ တောင်စွန်းမှာ ဝါးလှည်းကို ကိုယ့်အိမ်ရှေ့လမ်းပေါ်မှာ ဒီအတိုင်း ရပ်ထားတာ ညပိုင်းရောက်တော့ အရှိန်နဲ့ နင်းလာတဲ့ စက်ဘီးသမားက ဝင်ပြီး

http://www.dhammadownload.com



တိုက်မိတာ မျက်လုံးတစ်ဖက် ပေါက်ထွက်သွားတယ်။ ညအခါ လမ်းသွားလမ်းလာတို့ရဲ့ အန္တရာယ်ကို ထည့်မစဉ်းစားတဲ့ လှည်းရှင်ကလည်း တာဝန်မဲ့သလို၊ မီးမပါတဲ့ စက်ဘီးကို ညကြီးမင်းကြီး အမြန်နင်းသူကလည်း ကြမ္မာငင်တာပါပဲ။ နှစ်ဦးစလုံး ကာလသမပ္ပတ္တိ ချို့တဲ့ကြတဲ့ ဆိုးပြစ်အဖြစ် စက်ဘီးသမား မျက်လုံးတစ်ဖက် ဆုံးပါလေရော။ ဒါမျိုးတွေကလည်း အများကြီးပဲ။ ဈေးဖွင့်ချိန် ကားအသွားအလာ ရှုပ်ချိန်မှာ စက်ဘီး ဆိုင်ကယ် ကားတို့ကို မလွတ်မလပ် ရပ်ထားပြီး ကွမ်းယာဝယ်ရင်း စကားလက်ဆုံကျနေလို့ ကားသွားကားလာတွေ ဒုက္ခများကြတာလည်း အရပ်တိုင်းမှာလိုလို ကြုံနေရတဲ့ ကာလသမ္ပတ္တိ ဒုက္ခကြီးတစ်ခုလို ဖြစ်နေပြီ။

တခြားနိုင်ငံတွေ မရောက်ဖူးလို့ အတိအကျတော့ မပြောနိုင်ပါဘူး၊ ရောက်ဖူးသူတွေရဲ့ နှိုင်းယှဉ်သုံးသပ်ချက်အရတော့ မြန်မာလူမျိုးများဟာ ကာလသမ္ပတ္တိ၊ ကာလဝိပ္ပတ္တိ ခွဲခြားနားလည်မှု (နားလည်ပေမယ့် လိုက်နာကျင့်သုံးမှု မရှိတာလည်း ဖြစ်နိုင်ပါတယ်) အနည်းပါးဆုံးလို့ ဆိုကြပါတယ်။ ဟောပြောပွဲတစ်ခုမှာ ဆရာထက်ခေါင်က "မြန်မာလူမျိုးတွေမှာ အရွယ်ရောက်ပြီးသူ အများစုက နာရီပတ်ထားကြတယ်။ အချိန်ကိုတော့ တစ်ယောက်မှ မလေးစားကြပါဘူး။ အဲ... ပင်ကိုသဘော မရှိင်းကြတဲ့အတွက်

http://www.dhammadownload.com



အချိန်ကို သိချင်ရင်တော့ ဘယ်သူ့ကိုပဲ မေးမေး သိပ်မရိုင်းကြဘူး၊ ဖြေတယ်။ ဒါကြောင့် သူတော့ နာရီ လုံးဝ ပတ်မထားပါဘူး" တဲ့။

ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသားကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ဆိုတာ ကိုယ့်အမျိုးသား အားလုံးက ပတ်ဝန်းကျင်ကို ကမ္ဘာကြည့် ကြည့်တတ်ရမှာ ဖြစ်သလို ကိုယ်ကိုယ်တိုင်ကလည်း ကမ္ဘာကြည့် အကြည့်ခံနိုင်တဲ့ စံနှုန်းများနဲ့ ကိုက်ညီအောင် ပြုမူနေထိုင်ကြဖို့ ပထမဆုံး အလေးထားရပါလိမ့်မယ်။ ကမ္ဘာကို မကြည့်တတ်ဘဲ ကမ္ဘာထိအောင် လှမ်းယှဉ်ဖို့ ဆိုတာကတော့ စိတ်ရူးပေါက်တဲ့ စိတ်ကူးလို့သာ ပြောရတော့မှာပဲ။ ကမ္ဘာကြည့်ကြည့်၊ ကမ္ဘာကို သိပြီး ကမ္ဘာကို တု၊ ကမ္ဘာလို ပြုနိုင်မှသာ ကမ္ဘာထိအောင် လှမ်းယှဉ်နိုင်ကြမှာပါ။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို ဖျက်ရမှာ မဟုတ်ပါဘူး။ အလိုက်ကမ်းဆိုးမသိ၊ အချိန်အခါ နေရာဒေသကို ခွဲခြားနားလည်ရမှန်းမသိ၊ သူတစ်ပါး အလုပ်ပျက်အောင် အလုပ်ရှုပ်တတ်တဲ့ အကျင့်တွေကို ပြုပြင်ကြဖို့ ပြောလိုတာပါ။

ခုထိ ဆရာမြို့မငြိမ်းရဲ့ "ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်" ဆိုတဲ့ သီချင်းစာသားလေးကို ကြားရတိုင်း သီချင်းဆရာကို အားနာနေရဆဲ ဖြစ်သလို "ဝသန်ကာလ မိုးကျတည့်လျှင်"၊ "နွေဦးကာလ မြူထသောအခါ" စတဲ့ ကာလသမ္ဘတ္တိ တျာချင်းများကို ရေးဖွဲ့ပြီး

http://www.dhammadownload.com



အခြေခံလူတန်းစားတို့ကို အလေးထားခဲ့သူ ဝန်ကြီးပဒေသရာဇာကိုလည်း ဘယ်လိုများ ကျေးဇူးတုံ့ပြန်ရပါ့မလဲ ဆိုတာ အဖြေရှာလို့ မရသေးပါဘူး။ "တစ်ယောက်ကာစ တစ်ရာ" ဆိုသလို လူတစ်ဦးချင်း စီကစပြီး တစ်မျိုးသားလုံးအထိ အလေးထား ပြုပြင်ကြဖို့အတွက် စီမံကိန်းချပြီးတော့ကို ဆောင်ရွက်ရမယ့် ပြဿနာကြီးတစ်ခုလို့တော့ သဘောပေါက်မိပါတယ်။ သတိထား အသိပွားကြဖို့ပါ။

ကာလသမ္ပတ္တိ ခြေလှမ်းကို အလေးထား လှမ်းနိုင်ကြပြီး ရည်မှန်းချက်အောင်ပွဲကို ဆင်နွှဲနိုင်ကြပါစေသော။

❑

http://www.dhammadownload.com

# အောင်ပွဲဆင်တဲ့ ခြေလှမ်းများ (၅)

"ကျိုးရှိမှန်ကန်တဲ့ အားထုတ်မှု ဆိုတာ အလုပ်လုပ်နေတာမျှကို ဆိုလိုတာ မဟုတ်ဘူး။ လုပ်သင့်တာကို လုပ်ကိုင်အားထုတ်သလို မလုပ်သင့်တာကို မလုပ်မိအောင် အားထုတ်ခြင်းမျိုးကို ဆိုလိုတာပါ"

အောင်ပွဲဆင်တဲ့ နောက်ဆုံး ပန်းဝင်ခြေလှမ်းက "ပယောဂသမ္ပတ္တိ" လို့ ခေါ်တဲ့ "ကိုယ်၊ နှုတ်၊ စိတ်တို့နဲ့ လိုအပ်သလို သရုပ်ဆောင် ပုံဖော်လုပ်ကိုင်မှုနဲ့ ပြည့်စုံခြင်း" ဖြစ်ပါတယ်။

လက်ဆင့်ကမ်း ပြေးပွဲတစ်ခုမှာ နောက်ဆုံး ပန်းဝင်မယ့်သူ ချွတ်ချော်ခဲ့ရင် ရှေ့လူတွေ ကြိုးစားအားထုတ်သမျှ အချည်းနှီး ဖြစ်သွားစေနိုင်သလိုပါပဲ။ အောင်ပွဲခြေလှမ်းတွေမှာ ပယောဂသမ္ပတ္တိ ဆိုတာ ပန်းဝင်ခြေလှမ်းဖြစ်ဖို့ အရေးအကြီးဆုံး ခြေလှမ်းပဲ

http://www.dhammadownload.com



ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုလုံးရဲ့ အောင်မြင်မှုနဲ့ ဆုံးရှုံးမှုကို ဒီခြေလှမ်းက အဆုံးအဖြတ်ပေးမှာပါ။

"ပယောဂ" ဆိုတဲ့ ပါဠိစကားလုံးဟာ "ထကြွလုံ့လ ပယောဂ" ဆိုပြီး အတွဲလိုက် အသုံးများနေပြီဖြစ်လို့ မြန်မာတို့နဲ့ ရင်းနှီးပြီးသား စကားလုံးပါပဲ။ "အားထုတ်ခြင်း" လို့ အဓိပ္ပာယ်ရပါတယ်။ သူ့ကို "သမ္မတ္တိ" ဆိုတဲ့ ပုဒ်နဲ့ တွဲလိုက်တဲ့ အခါမှာတော့ သာမန် "အလုပ်လုပ်ခြင်း၊ အားထုတ်နေခြင်း" ဆိုတဲ့ အဓိပ္ပာယ် မဟုတ်တော့ပါဘူး။ "ကျိုးရှိ မှန်ကန်တဲ့ အားထုတ်မှု" လို့ အဓိပ္ပာယ်ရပါတယ်။

ကျိုးရှိ မှန်ကန်တဲ့ အားထုတ်မှု ဆိုတာ လုပ်သင့်တာကို လုပ်ကိုင်အားထုတ်ရသလို၊ မလုပ်သင့်တာကိုလည်း မလုပ်မိအောင် အားထုတ်နေထိုင်ခြင်းကို ဆိုလိုတာပါ။

လုပ်သင့်တဲ့ အလုပ်ဆိုတာ ရှင်ရဟန်းလည်း ရှင်ရဟန်းအလျောက်၊ လူလည်း လူအလျောက်၊ တောင်သူက တောင်သူအလျောက်၊ ကုန်သည်က ကုန်သည်အလျောက်၊ တတ်သိပညာရှင်များကလည်း တတ်သိပညာရှင်အလျောက် ကျိုးရှိ မှန်ကန်တဲ့ အလုပ်မျိုးလည်း ဖြစ်၊ မလုပ်မီက ကြိုတင်ရှိထားရမယ့် ရှေ့ခြေလှမ်းလေးခုလုံးနဲ့လည်း ကိုယ်တိုင် ပြည့်စုံအောင် လှမ်းခဲ့ပြီး ဖြစ်တဲ့ အလုပ်မျိုး ဖြစ်ရမှာပါ။

မလုပ်သင့်တဲ့ အလုပ်များကတော့ လောက

http://www.dhammadownload.com



စည်းကမ်း၊ ဓမ္မစည်းကမ်းများအရ "မလုပ်ရ" လို့ တားမြစ်ထားတဲ့ အလုပ်မျိုး၊ ကိုယ်နဲ့ မဆိုင်တဲ့ အလုပ်မျိုးနဲ့ ကိုယ်တိုင် ရှေ့ခြေလှမ်း လေးခုနဲ့ အညီ ပြည့်စုံအောင် လှမ်းခဲ့ပြီး မဟုတ်တဲ့ အလုပ်မျိုး ဖြစ်ပါတယ်။

ဒီ အောင်ပွဲခြေလှမ်း ငါးလှမ်းနဲ့ ပတ်သက်လို့ ခြုံငုံ သဘောပေါက်စေဖို့အတွက် မဃဒေဝ လင်္ကာ အပိုဒ် ၂၄၅ မှာ ပါတဲ့ စကားအချို့ကိုလည်း မူရင်းစာအုပ် မရှိသူများ အလွယ်တကူမှတ်ရအောင် ကူးယူဖော်ပြချင်ပါတယ်။

"ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊
အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊
သုခပွားရန်၊ ဤလူ့ဌာန်နိုက်၊ ဉာဏ်ဝီရိယ၊
ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊
နှိုင်းဆအပ်တုံ၊ ကံကို ယုံ၍၊ မီးပုံအတွင်း၊
မဆင်းထိုက်စွာ၊ ကျားရဲရာ (ကျားရှေ့ အရဲကိုးရာ) လည်း၊ ကြမ္မာအကြောင်း၊ မရိုး
ကောင်းရှင့်၊ သူဟောင်းရှေ့က၊ ဆိုကုန်
ကြ၏။
လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊
ကံတစ်ကြောင်းမျှ၊ မကောင်းလည်း ကံ၊
ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုး
ရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့် မသင့်ကို၊
အခွင့်ရှု၍၊ မပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါ

http://www.dhammadownload.com



လက်တွင်း၊ ရောက်လျှင်း တုံကြား၊ သုံး
ကောင် ငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူ
စွဲလော့၊ ကံမွဲဉာဏ်နုံ၊ မလုံ့မလ၊ နတ်မမဘူး၊
အလသ (အပျင်းထူ) မျိုး၊ အကျိုးယွင်းယို၊
အလိုလျော့ရဲ၊ မကျော့ကျည်းလင့်" တဲ့။

ဒီလင်္ကာမှာ ဝီရိယ၊ ပယောဂ ဆိုတဲ့ ပါဠိစကား များဟာ မြန်မာလို လုံ့လအားထုတ်မှုလို့ အဓိပ္ပာယ်တူ ပြန်ကြပေမယ့် ဒီမှာ နှစ်ပုဒ်ခွဲပြီး ထည့်ထားတာကို ကြည့်ရင် ဝီရိယအရ ရှေ့ခြေလှမ်းလေးခု ပြည့်စုံအောင် အားထုတ်မှုလို့ ယူပြီး ပယောဂအရ နောက်ဆုံးပန်းဝင် ခြေလှမ်း ပြည့်စုံအောင် အားထုတ်မှုလို့ အဓိပ္ပာယ် ခွဲခြားယူချင်ပါတယ်။

"တံငါ့လက်တွင်း၊ ရောက်လျှင်းတုံကြား၊ သုံး ကောင်ငါးကို" ဆိုတာကတော့ ရှေးက ဖတ်စာတွေ ထဲမှာ ပါပြီးသားပါ။ တံငါသည်က ကွန်နဲ့ ပစ်ဖမ်း လို့ ရလာတဲ့ ငါးသုံးကောင်ကို လှေထဲမှာ အရှင်ထည့် ထားတယ်။ ကြာရင် ပုပ်သွားမှာ စိုးလို့ မသတ်သေးဘဲ မြစ်ထဲမှာ လှေကို လှော်ပြီး ငါးဆက်ရှာနေတယ်။

အဲဒီ ငါးသုံးကောင်ထဲမှာ တစ်ကောင်က "ငါ အသက်ရှင်နေသေးတာပဲ၊ ကြိုးစားပြီး လှေနံရံကို ခုန် နိုင်ရင် ရေထဲပြန်ရောက်ပြီး အသက်ရှင်ရမယ်" ဆိုပြီး အကြိမ်ကြိမ်ခုန်တယ်။ လှေနံရံကို မကျော်ဘူး။ တဖျပ်

http://www.dhammadownload.com



ဖျပ် ခုန်လွှန်းတော့ တံငါသည်က ဒီငါး မငြိမ်ဘူး ဆိုပြီး လှေတက်နဲ့ ခုတ်ပစ်လိုက်တယ်တဲ့။ ငါး တစ်ကောင်ကတော့ အခါအခွင့်ကို အကဲခတ်နေတယ်။ မြစ်ပြင်မှာ လှိုင်းအထ လှေအလူး လှေနှုတ်ခမ်းနဲ့ ရေပြင်နဲ့ မညီတညီလောက်အထိ လှေစောင်းသွားတော့မှ အလိုက်သင့် ကြိုးစားခုန်လိုက်တော့ ရေထဲ ပြန်ရောက်ပြီး အသက်ရှင်ခွင့် ရတယ်တဲ့။ ကျန်တစ်ကောင်ကတော့ သတ္တဝါတစ်ခု ကံတစ်ခုပဲ ဆိုပြီး ဘာမှ အားမထုတ်ဘဲ ငြိမ်နေတဲ့အတွက် အပြန်မှာ တံငါသည် ပလိုင်းထဲပါသွားပြီး ဟင်းစားပဲ ဖြစ်သွားသတဲ့။

ဒီဥပမာကို ကြည့်ရင် ပယောဂသမ္ပတ္တိ ဆိုတာ ကြိုးစားအားထုတ်ကာမျှ သက်သက် မဟုတ်ဘဲ အခါအခွင့်ကို ဉာဏ်နဲ့ ချင့်ချိန်ပြီး "ချိန်ကိုက်ခါသင့်" ကြိုးစားမှုမျိုးကို ဆိုလိုတယ်။ အလုပ်ရှုပ်ရုံ၊ မျက်စိရှုပ်ရုံ ဆိုတဲ့ အလုပ်မျိုးကို အားမထုတ်ဘူး။ အလုပ်ဖြစ်လောက်မှ အလုပ်လုပ်တယ် ဆိုတဲ့ သဘောပါပဲ။

ပထမဆုံးငါးဟာ ကြိုးစားအားထုတ်ပေမယ့် အခါအခွင့် အခြေအနေကို နှိုင်းချိန်တတ်တဲ့ အသိဉာဏ် မရှိတဲ့အတွက် သူ့အားထုတ်မှုဟာ ပျက်စီးတဲ့ အားထုတ်မှု (ပယောဂဝိပ္ပတ္တိ) ဖြစ်လို့ သူလည်း ပျက်စီးပါတယ်။ ဒါကြောင့် ပယောဂသမ္ပတ္တိ (ကျိုးရှိ မှန်ကန်တဲ့ အားထုတ်မှု) ဆိုတာ လုပ်သင့်တာကို လုပ်ကိုင်

http://www.dhammadownload.com



အားထုတ်ရတာ ရှိသလို၊ မလုပ်သင့်တဲ့ အလုပ်၊ မလုပ်သင့်တဲ့ အချိန်အခါတို့မှာလည်း မလုပ်ဘဲ နေနိုင်အောင် အားထုတ်ရတာမျိုး ဖြစ်တယ်လို့ ဆိုခဲ့တာပါ။

ချိန်သင့်ခါညီ မဟုတ်ဘဲ အားထုတ်ခြင်းဟာ ပယောဂသမ္ပတ္တိ မဖြစ်ဘဲ ပယောဂဝိပ္ပတ္တိ ဖြစ်ပြီး ပျက်စီး ဒုက္ခရောက်ရသလိုပဲ။ ကိုယ်နဲ့မတန်တဲ့ အလုပ်၊ ကိုယ့်တာဝန်မဟုတ်တဲ့ အလုပ်၊ ကိုယ် မနိုင်မနင်း မကျွမ်းကျင်တဲ့ အလုပ်များကို လုပ်ကိုင်ခြင်းဟာလည်း ပယောဂဝိပ္ပတ္တိ ဖြစ်တဲ့အတွက် ကောင်းကျိုးမဖြစ်ဘဲ ဆိုးကျိုးကိုသာ ဖြစ်စေတဲ့ ပုံဝတ္ထုတွေ အများကြီး ရှိပါတယ်။

သူဌေးတစ်ယောက်ရဲ့အိမ်မှာ ညအခါ သူခိုးကပ်လာတာကို အိမ်စောင့်ခွေးက အိပ်ပျော်နေလို့ မဟောင်တဲ့အတွက် မြင်းက စားကျင်းကို ခွာနဲ့ ပေါက်ပြီး အချက်ပေးလိုက်လို့ သူခိုးတော့ ထွက်ပြေးပါရဲ့၊ အိမ်ရှင်က နိုးလို့ ထကြည့်တော့ ဘာမှ မတွေ့တဲ့အခါ "ဒီမြင်း၊ သူများအိပ်ချိန် အငြိမ်မနေဘူး၊ စားကျင်း ခွာနဲ့ ပေါက်ပြီး ဆော့နေတယ်" ဆိုပြီး ဝါးရင်းတုတ်နဲ့ အရိုက်ခံရပုံ "ခွေးအလုပ် မြင်းလုပ်တော့ ဝါးရင်းတုတ်ဆုရတယ်" ဆိုတာလည်း ပယောဂဝိပ္ပတ္တိ ဖြစ်ပုံပါပဲ။

မိမိနဲ့ရင်းနှီးတဲ့ ဒကာကြီးတစ်ဦးက သူများတွေ တိုက်တွန်းတဲ့ စကားကို နားယောင်ပြီး သူ တစ်ခါမှ

http://www.dhammadownload.com



မလုပ်ဖူးတဲ့ ဆန်စက်နဲ့ ကုန်ကား တည်ထောင်လိုက်တယ်။ သုံးနှစ်လောက်အတွင်း အရင်းပါပြုတ်လို့ ဘဝပျက်သွားတော့ "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" ဆိုတာ ဒါမျိုးထင်ပါရဲ့လို့ ညည်းညူပါတယ်။ အမှန်ကတော့ ဉာဏ်မစုံဘဲ ကံယုံပြီး ပုံလိုက်လို့ မွဲသွားတာပါ။

လူ့ဘုံမှာ ကံသက်သက်ကြောင့် ချမ်းသာသူ ဆိုတာ တစ်သိန်း တစ်ယောက် ရှိနိုင်ခဲ့သလို ကံသက်သက်ကြောင့် ဆင်းရဲသူ ဆိုတာလည်း အဲဒီအချိုးထက်ပိုမရှိနိုင်ပါဘူး။ မြတ်စွာဘုရားရှင်ကတော့ ကံသက်သက်ကြောင့် ချမ်းသာသူ ဆိုတာ ပရနိမ္မိတဝသဝတ္တီ နတ်ဘုံနဲ့ ဗြဟ္မာ့ဘုံသားတွေ ဖြစ်တယ်။ လူ့ဘုံက စပြီး နိမ္မာနရတိနတ်ဘုံအထိ ရှိကြတဲ့ ဘုံသားများဟာ ကံနဲ့ လုံ့လ နှစ်ခုပေါင်းတို့ရဲ့ အဆိုးအကောင်းကို မှီပြီးတော့သာ ဆင်းရဲချမ်းသာ ခံကြ စံကြရတယ်လို့ မိန့်ဆိုပါတယ်။ (ပုဂ္ဂလပညတ်၊ ပါ၊ ၄၊ အပိုဒ်-၁၆၇)

ကံက ဘယ်လိုပင် ဆိုးတယ်လို့ ဆိုဆို အတိတ်ကံရဲ့ဆိုးကျိုးများကို ပယောဂသမ္ပတ္တိ မှန်ကန်တဲ့ ပစ္စုပ္ပန်ကံနဲ့ တားမြစ်ဖယ်ရှားနိုင်တဲ့ သာဓကတွေလည်း အများကြီး ရှိပါတယ်။

သီဟိုဠ်ကျွန်းမှာ ဝသဘမင်း ထီးနန်းစည်းစိမ်ရရှိတဲ့အခါ ဟူးရားပညာရှင်တွေကို ဆိတ်ကွယ်ရာခေါ်ပြီး သူ့ရဲ့စည်းစိမ်သက်ကို တွက်ကြည့်ခိုင်းတော့

http://www.dhammadownload.com



၁၂ နှစ်သာ စည်းစိမ်ခံစားနိုင်မယ်လို့ ဟောကြားတယ်။ ဝသဘာမင်းက ဟူးရားဆရာများကို အသပြာတစ်ထောင်စီပေးပြီး ဒီစကား ဘယ်သူ့ကိုမှ မပြောဘဲ စောင့်စည်းကြဖို့ ပြောလိုက်တယ်။ ပြီးတော့မှ ရဟန်းသံဃာများကို ပင့်ဖိတ်ပြီး သက်ရှည် ချမ်းသာခြင်းရဲ့အကြောင်း မေးလျှောက်တဲ့အခါ သံဃာတော်များက "ရေစစ်၊ ဆေး၊ ကျောင်း၊ အဟောင်းပြုပြင်၊ သီလစင်၊ ငါးအင်သက်ရှည်ကြောင်း" ဆိုတဲ့ တရားကို ဟောညွှန်ပြပါတယ်။

ဒီငါးပါးထဲမှာ "ရေစစ်" ဆိုတာ ရဟန်းတော်များအတွက် မရှိမဖြစ် အသက်ရှည်ဆေး တစ်ခုပါ။ တောလမ်းခရီးမှာ ရေငတ်တဲ့အခါ ရေကို တွေ့ပေမယ့် ရေမစစ်ဘဲ မသောက်ရပါဘူး။ "ရေအသက် တစ်မနက်" ဆိုတဲ့အတိုင်း သေရေး ရှင်ရေးတစ်ခုဖြစ်ပါတယ်။ ဆေးနဲ့ ကျောင်းတို့က အထူးပြောစရာမလိုပါဘူး။ အဟောင်းဆိုတာ အများနဲ့ စပ်ဆိုင်တဲ့ အရိပ်အာဝါသ ဇရပ်တန်ဆောင်း၊ တံတား၊ လမ်းဟောင်း၊ အဆောက်အအုံဟောင်းများကို ပြုပြင်ခြင်းဟာ အဟောင်းက အသစ်ဖြစ်သွားတာမို့ အသက်အသစ် ထပ်ဆောက်ပေးတဲ့ သဘောပါပဲ။ နေ့စဉ်ငါးပါးသီလနဲ့ ဥပုသ်သီတင်းနေ့တွေမှာ ရှစ်ပါးသီလတို့ကို စောင့်ထိန်းခြင်းဟာလည်း အသက်ရှည်ကြောင်းများပါပဲ။

http://www.dhammadownload.com



ဝသဘာမင်းက ရဟန်းတော်များ ညွှန်ပြတဲ့အတိုင်း အတိအကျလိုက်နာပြီး လောကရေး၊ သာသနာရေးတွေမှာ မလစ်ဟင်းအောင် စောင့်ထိန်းအုပ်ချုပ်တဲ့အတွက် ထီးနန်းစည်းစိမ်ကို ၄၄ နှစ်အထိ ခံစားပြီး သက်တမ်းပြည့် နေသွားခဲ့ရပါတယ်။ ပယောဂသမ္ပတ္တိ ပြည့်စုံခြင်းဟာ ကံကောင်းခြင်းအသစ်များလည်း ဖြစ်တာမို့ ကံရဲ့အကျိုးသစ်တွေကို ဆက်လက် ခံစားရတယ်လို့ ဆိုရမှာပါ။

အတိုချုပ်ကတော့ လူတိုင်းဟာ ကုသိုလ်ကံအထောက်အပံ့ရှိလို့သာ လူ့ပြည် ရောက်လာကြတာ ဖြစ်တဲ့အတိုင်း "သူများယောင်လို့ ယောင်၊ အမောင်တောင် မြောက် မသိ" ဆိုတဲ့ ဖြတ်လမ်းသမား၊ ကံစမ်းသမား၊ ယောင်ဝါးဝါးသမားများ မဖြစ်စေဘဲ အစီအစဉ်တကျ ခြေလှမ်းမှန်မှန် လျှောက်လှမ်းသူများအတွက် အောင်ပွဲဟာ မလွဲမသွေ ဆင်နိုင်ကြတယ် ဆိုတာ အခိုင်အမာ ယုံကြည်လက်ခံပြီး ရဲရဲရင့်ရင့် ကြိုးစားအားထုတ်ကြဖို့ပါ။ ဒီနေရာမှာ စပ်မိလို့ ညီတော်ဓမ္မဒူတ အရှင်ဆေကိန္ဒရဲ့ စကားလေးတစ်ခုကိုလည်း လက်ဆောင်ပါးလိုက်ချင်ပါသေးတယ်။

'လူတွေ "အတုခိုးတယ်" လို့ ပြောကြတယ်။ အတုကိုသာ ခိုးလို့ရမယ်။ အစစ်ကတော့ လိုက်နာကျင့်သုံးမှ ရနိုင်တယ်' တဲ့။

ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်လုံ့လ မပါဘဲ အတု

http://www.dhammadownload.com



လိုက်ခိုးနေရင်တော့ အတုပဲရမယ်၊ အစစ် မရနိုင်ပါဘူး။ အစစ်ရချင်ရင်တော့ နည်းမှန် လမ်းမှန်နဲ့ အစစ်အမှန်ဖြစ်အောင် ကြိုးစားကြရမှာပါ။

သတိထား အသိပွားပြီး ကြိုးစား အောင်မြင်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

# ရာနှုန်းပြည့်တဲ့ ယောနယ်
# ရာပြည့် ယောလက်ဆောင် (၁)

"မကောင်းတာ (၁၀၀) ကို မလိုချင်နဲ့၊ အကောင်းတစ်ခုကို ရအောင်ယူ။ ပညာသင်တယ်ဆိုတာ အရှိကို အသိက နိုင်အောင်လို့ သင်ရတာ၊ အရှိကို အသိက မနိုင်ရင် အရှိ နှိပ်စက်တာကို ခံရတယ်"

(ယောနယ် ကန်တောရတိုက်သည်
ဆရာတော်ကြီး ဘဒ္ဒန္တကေတုမဟာထေရ်)

ဒီစာစုရဲ့အမည် အပြည့်အစုံကို "ရာနှုန်းပြည့်တဲ့ ယောနယ်က၊ ရာနှုန်းပြည့် ရာပြည့်ပွဲနဲ့ ရာနှုန်းပြည့် ယောပြန်လက်ဆောင်" လို့ အမည်ပေးချင်တာပါ။ ဘာ့ကြောင့် ဒီလို အမည်ပေးချင်ရတယ် ဆိုတာ အစအဆုံး ဖတ်ကြည့်ပြီးရင်တော့ သဘောပေါက်ကြပါလိမ့်မယ်။

တိပိဋကဓရ (ယော) ဆရာတော်ရဲ့ ဇာတိရွာအနီးလည်းဖြစ်၊ ဆရာတော် ပရိယတ္တိ ပညာရည်နို့

http://www.dhammadownload.com



စတင်သောက်စို့ခဲ့ရာလည်း ဖြစ်တဲ့ ယောနယ် (ယောမြို့တော် ဂန့်ဂေါမြို့နယ်) ကန်ရွာ၊ ကန်တောရကျောင်းတိုက်ကြီး တည်ထောင်ခဲ့တာ နှစ် (၁၀၀) ပြည့်တဲ့အထိမ်းအမှတ်အဖြစ် "ကန်တောရသာသနာ နှစ်တစ်ရာ" ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၆ ခု၊ တပို့တွဲလပြည့်နေ့က အဆိုပါကျောင်းတိုက်ကြီးမှာ ကျင်းပခဲ့ပါတယ်။

ဂုဏ်ပြုပွဲအထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူတွေ စုဆောင်းချိန်ကတည်းက ယောဆရာတော်က "ဓမ္မာသောရီ... ယောနယ် ရာပြည့်ပွဲကို လိုက်မယ် မဟုတ်လား၊ သူများတွေတော့ 'ယောပြန်' ဆိုပြီး နာမည်ကြီးကြတယ်၊ ဓမ္မာသောရီလည်း ယောပြန် ဖြစ်အောင် လိုက်ခဲ့ပေါ့" လို့ မိန့်ကြားတဲ့ အတွက် မိမိအနေနဲ့ ရောက်ချင်နေတဲ့ ဒေသတစ်ခုကို ရောက်ဖြစ်ဖို့ အခွင့်ထူးတစ်ခု ကြုံခဲ့ပါတယ်။

ရောက်ချင်နေတယ် ဆိုတာကတော့ "ယော" အကြောင်းကို မန္တလေး စာသင် ရောက်စကတည်းက ကြားဖူးနေတယ်။ အများသူငါ ကြားဖူးသလိုပါပဲ။ အောက်လမ်းပညာ၊ မှော်ပညာသည်တွေ ပေါတယ်ဆိုတဲ့ အကြောင်းပါ။ ဒီကြားထဲ ယောပြန် ဘယ်သူဘယ်ဝါဆိုတဲ့ မျက်လှည့်ဆရာတွေကိုလည်း တွေ့ရဖူးတယ်။ စိတ်ဝင်စားရတာက ဒါတွေကြောင့် မဟုတ်ပါဘူး။ စာလေးပေးလေး နည်းနည်းပါးပါး ဖတ်မိတဲ့အခါကျတော့ ယောနယ်ဆိုတာ မန္တလေး ရတနာပုံ

http://www.dhammadownload.com



ခေတ်မှာ ကမ္ဘာ့သိပညာရှင်ကြီးတစ်ဦး ဖြစ်တဲ့ ဦးဖိုးလှိုင် အပိုင်စားရတဲ့ နယ်မြေဆိုတာ သိလာရတယ်။ မိမိ လေ့လာသိရှိရတာက အတော်ဆုံး အကျော်ဆုံး ပညာ ရှင်ကြီးတစ်ဦးကို ဘုရင်က အပိုင်စားပေးခဲ့တဲ့ နေရာ၊ လူတွေပြောနေကြတာက အဆိုးဆုံးနေရာလို့ ဆိုပြန် တယ်။ ဒီနှစ်ခုဟာ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ် နေတယ်။ ဘယ်လိုလဲ ဆိုတာကို အသေအချာ သိ ချင်လို့ပါ။ ရောက်ချင်တဲ့ ဆန္ဒ ဖြစ်ခဲ့ချိန်နဲ့ နှစ်ပေါင်း (၃၀) ကျော်လောက် အကြာမှာတော့ ယောနယ်ကို တကယ်ပဲ ရောက်ခွင့်ကြုံရပါတယ်။

သီချင်းထဲမှာ "ယောမြို့က ပြန်ခဲ့တယ်" လို့ ကြားဖူးထားတော့ ယောဆိုတာ မြို့တစ်မြို့ရဲ့အမည် ပဲလို့ မှတ်ခဲ့ ထင်ခဲ့တာ၊ တကယ်သွားကြည့်တော့မှ ယောဆိုတာ ပုံညာတောင်ရဲ့ အနောက်ဘက်နဲ့ ချင်း တောင်တန်းရဲ့အရှေ့ဘက် ထီးလင်းမြို့နယ်က မြောက်၊ ကလေးမြို့နယ် တောင်ဘက်အတွင်းက တောင်ကြား လွင်ပြင် ရပ်ဝန်းကြီးတစ်ခုလုံးရဲ့အမည် ဆိုတာ သိရ တယ်။ ဂန့်ဂေါမြို့ကိုတော့ ယောမြို့တော်လို့ သတ် မှတ်ပါတယ်။

လေယာဉ်ခရီးစဉ် မရှိတဲ့အတွက် မိမိတို့အားလုံး မန္တလေး၊ မုံရွာ၊ ပုလဲ၊ ဂန့်ဂေါလမ်းအတိုင်း ကားနဲ့ သွားကြရတာပါ။ နာမည်ကျော် ပုံတောင် တောင်ကို ကျော်ပြီးလို့ ပုံတောင်နဲ့ ပုံညာတောင်တန်း နှစ်ခုကြားက

http://www.dhammadownload.com



"ကျော" နယ်ကို ရောက်တယ်ဆိုရင်ပဲ ယောရဲ့အငွေ့အသက်တို့ကို စတင်တွေ့ရှိခွင့် ရပါတယ်။ ရှေးရိုးမြန်မာဗုဒ္ဓဘာသာတို့ရဲ့ အစဉ်အလာကောင်းများ မတိမ်ကော မပျောက်ပျက်သေးဘဲ ကလေးလူကြီး၊ ကျားမမရွေး အားလုံးဟာ ရဟန်းသံဃာတော်များကို အလေးအနက် ရိုသေလေးစားကြတဲ့ ဓလေ့စရိုက်များပါပဲ။ ပုံညာတောင်ကို ကျော်ဖြတ်ပြီး ယောမြို့တော် ဂန့်ဂေါမြို့ကို ရောက်တဲ့အခါမှာတော့ "ဪ... ယောဆိုတာ ဒီလိုနယ်ပါလား၊ ဒါကြောင့်လည်း ဦးဖိုးလှိုင်လို ပညာရှိကြီးတစ်ဦးကို ဂုဏ်ပြု အပိုင်စားပေးခဲ့တာ ဖြစ်ပေလိမ့်မယ်" လို့ အကဲခတ်မိလာပါပြီ။

ဂန့်ဂေါမြို့မှာ ကားဘီးပေါက်လို့ အချိန်ဖင့်နေတဲ့အတွက် ဂန့်ဂေါမြို့ မြောက်ဘက် မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ရာပြည့်ပွဲကျင်းပရာ ကန်ရွာ ကန်တောရပရိယတ္တိ စာသင်တိုက်ကို ည ၁၀ နာရီကျော်လောက်မှ ရောက်ပါတယ်။

အဲဒီနေ့က တပို့တွဲလဆန်း ၁၂ ရက်နေ့ ဆိုတော့ အစီအစဉ်အရ မိမိ တရားဟောဖို့ပါပဲ။ ကားချို့ယွင်းချက် မရှိရင်တော့ မန္တလေးက နံနက်စောစော ၄ နာရီလောက်ကတည်းက ထွက်ခဲ့တဲ့ ကားဟာ နေမဝင်မီ ကန်တောရကို ရောက်ဖို့ ဖြစ်ပေမယ့် မရောက်နိုင်တော့ပါဘူး။

ကန်တောရတိုက်တည် ဆရာတော်ကြီး နှစ်ပါး

http://www.dhammadownload.com



က ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးရဲ့ အန္တေဝါသိက တပည့်ကြီးရဲ့ အစဉ်အဆက်ဖြစ်သလို ပရိယတ် ပဋိပတ် စွယ်စုံနဲ့ သာသနာ့ဂုဏ်၊ ဂဏဂုဏ်၊ ဒေသဂုဏ်ကို ထူးထူးချွန်ချွန် ထက်ထက်သန်သန် ဆောင်ရွက်တော်မူခဲ့ကြတဲ့ ဆရာတော်ကြီးများ ဖြစ်တာနဲ့အညီ ရွှေကျင်ဂိုဏ်း သာသနာပိုင်ဆရာတော်အဆက်ဆက်က အလေးထား လေးစားခြင်းခံရတာ ဖြစ်လို့ အခု ရာပြည့်ပွဲမှာလည်း ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးပြုတဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ သီတဂူ အရှင် ဉာဏိဿရဆရာတော် အစရှိတဲ့ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ အတော် စုံစုံညီညီ ကြွရောက်ကြတဲ့အတွက် မိမိတို့ တရားမဟောမီ မရောက်ပေမယ့် တရားပွဲအစီအစဉ်ကတော့ ညစဉ်မပျက် ဆက်လက် ရှိနေပါတယ်။ မိမိတို့ကား ကန်ရွာနဲ့ တောရကျောင်းကြားကို ရောက်ရှိချိန်မှာတော့ တောဘုရားပွဲကြီးတစ်ခုစာမကတဲ့ တရားပွဲပြန် ပရိသတ်ကြီးနဲ့ ဆုံမိလို့ ကြီးငယ်ကျားမ မရွေး တရားနာတဲ့ အလေ့အထ ကြီးမားပုံကို အကဲခတ်မိလိုက်ပါတယ်။

## ရာနှုန်းပြည့်ယောနယ်

နံနက်စော ဆွမ်းကပ်ချိန်က စပြီး ယောနယ်ရဲ့ ထူးခြားတဲ့အလေ့အထများကို စတင် တွေ့ရှိရတယ်။

http://www.dhammadownload.com



ဆွမ်းအလှူရှင်များက လက်နဲ့ တစ်နိုင် ဆွမ်းပန်းကန်များကို ကိုင်ရင်း ဆွမ်းစားကျောင်းအဝင်မှာ စီတန်းစောင့်နေကြပြီး ဆွမ်းစားကျောင်းပေါ် တန်းစီကြွလာကြတဲ့ သံဃာတော်များကို သပဟတ္ထိကမြောက်အောင် ပထမဆုံး ကပ်ကြတယ်။ ပြီးမှ အဲဒီဆွမ်းများကို ဇလုံတစ်ခုမှာ ပြန်စုပေါင်းပြီး ဆွမ်းပွဲများမှာ လိုအပ်သလို ထည့်ကြတယ်။ ဆွမ်းပို့ ဆွမ်းကပ်ပြီးတိုင်း ဆွမ်းအနုမောဒနာ တရားနာပြီးမှ အိမ်ပြန်လေ့ရှိတယ် ဆိုတာကတော့ ကန်တောရ နှစ်တစ်ရာစာအုပ်မှာ ဆရာတော်ရဝေထွန်း ရေးတဲ့စာကို ဖတ်ပြီးကတည်းက သိထားပါတယ်။

အတိုချုပ်ပြောရရင်တော့ "ရှေးဦးမြန်မာ ဗုဒ္ဓဘာသာဝင်စစ်စစ်တို့ရဲ့ ဓလေ့စရိုက် အစဉ်အလာကောင်းများဟာ ဘာလဲလို့ သိချင်ရင် ယောနယ်ကို သွားရောက် လေ့လာကြည့်ပါ" လို့ ပြောနိုင်လောက်အောင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်အလာကောင်းများ ရာနှုန်းပြည့် ရှိနေသေးတယ် ဆိုတာပါပဲ။ ဒီဆရာ ဒီဒကာတွေ ဒီပုံအတိုင်း သဒ္ဓါညီမျှနေသရွေ့ ဆက်လက်တာရှည်နေဦးမှာလည်း မလွဲပါဘူး။ မြန်မာ့ဓလေ့ ဗုဒ္ဓဘာသာဓလေ့ ရာနှုန်းပြည့် တည်ရှိနေသေးတဲ့အတွက် "ရာနှုန်းပြည့် ယောနယ်" လို့ ဆိုချင်တာပါ။

ယောနယ်ရဲ့ တကယ့်ဓလေ့စရိုက်မှန်ကို သိခွင့်

http://www.dhammadownload.com



ရလိုက်တာနဲ့ တစ်ချိန်တည်းမှာပဲ ယောနယ်နဲ့ ပတ်သက်လို့ ကြားဖူးနားဝ သံယောင်လိုက် ပြောဆိုနေကြသူများအတွက်လည်း သနားစိုးရိမ် ဖြစ်လိုက်မိတယ်။ ငယ်ဆရာ ဆုံးမခဲ့ဖူးတဲ့ အဖြစ်အပျက်ကလေးကိုလည်း ဖျတ်ခနဲ သတိရလိုက်လို့ပါ။

မိမိတို့ ဇာတိနယ်မှာ လွတ်လပ်ရေးရပြီး စပ်ကူးမပ်ကူး ကာလဆီတုန်းက နွားခိုးသူတွေနေတဲ့ ရွာလေးတစ်ရွာ ရှိခဲ့ဖူးတယ်။ ပတ်ဝန်းကျင်က အဲဒီရွာကို "နွားခိုးရွာ" လို့ပဲ အမည်ဆိုးတပ်ပြီး လွယ်လွယ်ခေါ်ဝေါ် သုံးစွဲကြပါတယ်။ တစ်နေ့တော့ အဲဒီရွာကို မြို့ကို ကုန်ရောင်းသွားမယ့် လှည်းအုပ်တစ်အုပ် ကျောင်းရှေ့က လှည်းလမ်းအတိုင်း ဖြတ်သွားကြတာကို ကြည့်နေကြရင်း ကိုရင်ကြီးတစ်ပါးက 'နွားခိုးရွာသားတွေပါကွာ၊ အရေးလုပ်ပြီး ကြည့်မနေကြစမ်းပါနဲ့' လို့ ပြောလိုက်တာကို ဆရာတော် ကြားသွားပါတယ်။

ဆရာတော်က ကိုရင် ကျောင်းသားတွေကို အားလုံးခေါ်ပြီး စောစောက နွားခိုးရွာသားတွေလို့ ပြောတဲ့ ကိုရင်ကို ရှေ့ထွက်ခိုင်းတယ်။ ပြီးတော့မှ

'ကိုရင် စကားပြောတယ်ဆိုတာ ကိုယ့်စကား ကိုယ်နားလည်မှ ပြောရတယ်။ ရွာသားတွေ ဆိုတာ အဲဒီရွာမှာနေတဲ့ ရဟန်းရှင်လူ အားလုံးကို ခေါ်တာ၊ အဲဒီရွာမှာ အရင်က နွားခိုးသူတွေဆိုတာ ရှိချင် ရှိမယ်၊ ရှိရင်လည်း အနည်းအပါးပဲ ဖြစ်မယ်။ တစ်ရွာလုံး

http://www.dhammadownload.com



မဟုတ်ဘူး။ ဒါပေမဲ့ ကိုရင်ပြောတဲ့ စကားက တစ်ရွာလုံးကို သိမ်းကျုံးပြောလိုက်တာ၊ အဲဒီရွာမှာ ရဟန်းသံဃာတွေလည်း ရှိတယ်။ သီလဝန္တ ပုဂ္ဂိုလ်တွေလည်း ရှိမယ်။ ဒီလို ပုဂ္ဂိုလ်တွေကို မဟုတ်တမ်းတရမ်း စွပ်စွဲပြောဆိုတာ နည်းတဲ့အပြစ် မဟုတ်ဘူး။ နောက်နောင် စကားကို ဒီလို အရမ်းကာရော မပြောပါနဲ့၊ "ဝစီဘေဒ ထိတိုင်းရှ" ဆိုတာ နားလည်ရဲ့လား' လို့ ပြောဆိုဆုံးမပါတယ်။

နွေရာသီ အလှူပွဲတစ်ခုမှာ အဲဒီရွာက ဆရာတော်ကြီး ကြွလာတဲ့အခါ အကျိုးအကြောင်း လျှောက်ထားပြီး ပြစ်မှားမိတဲ့ ကိုရင်ကြီးကို ကန်တော့စေပါတယ်။ ရွာသူရွာသားများကိုလည်း တောင်းပန်ပေးဖို့လည်း ဆရာတော်ရဲ့နောက်ပါ ကပ္ပိယမှ တစ်ဆင့် တောင်းပန်မှာကြားစေပါတယ်။ လွဲမှား ကွဲပြား နားမခံသာ အဆန်မပါတဲ့ ဝစီဘေဒ ဆိုတာ ကြားရသူကို ထိစေ ရှစေတတ်သလို ပြောဆို သူကိုလည်း ပြန်လည် ထိစေ ရှစေတတ်ပါတယ်။ အထူး သတိပြုသင့်တာက "တန်ပြန်သက်ရောက်မှု" ဆိုတာ အခံရဲ့ ဒြပ်ထုထည် အမာခံပေါ် မူတည်ပြီး ပြင်းထန်မြဲဖြစ်သလို မိမိတို့ရဲ့ ဝစီဘေဒများဟာလည်း အခံပုဂ္ဂိုလ်တို့ရဲ့ သီလ သမာဓိ ပညာဒြပ်ထုထည် အမာခံပေါ် မူတည်ပြီး တန်ပြန်သက်ရောက်မှု ထိရှပြင်းထန်တယ် ဆိုတာပါပဲ။

အပြစ်ဖြစ်တယ် ဆိုတာ ခံရသူက ဗွေယူသည်

http://www.dhammadownload.com



ဖြစ်စေ၊ မယူသည်ဖြစ်စေ ကျူးလွန်သူက စေတနာနဲ့ ကျူးလွန်ရင် အပြစ်ဖြစ်သွားတာပါပဲ။ အပြစ်ကို ကျေဖို့ ကျတော့ ကျူးလွန်သူက နောင် မလုပ်တော့ပါဘူး လို့ စောင့်စည်းရုံနဲ့ မပြီးတဲ့ အပြစ်မျိုးတွေ ရှိပါတယ်၊ ကိုယ် ပြစ်မှားမိသူကို ကန်တော့ တောင်းပန်ပြီး စောင့် စည်းမှ အပြစ်ကင်းပါတယ်။ ပြစ်မှားမိတဲ့ ပုဂ္ဂိုလ် အသက်ထင်ရှား မရှိတော့ရင်တောင် အဲဒီပုဂ္ဂိုလ်ရဲ့ အရိုးဂူ စသည်ရှိရာကို သွားပြီး ကန်တော့ တောင်းပန် သင့်တယ်လို့ အဋ္ဌကထာမှာ ဆိုပါတယ်။ အပြစ်ကင်း လိုသူများ သတိပြုကြဖို့ပါ။

မိမိအနေနဲ့ကတော့ ဘာဆို ပြောတိုင်း မယုံ ကြည်တတ်သူပီပီ ယောနဲ့ ပတ်သက်လို့ သူများတွေ ဟိုလို ဒီလို ပြောသံ ကြားရစဉ်ကတည်းက ဘာမှ မယုံ ကြည်မိခဲ့လေတော့ အခု ကိုယ်တိုင်ရောက်တဲ့အခါ အဝေးကြားနဲ့ အနီးမြင် ကွာခြားတာကို ကြည့်ပြီး ဝစီဘေဒ မထိမရှခဲ့မိတာကို တွေးရင်း လိပ်ပြာသန့် သန့် ဝမ်းသာလိုက်မိပါတယ်။

❑

http://www.dhammadownload.com

# ရာနှုန်းပြည့်တဲ့ ယောနယ်
# ရာပြည့် ယောလက်ဆောင် (၂)

ရာပြည့် ဆိုတာနဲ့ ပတ်သက်လို့ တိပိဋကရေ (ယော) ဆရာတော်က နှစ်တရာပြည့်လို့လည်း ရာပြည့်၊ လျာထားချက်တွေ ပြည့်မီလို့လည်း ရာပြည့်၊ အရာရာ ပြည့်စုံခြင်း၊ အရာရာကို ပြည့်စုံစေခြင်းတို့ကြောင့်လည်း ရာပြည့် စသည်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုသွားပါတယ်။

ဟုတ်ပါတယ်။ ကန်တောရကျောင်းတိုက် ဆိုတာ တည်ထောင်သက် နှစ်တစ်ရာပြည့်ကာ မတ္တမဟုတ်ပါဘူး။ မူလတိုက်တည် ဆရာတော်ဘုရားကြီးများ ကိုယ်တိုင်က သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပြည့်စုံတော်မူကြတဲ့ အာစရိယပရမ္ပရက သက်ဆင်းလာကြတဲ့ ပုဂ္ဂိုလ်များပီပီ၊ ကိုယ်တိုင် ပရိယတ် ပဋိပတ်နဲ့ သိက္ခာသုံးရပ်တို့ ပြည့်ဝတော်မူကြသလို တပည့်စဉ်ဆက် ပြည့်စုံရစ်စေဖို့လည်း ကိုယ်တိုင် စံနမူနာပြကာ လျာထား ချမှတ်တော်မူခဲ့ကြတာပါ။

http://www.dhammadownload.com



ဒါကြောင့်လည်း တိပိဋကဓရ (ယော) ဆရာတော်တို့အပါအဝင် ပစ္စက္ခသာသနာဝင်မှာ အဆင့်မီတန်းမီတဲ့ ဒွိပိဋကဓရ၊ သ.စ.အ၊ ပထမကျော်၊ အဂ္ဂမဟာကျော် စတဲ့ တပည့်စဉ်ဆက်တွေ အရှိန်အဟုန်မပျက် ဆက်လက်ထွန်းပေါ်နေသလို တပည့်စဉ်ဆက်များကလည်း ဆရာစဉ်ဆက်တို့ရဲ့ စံနမူနာကောင်းနဲ့လျှာထားချက်အတိုင်း ပြည့်မီအောင် လိုက်နာ ကြိုးစားနေကြဆဲလည်း ဖြစ်ပါတယ်။

လောကမှာ ဆရာကောင်းတပည့် အမည်ခံနိုင်သူ ပေါများပေမယ့် တပည့်ကောင်း ဆရာလို့ အမည်ခံနိုင်တဲ့ ပုဂ္ဂိုလ် အလွန်ရှားပါတယ်။ အစုံလိုက်ဖြစ်ဖို့ အလွန်ခဲယဉ်းတဲ့ ဒီဝေါဟာရအစုံဟာ ကန်တောရသာသနာဝင်မှာတော့ စဉ်ဆက်မပြတ် ပြည့်စုံတင့်တယ်နေတာ အစကောင်းလို့ အနှောင်းသေချာတဲ့ သာဓကပါပဲ။

ရာပြည့်ပွဲကြီး ကျင်းပပြုလုပ်ဖို့ ကမကထပြုဦးဆောင်တဲ့ ပုဂ္ဂိုလ်များကိုယ်တိုင်က ပရိယတ် ပဋိပတ်သာသနာ့စံ ပြည့်မီကြသလို၊ ရာပြည့်ပွဲကို ကြွရောက်တော်မူလာကြတဲ့ ရွှေကျင်သာသနာပိုင် ဆရာတော်အမှူးပြုတဲ့ သံဃာ့ပရိသတ်၊ ရတနာသုံးပါး၊ ဆရာသမားတို့အပေါ် ဂါရဝတရား၊ သဒ္ဓါတရားအပြည့်နဲ့ ဒကာ ဒကာမ ပရိသတ်တို့အားလုံးဟာ ရာနှုန်းပြည့်စံချိန်မီများချည်းလို့ပဲ ဆိုရမှာပါ။

http://www.dhammadownload.com



သာသနာ့ဂုဏ်၊ ဂဏဂုဏ်၊ အာစရိယ ပရမ္ပရ ဂုဏ်နဲ့ ဒေသဂုဏ်များ ပေါ်လွင်ထင်ရှားပြီး သာသနာတွင်း ကုသိုလ်တရား တိုးပွားရေးကို ဦးတည် လျာထားပြီး ကျင်းပတဲ့ ပွဲကြီးပီပီ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ၊ ထေရပူဇာ အစီအစဉ်က လွဲလို့ လောကပကာသန ဘာမှ မဖက်တဲ့အတွက် လျာထားချက်လည်း ပြည့်မီပါတယ်။ အကုသိုလ် အနှောင့်အယှက်ကင်းတဲ့ပွဲ ဖြစ်လို့ လိုအပ်ရာရာ လောကီလောကုတ္တရာချမ်းသာကို ပြည့်မီအောင် အထောက်အကူဖြစ်စေမယ့်ပွဲ ဆိုတာကတော့ အထူးပြောဖို့ မလိုတော့ပါဘူး။

မိမိ အထူးသတိပြုမိတဲ့ အချက်ကတော့ ရာပြည့်ပွဲ ကျင်းပရာ ကန်တော်ရကျောင်းတိုက်ရဲ့ ရာပြည့်မြင်ကွင်းပါပဲ ။ ကျောင်းဝိုင်းအတွင်းမှာ ပရိသတ်များနားနေစရာ အရိပ် မဏ္ဍာပ်ကြီးနှစ်ခုက လွဲလို့ ဘာမှထူးထူးခြားခြား အပိုပစ္စည်းများနဲ့ တန်ဆာဆင် မွမ်းမံထားတာ မရှိပါဘူး။ ဒါပေမဲ့ ကျောင်းဝိုင်းအတွင်းဝင်လိုက်မိတာနဲ့ စိတ်ကို ကြည်နူးစေလောက်အောင် အသရေတင့်တယ်နေတာလည်း အမှန်ပါပဲ။ အကြောင်းကတော့ ဧက (၂၀) လောက်ရှိတဲ့ ကျောင်းဝိုင်းကြီးတစ်ခုလုံးမှာ သရက်ပင်၊ ဝါးပင် စတဲ့ အရိပ်ရ သစ်ပင်ကြီးများက လွှဲပြီး မြေပြင်မှာ ပေါင်းမြက်ချုံနွယ် အမှိုက်သရိုက်များ ရှင်းလင်းသန့်စင်နေတဲ့ မြင်ကွင်းကြောင့်ပါပဲ။

http://www.dhammadownload.com



လက်ရှိ ကန်တောရ ပဓာန နာယကဖြစ်တဲ့ ဆရာတော် ဘဒ္ဒန္တတိက္ခာနန္ဒဟာ ဘွဲ့အမည်နဲ့ လိုက်အောင် ထက်မြက်တက်ကြွသူများကိုသာ သဘောကျပြီး ပျော့ညံ့ ပျင်းရိသူများနဲ့တော့ တွဲဖက်မိဖို့ အတော်ခဲယဉ်းမယ် ထင်တယ်။ ဒီလောက် ကျယ်ဝန်းတဲ့ ကျောင်းတိုက်ကြီးတစ်ခုလုံးကို ပွဲတော်ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုက်ညီအောင် ရှင်းလင်းသုတ်သင်ထားရုံ မကသေးဘူး။ ကျောင်းတိုက်ရဲ့ လေးဖက်လေးတန်အပြည့် ကာထားတဲ့ အုတ်တံတိုင်းအတွင်းမှာလည်း (၁၀) ပေခန့်ကျယ်ဝန်းတဲ့ စင်္ကြံလမ်းကို မြေမာဖုန်ကင်း သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ထားပါသေးတယ်။

တံတိုင်းအတွင်း စင်္ကြံမှာ လမ်းလျှောက်ရင်း ပတ်ဝန်းကျင်ကို သတိပြုမိရာက အသိတစ်ခုလည်း ရလိုက်တယ်။ “မြင်သူကို ကြည်နူးအေးမြစေတဲ့ တကယ့်အလှဆိုတာ အပိုပစ္စည်းတွေနဲ့ တန်ဆာဆင်လို့ မရနိုင်ဘူး၊ မလိုလားအပ်တဲ့ အရှုပ်အထွေးတွေကို ဖယ်ရှားသုတ်သင်မှသာ ရနိုင်တယ်” ဆိုတာပါပဲ။

ရုပ်မှာ ရုပ်ရဲ့ မလိုလားအပ်တဲ့ အရှုပ်အထွေးများကို ဖယ်ရှားလိုက်ရင် ရုပ်ရဲ့ ထည်ဝါခံ့ညားတဲ့ ပင်ကိုအလှတရား ထီးထီးမားမား ပေါ်လွင်လာသလိုပဲ။ စိတ်မှာလည်း စိတ်ရဲ့ မလိုလားအပ်တဲ့ အပူအရှုပ်အပိုတွေကို ဖယ်ရှားနိုင်ခဲ့ရင် စိတ်ရဲ့ ထည်ဝါခံ့ညားတဲ့ ဂုဏ်သိက္ခာဆိုတာ အလိုလို ပေါ်လွင်ထင်ရှားပြီး

http://www.dhammadownload.com



တွေ့မြင်ရသူတို့ရဲ့ နှလုံးစိတ်ဝမ်းကို အေးချမ်းစေနိုင်မယ်လို့လည်း အနုမာန အသိတစ်ခု ရလိုက်ပါတယ်။

ရုပ်နဲ့ စိတ်တို့ရဲ့ အတုအပမပါတဲ့ ပင်ကိုအလှကို ဆက်စပ်တွေးနေရင်းက ရှေးအဆက်ဆက် ယောဒေသနဲ့ ယောသူယောသားများကိုလည်း လှမ်းမျှော် ခန့်မှန်းကြည့်နေမိတယ်။ 'လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ဒီနယ်သူ နယ်သားတွေမှာ အရပ်တစ်ပါး အရောက်အပေါက်နည်းသလို တခြားဒေသတွေရဲ့ ဗဟုသုတလည်း နည်းကောင်း နည်းနေကြမယ်။ အပြင် ဗဟုသုတ အရှုပ်အထွေးတွေ ကင်းနေခြင်းကပင် "လောင်စာနည်းတော့ မီးအားနည်း" ဆိုသလို ကိလေသာမီး အပူဓာတ်တွေလည်း ပင်ကိုသဘာဝအရ နည်းပါးနိုင်တယ်။ အရှုပ်ကင်း၊ အပူနည်းတဲ့ နေရာဟာ တရားအအေးဓာတ်နဲ့ အလင်းရောင်တို့ ပိုမို ထင်ရှားပေလိမ့်မယ်။ ဒါကြောင့်လည်း ဒီဒေသတွေမှာ ဗုဒ္ဓဘာသာကောင်း၊ ဆရာကောင်းတပည့်၊ တပည့်ကောင်း ဆရာ ဆိုတဲ့ အစဉ်အလာကောင်းတွေ ဒီနေ့အထိ မတိမ်ကောမပျောက်ပျက်ဘဲ ရေရှည် တည်တံ့နေတာများ ဖြစ်ရော့သလား' လို့။

*

http://www.dhammadownload.com



ရောက်ပြီး နောက်နေ့ဖြစ်တဲ့ (၁၃) ရက်နေ့ ညမှာ မိမိကို တရားဟောဖို့ ယောဆရာတော်က တာဝန်ပေးပါတယ်။ ညနေပိုင်းမှာ ရန်ကုန်က ဆရာတော်တစ်ပါးက 'ဒီည တရားဟော တာဝန်ကျတဲ့ ပုဂ္ဂိုလ်ကတော့ အတော့်ကို ဂရုစိုက်ရမယ်' တဲ့။ 'ဘာကြောင့်တုံး ဘုရား' ဆိုတော့ 'ကျောင်းဝိုင်းထဲမှာ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးနဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးတွေလည်း ရောက်နေကြပြီ၊ တိပိဋကဓရ (ယော) ဆရာတော်လည်း ည တရားပွဲမရှိလို့ ဒီမှာပဲ ရှိနေမှာ၊ တရားဟောသံကို ဒီဆရာတော်ကြီးတွေ ကြားနေကြမှာပဲ' တဲ့။

မိမိက 'ဒီလိုဆိုရင်တော့ တပည့်တော်အတွက် အခွင့်ထူးကြီးတစ်ခုလို့ပဲ ဆိုရလိမ့်မယ်။ သာမညဖလ သုတ်မှာ အဇာတသတ်မင်းကြီးက မြတ်စွာဘုရားရှင်ကို လျှောက်ထားသလိုပေါ့။ "အတုအယောင် ပညာရှင်များဟာ မှားကွက်ကို ရှာပြီး အပြစ်ကိုသာ ပြောလေ့ရှိတဲ့အတွက် သူတို့ရှေ့မှာ ဘာမဆို ပြောရတာ ဝန်လေးတယ်။ တကယ့်ပညာရှင်များကတော့ မှားတာကို မှန်အောင်ပြင်ပေးတယ်၊ တိမ်းစောင်းတာကို တည့်မတ်ပေးတယ်၊ မှန်ကန်တာကို အခိုင်အမာဖြစ်အောင် အတည်ပြုပေးတယ်" တဲ့။ အခုလည်း တကယ့် ပညာရှင်ကြီးများအနီးမှာ ဟောရမှာဆိုတော့ တပည့်တော် အတွက် အကျိုးထူးတစ်ခု မုချရမှာ သေချာတာပေါ့'

http://www.dhammadownload.com



လို့ လျှောက်ထားလိုက်ပါတယ်။

ညပိုင်းမှာ ဆရာတော်ကြီးများရဲ့ဂုဏ်ကို အာရုံပြုပြီး ဓမ္မပူဇာတရားအဖြစ် **“စွန့်လွှတ်သူတို့ပျော်ပွဲ”** ကို ဟောခဲ့ပါတယ်။

လောကမှာ မိဘဆိုတာ သားသမီးတို့အတွက် စွန့်လွှတ်သူ။ ဆရာဆိုတာ တပည့်တို့အတွက် စွန့်လွှတ်သူ၊ ပစ္စည်းလေးပါး ဒကာ၊ ဒကာမ ဆိုတာ သာသနာအတွက် စွန့်လွှတ်သူများ ဖြစ်ကြတယ်။ စွန့်လွှတ်သူဆိုတာ စွန်လွှတ်သူလို စိတ်ထားမျိုး ရှိရမယ်။ ကိုယ့်ကို လူသိဖို့ မလိုဘူး၊ ကိုယ်လွှတ်တဲ့စွန် တက်နေတာကို ကြည့်ပြီး ဝမ်းမြောက်တတ်ရမယ် ဆိုတဲ့ အကြောင်းနဲ့ ဒကာ ဒကာမများက ရှင်ရဟန်းဆိုတဲ့ စွန်တွေကို ပစ္စည်းလေးပါး ဆိုတဲ့ ကြိုးနဲ့ လွှတ်တင်နေကြသလို ဆရာဖြစ်တဲ့ ရှင်ရဟန်းများက ဒကာ ဒကာမများကို ဓမ္မဆိုတဲ့ ကြိုးနဲ့ လွှတ်တင်ပေးကြရမယ်။ လွှတ်လည်း လွှတ်တင်ပေးနေကြတယ်။ သဒ္ဓါတရား ခိုင်မြဲပြီ သရဏဂုံမြဲပြီ သီလမြဲပြီ စသည်ဖြင့် အဆင့်ဆင့်တက်နေတာကို ကြည့်ပြီး ဝမ်းမြောက်ကြရပါတယ် ဆိုတဲ့ အကြောင်းနဲ့၊

လောကမှာတော့ “တက်လူကျလူ” ဆိုတာ အသက်အရွယ် ငယ်သူနဲ့ ကြီးသူတို့ကို ခွဲခြားခေါ်ကြတယ်။ ဓမ္မနယ်ပယ်မှာတော့ အကုသိုလ် ဒုစရိုက် ထူပြောသူများဟာ ကျလူဖြစ်ပြီး၊ ကုသိုလ် သုစရိုက်

http://www.dhammadownload.com



များပြားသူများဟာ တက်လူဖြစ်တယ်လို့ ဘုရားရှင် သတ်မှတ်တော်မူတယ်။ လောကီ ကုသိုလ်တွေထဲမှာ ခန္ဓာရဲ့အရှိကို သတိနဲ့ ကပ်ပြီး ရှုမှတ်ပွားများတဲ့ ဝိပဿနာကုသိုလ်ဟာ အမြင့်ဆုံးဖြစ်တယ်။ ဒါကြောင့် အသက်အရွယ် ဘယ်လောက်ပဲ ကြီးနေနေ **ခန္ဓာအရှိကို သတိကပ် သိမှတ်နေသူများဟာ အသက်ရှူလို့ ရနေသေးသမျှ တက်လူများ ဖြစ်ကြတယ်။** ဘဝကို တက်လူများအဖြစ်နဲ့ နိဂုံးချုပ်နိုင်ကြပါစေလို့ ဟော ကြား တိုက်တွန်းခဲ့ပါတယ်။

တပို့တွဲလပြည့် နေ့ခင်းမှာ ရာပြည့်ကုသိုလ် အနုမောဒနာတရားအဖြစ် တိပိဋကရေ (ယော) ဆရာ တော်က ဟောကြားတဲ့အခါ

(ယော) ဆရာတော်က သက်တော်ရှည် သလောက် သိက္ခာတော်စည်ပင်လှတဲ့ ပထမကန်တောရ ဆရာတော်ဘုရားကြီးထံမှာ ၂ နှစ်လောက် ပညာအမွေ၊ စရဏအမွေတို့ကို ခံယူခွင့် ရခဲ့ပါတယ်။ (ယော) ဆရာ တော်ရဲ့ရွာက ကန်တောရနဲ့ ၆ မိုင်လောက် ဝေးတဲ့ လက်ပန်ရွာဖြစ်လို့ လက်ပန်ကိုရင်လေးလို့ ခေါ်လေ့ ရှိတယ်တဲ့။

တစ်နေ့မှာ ဆရာတော်ကြီးက 'လက်ပန်ကိုရင် လေး၊ မကောင်းတာ ၁၀၀ နဲ့ ကောင်းတာ တစ်ခု ဆိုရင် ဘယ်ဟာကို ယူမလဲ' လို့ မေးပါသတဲ့။ 'ကောင်းတာ တစ်ခုကို လိုချင်ပါတယ် ဘုရား' ဆိုတော့ 'အေး

http://www.dhammadownload.com



အဲဒါ မှန်သကွဲ့၊ မကောင်းတာ ၁၀၀ ဆိုတာ အရေအတွက်များပေမယ့် အရည်အချင်း ဘာမှ မရှိဘူး၊ ကောင်းတာတစ်ခုက အရေအတွက် နည်းပေမယ့် အရည်အချင်းရှိတယ်။ ဒါကြောင့် အရေအတွက်များဖို့ မကြိုးစားနဲ့၊ အရည်အချင်းရှိအောင် ကြိုးစားနော်' လို့ ဆုံးမတော်မူပါသတဲ့။

နောက်တစ်ခါ ဆရာတော်ကြီးက 'ကိုရင် ပညာသင်တယ်ဆိုတာ ဘာရည်ရွယ်ချက်နဲ့ သင်ရတာလဲ' လို့ မေးခွန်းထုတ်ပြီး 'ပညာသင်တယ်ဆိုတာ အရှိကို အသိက အနိုင်ယူတတ်အောင်လို့ သင်ရတာ (အရှိကို နိုင်တဲ့ အသိတရားသာ တကယ့်ပညာအစစ် ဖြစ်တယ်) အရှိကို အသိက မနိုင်ရင် အရှိ နှိပ်စက်တာကို ခံရတယ်' လို့ ကိုယ်တိုင် ဖြေကြား ဆုံးမတော်မူခဲ့ပုံကို ပြန်လည်မိန့်ကြားရင်း အဓိပ္ပာယ်ဖွင့်ဆို ဟောကြားတော်မူပါတယ်။

အရှိဆိုတာ ခန္ဓာငါးပါးအရှိရယ်၊ ခန္ဓာငါးပါးကို အရင်းတည်ပြီး ရှာဖွေထားတဲ့ စီးပွားဥစ္စာ အရှိရယ်၊ တစ်နည်းပြောရရင် အတွင်းအရှိရယ်၊ အပြင်အရှိရယ်ပါပဲ။ ခန္ဓာငါးပါးအရှိရဲ့ သဘော သဘာဝ အမှန်ကို အသိက နိုင်နင်းမထားရင် ခန္ဓာငါးပါး နှိပ်စက်သမျှ ခံကြရမယ်။ "ခန္ဓာဝန်ထမ်း ပင်ပန်းလှသူ" ဆိုတာ ဒီလိုပုဂ္ဂိုလ်များပဲ ဖြစ်ပါလိမ့်မယ်။ ပစ္စည်းဥစ္စာအရှိကို အသိက မနိုင်ရင်လည်း တောင့်တရ၊

http://www.dhammadownload.com



ကြောင့်ကြရ၊ ရှာဖွေရ၊ စောင့်ရှောက်ရ၊ တုတ်ဓား လက်နက် ကိုင်ဆောင်ရ၊ ခိုက်ရန်ဒေါသ ဖြစ်ကြရ၊ နောက်ဆုံး စိုးရိမ်ပူဆွေး ငိုကြွေးကြရ ဆိုတာတွေ ဟာ အသိမဲ့သူများကို အရိုက နှိပ်စက်နေတာပါပဲ။

အရိုကို အသိက အနိုင်ယူတတ်သူတွေ အဖို့ တော့ အရိုကြောင့် အသိလည်းတိုး၊ ကုသိုလ်လည်း တိုးနဲ့ အရိုရဲ့အကျိုးထူးတွေကို ရရှိနိုင်ကြပါတယ်။ ခန္ဓာအရိုကို အသိနဲ့ အသုံးချတတ်တဲ့အတွက် သစ္စာ လေးပါးအသိအထိ အကျိုးရကြသလို၊ ပစ္စည်းဥစ္စာ အရိုကို အသိနဲ့ နိုင်နိုင်နင်းနင်း အသုံးချပြီးတော့လည်း ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေ တိုးပွား အကျိုး များနိုင်ကြပုံကို မကျဉ်းမကျယ် ဟောပြသွားပါတယ်။

အနုမောဒနာနဲ့ ရာပြည့်အောင်ပွဲ အောင်မြင် ပြီးစီးတဲ့ ညနေမှာပဲ ယောနယ်က ကလေး၊ ကလေး၀၊ မုံရွာကားလမ်းအတိုင်း ပြန်ခဲ့ကြတယ်။

မိမိအနေနဲ့ ရာနှုန်းပြည့် ယောနယ်နဲ့ ရာနှုန်း ပြည့်ရာပြည့်ပွဲကို ကြုံတွေ့ခွင့်ရသလို၊ ကြုံတုန်းကြုံ ခိုက်မှာ (ယော) ဆရာတော်ရဲ့ စီစဉ်တာဝန်ပေးမှု အရ ဆရာတော်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို ဓမ္မပူဇာနဲ့ ပူဇော်ခွင့်ပါရခဲ့တဲ့အတွက် ယောနယ်ကို ရောက်ဖူးကာ မတ္တယောပြန် မဟုတ်ဘဲ "ရာနှုန်းပြည့် ယောပြန်" အဖြစ် ကြည်နူးဝမ်းသာ ဖြစ်ခဲ့ရပါတယ်။ ယောဆရာ တော်က တစ်ဆင့် ပြန်လည်ပေးလိုက်တဲ့ ကန်တောရ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒလက်ဆောင်ကလည်း ခန္ဓာအရှိ ဥစ္စာအရှိနဲ့ မကင်းနိုင်သေးသမျှ ရာနှုန်းပြည့် အသုံးကျတဲ့ လက်ဆောင်ကောင်း ဖြစ်လို့ **"ရာနှုန်းပြည့် လက်ဆောင်"** အဖြစ် လေးစားမြတ်နိုးစရာ၊ လိုက်နာ ကျင့်သုံးစရာ ကောင်းလှတဲ့အတွက် စာဖတ်သူများကို ထပ်ဆင့်ဝေငှ လက်ဆောင်မျှလိုက်ပါတယ်။

ရာနှုန်းပြည့် အသုံးချပြီး မနုဿတ္တနဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတို့ ရာနှုန်းပြည့်ကြပါစေသော။

**သက်တော်ရှည်သလောက် သိက္ခာတော် စည် ပင်ဖွံ့ဖြိုးတော်မူတဲ့ ပဌမ ကန်တောရဆရာ တော်ဘုရားကြီးရဲ့ ကန်တောရ သာသနာ့ မျိုးဆက်အပေါင်းတို့ရဲ့ သိက္ခာအစုံကို အာရုံ ပြု၍ ဤစာစုဖြင့် ကန်တော့ပါ၏ဘုရား...။**

❑

http://www.dhammadownload.com

# တောင်ဝေးခေါက် ဦးပွား (၁)

ကုသိုလ်ရှိပြီးသား ပုဂ္ဂိုလ်တွေဆီမှာ ကိုးကွယ် ပူဇော်ခံရုံသက်သက် နေရတာထက် ကုသိုလ် နည်းသေးတဲ့ ရွာသူရွာသားတွေကို ကုသိုလ် တိုးအောင် လုပ်ပေးရတာက အကျိုးကြီး ပါတယ်။

(ကမြိစချမ်း–တောင်ဝေးခေါက် ဆတော်ပွား)

မြတ်စွာဘုရားရှင်အား အသက်ကို အပ်နှင်း၍ ကိုးကွယ် ဆည်းကပ်ပါ၏။ (ဗုဒ္ဓသာ အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ) ဆိုတဲ့ မဟာသရဏဂုံ ကို ရွတ်ဆိုမိတဲ့အခါတိုင်း မိမိတို့ ဆရာစဉ်ဆက် အဘေးဆရာကော်တဲ့ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ကမြဲ စချမ်း (ကန်မြဲ၊ စောင်ချမ်း) က တောင်ဝေးခေါက် ဆတော် (ဆရာတော်) ပွားကို အမြဲလိုလို သတိရမိ ပါတယ်။

http://www.dhammadownload.com



ကမြစ်ချမ်းဆိုတာ ပရိယတ္တိ သာသနာ့ဝင်မှာတော့ ရှေးက ပခုက္ကူ၊ မြင်းခြံ၊ မန္တလေးက ဆရာတော်ကြီးတွေ အတော်များများ အလေးအနက်ထားရာ ရပ်ရွာကြီးဖြစ်ပါတယ်။ မိမိတို့ဆရာတော် ပြောပြတဲ့စကားအတိုင်း ပြောရရင်တော့ "အစာရေစာ ရှားပါးတဲ့ တောရွာမှာ သဒ္ဒါဘုရားပွင့်လို့ မြို့ကြီးပြကြီးက ဆတော်ကြီးများကတောင် ကမြစ်ချမ်းမှာ သဒ္ဒါစာဝါ သွားတင်ခဲ့ရတယ်" တဲ့။

အစာရေစာ ရှားပါးပုံနဲ့ ပတ်သက်လို့ မိမိတို့ဆရာ ပြောပြတာကတော့ စာသင်သားတွေက ရွာလေးနဲ့ မလိုက်အောင် များပြားပြီး ရွာက ရေကလည်း ရှား ဆိုတော့ နေ့စဉ်ဆွမ်းအဖြစ် ပြောင်း၊ လူး၊ ဆန်ကွဲတွေရောပြီး ချက်ထားတဲ့ ဆွမ်းအကြမ်းကို ခွဲတမ်းကျ တစ်ပန်းကန်စီနဲ့ အချဉ်ဟင်း၊ ငရုတ်သီးထောင်းနဲ့ စားရတယ်။ အဖိတ်နေ့ညနေ ရောက်ပြီ ဆိုရင် ဟိုရွာဒီရွာ ရွာနီးချုပ်စပ်တွေက ဥပုသ်နေ့ ဆွမ်းအဝစားကြဖို့ ဆိုပြီး ငါးပါးတန်သည်၊ ဆယ်ပါးတန်သည် လှည်းတွေနဲ့ လာပင့်ကြတာ လိုက်ရတယ်။ သီတင်း တစ်ပတ်မှာ ဥပုသ်နေ့ တစ်နေ့ပဲ ဆွမ်းအဝစားရတယ်။ ဟင်းကတော့ ဒေသဓလေ့ ချိုဟင်း ချဉ်ဟင်းပါပဲတဲ့။

ရေကတော့ ကန်ရေခန်းသွားပြီ ဆိုရင် ကိုယ့်ဘာသာကိုယ် ရေတွင်းငယ်လေးတွေ တူးထားပြီး ညအချိန်မှာ ရေတွင်းပေါ် ဝါးကပ်ခင်းပြီး စာပြန်ရင်း

http://www.dhammadownload.com



တစ်နေ့စာ သောက်ရေကို စောင့်ပြီး ခပ်ထားရတယ်တဲ့။ ချိုးရေ ဆိုတာကတော့ ဥပုသ်နေ့ ဆွမ်းစားလိုက်ရတဲ့ ရွာရောက်မှပဲ ချိုးရတယ်လို့ ဆိုပါတယ်။

ကမြံစချမ်းမှာ သဒ္ဒါနာမည်ကြီးတာက **"ကစ္စာယနဝိစယ"** ဆိုတဲ့ သဒ္ဒါကျမ်းကြီးလေးတွဲကို ပြုစုခဲ့တဲ့ လူပျိုတော် မြို့ဖဆရာကြီး ဦးကြွက်ပါပဲ။ ဆရာကြီးက အသက် ၆၀ ကျော်မှ ဝိနယကုက္ကုစ္စ ဖြစ်လို့ လူထွက်သွားတော့ ဇာတိရွာဖြစ်တဲ့ ကမြံစချမ်းမှာ ပြန်နေတယ်။ တပည့်တော်ခဲ့တဲ့ ရွာသူ ရွာသားများက လုပ်ကျွေးပြုစုဖို့ သင့်လျော်တဲ့ အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ချပေးထားတယ်။ ပါဠိသဒ္ဒါ အသင်အပြကောင်းလွန်းလို့ စာသင်သား သံဃာများက တခြားအသက်မွေးဝမ်းကျောင်း မလုပ်ပါနဲ့၊ စားဝတ်နေရေးအတွက် တစ်လ ငွေရှစ်ပဲစီ စုပေါင်း ထောက်ပံ့ပါမယ် ဆိုပြီး ဝိုင်းတောင်းပန်ကြလို့ လူဝတ်နဲ့ ရဟန်းတော်များကို သဒ္ဒါသင်ပေးနေတာပါ။ ကမြံစချမ်းသား ကဗျာဆရာတစ်ဦးက ဒါ့ကြောင့် ပြောတာပေါ့ "ပညာကို အခကြေးငွေနဲ့ သင်ပေးတဲ့ ကျူရှင်" ဆိုတာက ကမြံစချမ်းဆရာကြီး ဦးကြွက်က စတာတဲ့။

ဆရာကြီးဦးကြွက် ကွယ်လွန်ပြီးတဲ့အခါ ဆရာကြီး မူအတိုင်း ဆက်လက် သင်ကြားပေးနေတာကတော့ ဆရာတော်ဦးပွား ဖြစ်ပါတယ်။ ပတ်ဝန်းကျင် ရဟန်းရှင်လူ အားလုံးကတော့ "တောင်ဖေးခေါက်

http://www.dhammadownload.com



ဦးပွား" လို့ပဲ ချစ်ကြောက်ရိုသေ ခေါ်ဝေါ် ပြောဆိုကြပါတယ်။

ဆတော်ပွားနဲ့ ပတ်သက်လို့ ဆရာစဉ်ဆက်မိန့်ကြားခဲ့တာ တော်တော်လေးစုံအောင် ကြားနာမှတ်သားခဲ့ရပေမယ့် ဘွဲ့တော်ကို မသိရလို့ ဆရာတော်ကြီးထံမှာ ငယ်စဉ်က ပညာရည်နို့ သောက်စို့ခဲ့ဖူးတဲ့ထေရဝါဒတက္ကသိုလ်က ဒုတိယ အဓိပတိ ဒေါက်တာ ဘဒ္ဒန္တကုမာရ (ဗန်းမော်ဆရာတော်) ကို လျှောက်ထားကြည့်တဲ့အခါ ဆရာတော်က ဆတော်ပွားနဲ့ ပတ်သက်လို့ မှတ်မိသမျှ မိန့်ကြားပေးပါတယ်။

ဆတော်ကြီးဘွဲ့က "ဦးသောဘိတ" တဲ့။ လက်မှာ အပွားလေးပါလို့ လူအမည် မောင်ပွားလို့ မှည့်ခေါ်ရာက ဆတော်ကြီး ဖြစ်တော့လည်း ဦးပွားလို့ပဲ ခေါ်ကြတယ်။ ဆတော်ကြီးကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ဦးပွားလို့ပဲ သုံးတယ်။ စာသင်တဲ့အချိန် ကတည်းက သူပြောလေ့ရှိတဲ့ စကားက "လူ့ပြည်မှာ ပွား၊ နတ်ပြည်မှာ သိကြား" တဲ့။ လက်အပွားလေး ပါတာကိုလည်း ဂုဏ်ယူမြတ်နိုးတယ်။ ဒါကြောင့် သူ တည်ထားတဲ့ ရုပ်ပွားဆင်းတုတော်မှာလည်း လက်ပွားလေးတစ်ခု တပ်ထားတယ်တဲ့။ သူက ဘုရားဆုလည်းပန်တယ်။ ဘုရားဖြစ်တဲ့အခါမှာလည်း လက်အပွားပါတဲ့ "ဗုဒ္ဓပွား" ပဲ ဖြစ်ပါစေသားလို့ ဆုပန်သတဲ့။

အဲဒါ တပည့်တွေက 'ဆရာတော် သဗ္ဗညု

http://www.dhammadownload.com



မြတ်စွာဘုရားဖြစ်တဲ့ ဘဝမှာ လက်က အပွားပါနိုင် ပါ့မလားဘုရား၊ မဟာပုရိသ လက္ခဏာတော် ၃၂ ပါး ထဲမှာ လက်ပွားမှ မပါဘဲနဲ့' လျှောက်ကြတဲ့အခါ 'ဘာဖြစ်လို့ မပါနိုင်ရမှာလဲ၊ သိဒ္ဓိမြတ်စွာဘုရားဆိုတာ "သိခံ အသေ အတ္ထိတိ သိဒ္ဓိ" ဆိုတဲ့အတိုင်း အသားပို အထွတ်ကလေးတစ်ခု အပိုပါလို့ "သိဒ္ဓိ" မြတ်စွာ ဘုရားလို့ ခေါ်တာပဲ ဆိုပြီး တခြားဘုရားရှင်တွေမှာ လက်အပွား မပါပေမယ့် သူ ဘုရားဖြစ်တဲ့အခါမှာ တော့ လက်အပွားပါအောင်လို့ ဆုပန်တဲ့အထဲ ထည့် ပြီး ပန်တာတဲ့။

ဆရာကြီးဦးကြွက်ရဲ့ ပညာအမွေကို ဆရာ့ လက်ဆုပ် မကျန် အရယူထားလို့ သဒ္ဒါအရာမှာ တစ် ဖက်ကမ်းခပ် တတ်မြောက်တယ်။ မန္တလေးမြို့ ရွှေရေး ဆောင်တိုက်၊ သဒ္ဒါအကျော် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝတို့၊ ဗန်းမော်ဆရာတော် ဘဒ္ဒန္တ ကုမာရတို့လည်း ဆတော်ပွားရဲ့ တပည့်ကြီးငယ်များ ဖြစ်ကြပါတယ်။

ဆရာတော်ကို "တောင်ဖေးခေါက်ဦးပွား" လို့ ခေါ်ကြတာကတော့ ဒီလိုပါ။ ဆရာတော်ကြီးက ဘုရား ကို အလွန်ကြည်ညိုတယ်။ ဘုရားကို ပူဇော်တဲ့နေရာ မှာ ဘုရားရှင်ရဲ့အဆုံးအမ ဝတ်တစ်ခုခုကို ကျင့်သုံးပြီး ပူဇော်တာဟာ အမြတ်ဆုံးပဲ ဆိုပြီး ပို့ဆွမ်း ပင့်ဆွမ်းကို ဘယ်တော့မှ ဘုဉ်းမပေးဘူး။ ကိုယ်တိုင် ဆွမ်းခံတဲ့ ပိဏ္ဍပာတ်ဓုတင် အမြဲကျင့်သုံးပါသတဲ့။ အသက်ကလေး

http://www.dhammadownload.com



နည်းနည်းရလာတော့ နောက်က ကျောင်းသားနှစ်ယောက်က ဆွမ်းဟင်းဗျပ်ဆိုင်းထမ်းပြီး ဆရာတော်ကြီးက သပိတ်ကို လက်တစ်ဖက်နဲ့ပွေ့၊ တစ်ဖက်က တောင်ဝှေးထောက်ပြီး ကြွတော်မူတယ်။

ဆရာတော်ကြီး ဆွမ်းခံကြွချိန်မှာ ရွာထဲက ဒကာဒကာမတွေက လောင်းလှူစရာ ဆွမ်းနဲ့ ဆွမ်းဟင်းများရယ်၊ ရေနွေးကြမ်းတို့ (တတ်နိုင်သူက) လက်ဖက်သုပ်တို့ရယ်၊ အသင့်ပြင်ဆင်ထားပြီးတော့မှ ဆရာတော်ကြီးထိုင်ဖို့ တန်းလျားကုလားထိုင် တစ်ခုခုမှာ တဘက်ပဝါခင်းပြီး အသင့်စောင့်ဆိုင်းနေကြရတယ်။ ဆရာတော်ကြီးက ခင်းထားတဲ့နေရာမှာ ထိုင်ရင်းက ကပ်လှူတာကို အကပ်ခံပြီးတဲ့အခါ အိမ်ရှင်များက တန်းပြီး ထမသွားကြရသေးဘူး၊ ဆရာတော် မိန့်ကြားဆုံးမတာကို ခံယူကြရတယ်။

ဆရာတော်ကြီး ဆုံးမသွန်သင်ပုံကလည်း ကြည့်ဦး… 'ဟဲ့ကောင် အကုသိုလ်စိတ် ဘယ်လောက်ရှိသလဲ' လို့ အရင်မေးမယ်၊ ဒကာက ဘာမှ ပြန်မပြောတတ်ဘဲ ငေးကြောင်ကြောင်လုပ်နေပြီ ဆိုရင် 'ဟင်… နင်ကုသိုလ်ကံရှိလို့ လူ့ပြည်ရောက်လာရတာ၊ ခုလိုသာသနာနဲ့ ကြုံခွင့်ရတာ၊ ဒီလို အခွင့်ထူးနဲ့ ကြုံလို့မှ ကုသိုလ်နဲ့ အကုသိုလ် မကွဲဘူးဆိုရင် နောက်တစ်ခါ နင် လူ့ပြည်ကို လာစရာ ဘာများ ရှိတော့မလဲဟဲ့…' ဆိုပြီး တောင်ဝှေးနဲ့ တစ်ချက်ခေါက်လိုက်မယ်။ ပြီးရင်

http://www.dhammadownload.com



အကုသိုလ် ၁၂ ပါး သရုပ်ကို မှတ်မိတန်သလောက် ခွဲပြမယ်။ နောက်တစ်နေ့ ထပ်မေးကြည့်လို့ မဖြေတတ်ရင် တောင်ဝှေးနဲ့ တစ်ချက်ထပ်ခေါက်မယ်။ ပြီး ထပ်သင်မယ်။ ဒီလိုနဲ့ ရွာသူရွာသားတိုင်းလိုလို သင်္ဂြိုဟ် သရုပ်တို့၊ ပရမတ္ထ တရားလေးပါးတို့ မေးလိုက်တိုင်း "ဒေါက်" ခနဲနေအောင် ဖြေတတ်ကြတယ်။ ဖြေတာက "ဒေါက်"ခနဲမနေရင် ဆရာတော် တောင်ဝှေးက "ဒေါက်"ခနဲ ဖြစ်သွားရောတဲ့။

ကန်မြဲစောင်ချမ်းသားများကတော့ ဆရာတော်ကြီး တောင်ဝှေးနဲ့ အခေါက်ခံရတာကို အခု တချို့လူတွေ ပြောနေကြတဲ့ "သဒ္ဓိတင်ပေးတယ်" ဆိုတာ လိုကျေကျေနပ်နပ်ကြီးကို ခံယူနေကြတာမို့ တောထဲအထွန်အကြဲ သွားကြသူတွေကတောင် စောစောစီးစီး ထွန်ယက်ပြီးရင် ဆရာတော် ဆွမ်းခံကြွလာချိန်အမီ အိမ်ကို ပြန်ကြသတဲ့။ တစ်ခါတလေ မျိုးကြဲ အရေးကြီးလို့ ဆွမ်းခံချိန် မမီလိုက်ဘူးဆိုရင်လည်း ညနေပိုင်းရောက်ရင် ကျောင်းကို အရောက်သွားကြတာပဲတဲ့။ ဆရာတော်ကြီးကလည်း ထုံးစံအတိုင်း မေးမယ်၊ ခေါက်မယ်၊ ပြီး သင်ပေးမယ်။ ဒါကြောင့်လည်း တစ်ရွာလုံးက သူတို့ဆရာတော်ကို "တောင်ဝှေးခေါက်ဦးပွား (ဆတော်ပွား)" ရယ်လို့ တလေးတစား ဂုဏ်ယူပြီး ခေါ်ကြပြောကြတာပါ။

ဆရာတော် အရွယ်တော်တော်လေး ရလာတော့

http://www.dhammadownload.com



တပည့်ကြီးတစ်ပါးဖြစ်တဲ့ မန္တလေးမြို့ ရွှေရေးဆောင်တိုက် သဒ္ဓါအကျော် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝကလည်း ဗန္ဓုလဦးဆိုင်က ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းပြီး ပစ္စည်းလေးပါးလည်း မချို့တဲ့အောင် လှူဒါန်းထားလို့ ပြည့်စုံတဲ့အတွက် ဆရာတော်ကြီးကို မန္တလေးကြွရောက်ပြီး နားနားနေနေ အပူဇော်ခံနေဖို့၊ ရွာကျောင်းမှာ တပည့် ဦးပဥ္စင်းများနဲ့ အဆင်ပြေအောင် စီစဉ်ပေးပါမယ် ဆိုပြီး လာပင့်တယ်။ ဆရာတော်ကြီးက 'ဦးပဏ္ဍဝတို့က စာသင်သားသံဃာတွေကို စာဝါတွေ ပို့ချပေးနေတာ ဆိုတော့ ကုသိုလ်တွေ နေ့တိုင်း ရနေတာပါ။ ကုသိုလ်ရှိပြီးသား ပုဂ္ဂိုလ်တွေဆီမှာ ကိုးကွယ်ပူဇော်ခံရုံသက်သက် နေရတာထက် ကုသိုလ်နည်းသေးတဲ့ ရွာသူရွာသားတွေကို ကုသိုလ်တိုးအောင် လုပ်ပေးရတာက အကျိုးကြီးပါတယ်' ဆိုပြီး ငြင်းပယ်ပါသတဲ့။

ဒါကို ရွာသားတွေက ကြားကြတော့ 'တပည့်တော်တို့ကို ဒီလောက်အထိ ငဲ့မနေပါနဲ့၊ ဆရာတော်ဘုရား ကျန်းမာရေးကို ရှေးရှုပြီး မြို့က လာပင့်တာကို လိုက်တော်မူပါ' လို့ ဝိုင်းပြီး လျှောက်ထားကြတော့ 'ဟဲ့ နင်တို့လို ငမွဲရွာမှာ ငါလိုဘုန်းကြီးမှ မနေရင် ဘယ်ဘုန်းကြီးက နေချင်မတုံးဟဲ့၊ နေပြန်တော့ကော ငါလို ဆုံးမမှာလား။ နင်တို့တစ်တွေ ငါလို တောင်ဝှေးနဲ့ တဒေါက်ဒေါက်ခေါက်ပြီး ဆုံးမနေတဲ့ ကြားက

http://www.dhammadownload.com



တောင် မိုက်တဲ့ကောင်က မိုက်နေသေးတာ၊ ငါမရှိရင် ဘယ်လောက်မိုက်ကြမတုံး၊ ဘာလဲ နင်တို့က ငါ ဆုံးမ တာ မခံနိုင်လို့လား’ ဆိုပြီး လာလျှောက်သူကို တောင်ဝှေးနဲ့ ခေါက်လွှတ်သတဲ့။

ဆရာတော်ကြီးရဲ့ မေတ္တာစေတနာ ကြီးမားလွန်းတာ သိရလေ ဒကာ ဒကာမတွေက မချိတင်ကဲ ဖြစ်ပြီး မျက်ရည်ကျရလေ ဖြစ်ကြရသတဲ့။ ဒါကို ဆရာတော်ကြီးက သိတော့ ‘နင်တို့ ဘာမှ ဝမ်းနည်း မနေကြနဲ့၊ ရှေးကဆိုးလို့ အခုဆိုးရတာ၊ အခုဆိုးရင် နောင်လည်း ဆိုးမယ်၊ နင်တို့ကို ငါဆုံးမနေတာတွေ ဟာ အဖ ဘုရားရှင် ဆုံးမခဲ့တာတွေအတိုင်း ဆုံးမ နေတာပဲ၊ အဲဒါ နားထောင်ကြ၊ မကောင်းတာတွေ မလုပ်ကြနဲ့၊ ကောင်းမှုတွေကို တတ်နိုင်သမျှ ကြိုးစား ကြ၊ အခုကောင်းရင် နောင်ကျ ကောင်းလာလိမ့်မယ်၊ ကောင်းလာတဲ့ ဘဝကျတော့ နင်တို့လည်း ကိုယ့်ဆရာ သမားကို ထိုက်ထိုက်တန်တန် ကိုးကွယ်ပူဇော်နိုင်ကြ မှာပေါ့ဟဲ့’ လို့ ဖျောင်းဖျ ဆုံးမတော်မူပြန်ပါသတဲ့။

ပရိယတ္တိ စာသင်သားလောကမှာတော့ သဒ္ဒါ ကျမ်းနဲ့ ပတ်သက်လို့ တစ်ဖက်ကမ်းခပ် တတ်မြောက် တော်မူလို့ “သဒ္ဒါဘုရား” လို့ ဆိုကြပေမယ့် ကမြစချမ်း (အများကတော့ အစားအစာကြွမ်းလို့ ကမြစကြွမ်းလို့ ခေါ်ကြတယ်) ရွာနှစ်ရွာမှာ နေကြသူတွေ ကတော့ သူတို့ရွာအတွက် သဗ္ဗညုတ ဘုရားရှင်

http://www.dhammadownload.com



ကိုယ်စား "ရှာဘုရား" လို့ ခံယူပြီး အလေးအမြတ်ထားကြတာဟာ ဆရာတော်ကြီးရဲ့ ဒီလို မေတ္တာ ကရုဏာတော်တွေကြောင့်ပဲ ဖြစ်မယ် ထင်ပါတယ်။

❑

http://www.dhammadownload.com

# တောင်ဖွေးခေါင်ကင် ဦးပွား (၂)

"မိဘကို ရိုသေလေးစားတယ် ဆိုတာ အဝေးကနေပြီး ရိုသေနေလို့ ပြီးတာ မဟုတ်ဘူး။ မိဘရှိရာကို အနည်းဆုံး တစ်နှစ်တစ်ခါ အရောက်သွားပြီး ပူဇော်ကန်တော့မှပေါ့ဟဲ့။"

(တောင်ဖွေးခေါင် ဆတော်ပွား)

တောင်ဖွေးခေါင် ဆတော်ပွားနဲ့ ပတ်သက်လို့ ဗန်းမော်ဆရာတော် မိန့်ကြားတဲ့အထဲမှာ "ဆရာတော်ကြီးဟာ သူများထက် အောက်ကျ နောက်ကျ ဘယ်တော့မှ မဖြစ်လိုဘူး၊ ဒါကြောင့်လည်း ဘာမဆို သူများအထက်က ရောက်အောင် ကြိုးစားအားထုတ်တယ်။ စာသင်ရာမှာလည်း ဘယ်စာမဆို ပါရဂူမြောက် တစ်ဖက်ကမ်းရောက်အောင် ကြိုးစားခဲ့တာချည်းပဲ' တဲ့။

မြတ်စွာဘုရားရှင်ကိုလည်း အလွန် ကြည်ညိုတယ်။ ဝိနည်းလေးစားတဲ့ နေရာမှာလည်း သူမတူ

http://www.dhammadownload.com



အောင်ကို လေးစားတာတဲ့။ လူတွေနဲ့ စကားပြောတဲ့ အခါမှာလည်း အောက်ကျို့ခံတဲ့သဘော၊ မျက်နှာချို သွေးတဲ့ သဘောမျိုးနဲ့ ဘယ်တော့မှ မပြောဘူး။ ကမြ စချမ်းသူကြီး ဦးတလုပ် ဆိုတာ သူ့ခေတ်ကတော့ အလွန်တန်ခိုးထွားတယ်။ ကြီးငယ်မရွေး အားလုံးက ဦးတန် ဦး၊ အစ်ကိုတန် အစ်ကို ထည့်ခေါ်ရတာ။ တချို့က သူကြီးမင်းလို့ ရှေ့ကတပ်ပြီး ခေါ်ကြ ပြော ကြရတယ်။ ဆတော်ပွားကတော့ ဦးတွေ ကိုတွေ ဘယ်တော့မှ မထည့်ဘူး။ "တလုပ်" လို့ပဲ ခေါ်တယ် ပြောတယ်တဲ့။

ဆရာတော်ကြီးနဲ့ ပတ်သက်လို့ တခြား ပြော စမှတ်တစ်ခုလည်း ကြားရဖူးတယ်။ ဆရာတော်ကြီး သက်တော်ရှယ်တော် အတော်လေးရလာတော့ အဝေး အနီးမှာ ရှိကြတဲ့ တပည့်ကြီးတွေက သီတင်းဝါလ ကျွတ်တဲ့အခါ လာရောက်ကန်တော့ကြတယ်တဲ့။ တစ် နှစ်မှာတော့ တပည့်ကြီးတွေ အတော်လေး စုံစုံညီညီ ကြွရောက်လာတဲ့အခါ ဆရာတော်ကြီးက 'ကဲ ဆရာ တော်တွေလည်း အတော်စုံသဗျာ။ တို့လည်း ပဌာန်း ပစ္စယနိဒ္ဒေသ မနာရတာ အတော်ကြာပြီ၊ ပစ္စယနိဒ္ဒေသ ဘယ်သူများ အလွတ်ရကြတုံး၊ ရွတ်ပြစမ်းပါ နာချင် လို့' ဆိုတော့ ဆရာတော်ကြီးတွေက မလှုပ်ကြဘူးတဲ့။

အလျှိုအလျှို ရောက်ရောက်လာကြတဲ့ ဆရာ တော်များ လာပြီးဝတ်ပြုတိုင်း ဒီလိုပဲ တိုက်တွန်းပေ

http://www.dhammadownload.com



မယ့် ဆရာတော်များက 'တပည့်တော် နှလုံးသွင်းပြီး သား အသင့်မရှိပါဘူးဘုရား' လို့ပဲ ပြန်လျှောက်ကြ သတဲ့။ ဆရာတော်ကြီးက 'ဘယ့်နှယ်… ကိုယ့်နေရာ ကိုယ့်ဒေသမှာ ဆရာတော်၊ သမားတော်ဆိုပြီး လုပ် နေကြပြီးတော့ ပစ္စယနိဒ္ဒေသလေးလောက်တော့ နှလုံး သွင်းထားကြမှပေါ့' လို့ မိန့်ကြားပါသတဲ့။

နောက်တော့ ဆရာတော်ကလေးတစ်ပါး ကြွ လာတဲ့အခါ ထုံးစံအတိုင်း မိန့်ကြားတော့ အဲဒီ ဆရာ တော်လေးက 'မှန်လှပါ၊ တပည့်တော်က တစ်နိုင် တစ်ပိုင် စာသင်တိုက်ကလေး ထူထောင်ထားတဲ့အတွက် စာဝါစုံ ပို့ချပေးရတာ ဆိုတော့ ပဋ္ဌာန်းလည်း ပို့ချ ပေးနေရတဲ့အတွက် နှလုံးသွင်းပြီးသား အသင့်ရှိပါ တယ်ဘုရား၊ အာဂုံရပါတယ်' လို့ လျှောက်ထားတဲ့ အခါ ဆရာတော်ကြီးက…

'ကဲ… လာကြဗျို့… ဟောဒီမှာ ပစ္စယနိဒ္ဒေသ အာဂုံရတဲ့ ပုဂ္ဂိုလ် တွေ့ပြီဗျာ၊ ကံကောင်းထောက်မ လို့ဟေ့။ ဒီလောက် ဆရာတော်တွေ စုံညီနေတဲ့အခါ ပစ္စယနိဒ္ဒေသ အာဂုံရတဲ့ ပုဂ္ဂိုလ် တစ်ပါးမှ မပါဘူး ဆိုရင် ကြားလို့မှ မတော် ဆိုတာမျိုး ဖြစ်တော့မလို့ ဟ၊ ခုတော့ တော်သေးတာပေါ့။ ဒီတစ်ပါးက အာဂုံ ရထားလို့၊ ကဲ… ကဲ… လာကြ… လာကြ၊ ပစ္စယ နိဒ္ဒေသ နာကြရအောင်ဗျာ။ တို့လည်း အလွတ်မရ တော့ဘူးဟဲ့' လို့ မိန့်ကြားလိုက်တော့ တခြား ဆရာ

http://www.dhammadownload.com



တော်တွေလည်း အချင်းချင်းကြည့်ပြီး ရယ်ရမလို ငိုရမလို ဖြစ်ကုန်ကြသတဲ့။

ပြီးတော့မှ 'တို့လည်း ရတော့ ရသားဟော့၊ "ရပါတယ်" ဘုရားဆိုလို့ "ကဲ… ဒါဖြင့် ရွတ်ပြစမ်း'" ဆိုရင် ဆရာသမား ငယ်ကြောက်ဆိုတော့ လွယ်တာ မဟုတ်ဘူးဟ။ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားမှ လူကြားထဲ တောင်ဝှေးနဲ့ခေါက်ပြီး ထောက်ပေးနေရင် ခက်ချည်ရဲ့ ဆိုပြီး ဒီအတိုင်း ငြိမ်နေလိုက်ရတာ၊ ခုတော့ သူလည်း မရဘူးတဲ့ဗျာ၊ ဒီလိုမှန်းသိ စောစောကတည်းက ရပါတယ်ဆိုပြီး ဝန်ခံလိုက်မှာပေါ့' လို့ ပြောကြပြီး တိုးတိုးကျိတ်ကျိတ် ရယ်ကြပါသတဲ့။

ဒီအကြောင်း ဟုတ် မဟုတ် သေချာအောင် တပည့်ရင်း ဆရာတော်ကြီးများကို လျှောက်ထားကြည့်တဲ့အခါမှာတော့ သူတို့တော့ မကြားမိဘူးတဲ့၊ တခြားဆရာတော်ကြီးတစ်ပါးပါး အကြောင်းများ ဖြစ်နေမလားပဲလို့ မိန့်ကြားကြပါတယ်။

ဆရာတော်ကြီး နှစ်စဉ်နှစ်တိုင်း မပျက်မကွက် ပြုလေ့ရှိတဲ့ ဝတ္တရားတစ်ခုကတော့ မန်းစက်တော်ရာကို သွားရောက်ပြီး ခြေတော်ရာကို နဖူးနဲ့ တိုက် ဦးချကန်တော့ပူဇော်တဲ့ အလုပ်ပါပဲ။ ဒါကတော့ ဘယ်တော့မှ အပျက်မခံဘူးတဲ့။ သက်တော်ဝါတော် အတော်လေးကြီးလာတဲ့အခါမှာတော့ ကျန်းမာရေးကလည်း နည်းနည်းချို့ယွင်းလာတဲ့အတွက် တပည့်များက စက်

http://www.dhammadownload.com



တော်ရာအထိ မကြွဘဲ အဝေးကပဲ လှမ်းပြီး အာရုံပြု ကန်တော့ပါလို့ လျှောက်ထားကြတဲ့အခါ ဆရာတော် ကြီးက–

'မိဘကို ရှိသေလေးစားတယ် ဆိုတာ အဝေးက နေပြီး ရှိသေနေလို့ ပြီးတာ မဟုတ်ဘူး။ မိဘရှိရာ ကို အနည်းဆုံး တစ်နှစ်တစ်ခါတော့ အရောက်သွားပြီး ပူဇော်ကန်တော့မှပေါ့ဟဲ့။ ကိုယ့်နေရာကနေပြီး ကန် တော့ရုံနဲ့ ဘယ်လေးစားရာ ရောက်မလဲ။ တို့တစ်တွေ အလွန်ကံထူးကြလို့ အဖ ဘုရားရှင်က ဟိုးအဝေးကြီးက နေပြီးတော့တောင် ကြွလာပြီးတော့ ကိုယ်စားတော် ခြေတော်ရာချထားခဲ့သေးတာ၊ တို့က ဘာဖြစ်လို့ အဖေ့ ခြေရာရှိတဲ့ နေရာအထိ မသွားနိုင်ရမှာလဲ။ သေချင် သေပါစေ၊ သေခြင်းသေရင် အဖေ့ခြေရာဖက်ပြီး သေရ တာ မြတ်တယ်' ဆိုပြီး နှစ်စဉ် မရောက်ရောက်အောင် သွားတာပဲတဲ့။

သက်တော် ၈၃ နှစ်အရောက်မှာတော့ ကျန်း မာရေးအခြေအနေအရ မကြွသင့်တော့ဘူးလို့ တပည့် ဒကာတွေက တားကြပြန်ပေမယ့် ဆရာတော်ကြီးက လက်မခံဘူး၊ ကြွမြဲ ကြွတယ်။ တောင်ခြေရောက်တော့ ခြေကျင်တော့ မကြွပါနဲ့တော့၊ ကုလားထိုင်ပေါ်မှာ ထိုင်ပြီး လိုက်ပါ၊ ဒကာများက ထမ်းပို့ပါရစေလို့ တောင်းပန်ကြပြန်တယ်၊ ဆရာတော်ကြီးက 'ကိုယ့် ဖခင်ဆီ ကန်တော့ဖို့ သွားပါတယ် ဆိုနေမှ ကိန်းကြီး

http://www.dhammadownload.com



ခန်းကြီးလုပ်ပြီး ထမ်းစင်ပေါ်က မိန့်မိန့်ကြီးသွားလို့ ဖြစ်မလားဟဲ့၊ ကိုယ့်ခြေထောက်နဲ့ ကိုယ်ပဲ ရှိရှိသေသေ သွားမယ်။ ချိုင်းကနေ တွဲပေးကြ' ဆိုလို့ တွဲပို့ကြရပါသတဲ့။

လှေကား ဆယ့်ကိုးထစ်ရောက်လိုက် တစ်ထောက်နားလိုက်နဲ့ တွဲပြီး တက်လာလိုက်တာ ခြေတော်ရာနားနီးတော့ "ရောက်တော့မဟ... ရောက်တော့မဟ..." နဲ့ ကိုယ့်ဘာသာကိုယ် အားပေးရင်းကြိုးစားပြီး တက်တယ်၊ ခြေတော်ရာရှေ့ရောက်တော့ ဟောဟဲထိုးနေပြီး အတော်နဲ့ ဝတ်မပြုနိုင်သေးဘူး၊ ကျုံ့ကျုံ့ ထိုင်ရင်းက လက်နှစ်ဖက်ကို ရှေ့ထောက်ပြီး တစ်အောင့်လောက် နားနေသေးသတဲ့။ ပြီးတော့မှ တပည့်နှစ်ယောက်က နံဘေးကနေ ထိန်းပေးပြီး ဖြည်းဖြည်းလေး ဦးချတယ်။ တစ်ကြိမ် ဦးချပြီးရင်လည်း ခဏနားနေရသေးသတဲ့။ နောက်ဆုံး သုံးကြိမ်မြောက်မှာတော့ ဟင်းခနဲ သက်ပြင်းကြီးတစ်ခုကို မှုတ်ထုတ်လိုက်ပြီး နဖူးကို လက်ပေါ်အထိ ငုံ့တဲ့ပြီး ဦးချလိုက်တာ၊ ဒီတစ်ခါ ကြာလွန်းလှချည့် ဆိုပြီး တပည့်များက မထူလိုက်တော့မှ အသက်မရှိတော့ဘူး ဆိုတာ သိလိုက်ကြရပါသတဲ့။

မိမိတို့က ဆရာတော်ကြီးရဲ့ သုံးဆက်မြောက် တပည့်စဉ်ဆက်ဖြစ်လို့ ဆရာတော်ကြီးဟာ လောကအလို ဆွေမျိုးစပ်ရရင် "အဘေး" ဆရာလို့ ဆိုရမှာပေါ့။

http://www.dhammadownload.com



"မြတ်စွာဘုရားရှင်အား အသက်ကို အပ်နှင်း၍ ကိုးကွယ်ဆည်းကပ်ပါ၏" ဆိုတဲ့ မဟာသရဏဂုံကို ရွတ်ဆိုမိတိုင်း အဘေးဆရာတော်ဘုရားကြီးကို သတိရမိသလို၊ ဆရာတော်ကြီးရဲ့ ကျေးဇူးတော် ဂုဏ်တော်တို့ကို အာရုံပြု ပူဇော်ရင်း မြတ်စွာဘုရားရှင်အား အသက်ကို တကယ်အပ်နှင်းပြီး ကိုးကွယ်သွားတော်မူတဲ့ ဆရာတော်ကြီးရဲ့ သဒ္ဓါတရားကို အာရုံပြုပြီးတော့လည်း အကြိမ်ကြိမ် သာဓုခေါ်မိပါတယ်။

အခု ဒီမှတ်တမ်းစာစုနဲ့လည်း အဘေးဆရာတော်ဘုရားရဲ့ ဂုဏ်ကို အာရုံပြု ပူဇော်လိုက်ပါတယ် ဘုရား။

မြစ်တပည့်

❑

http://www.dhammadownload.com

# အောင်ပွဲဆက် ခြေလှမ်းများ (၁)

**"စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုတာ ကောင်းတဲ့အရာကို အစဉ်အလာကောင်း ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် ဆောင် ရွက်ကြဖို့ လမ်းညွှန်တိုက်တွန်းတဲ့ စကား တစ်ခုပါ။**

**ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်ပေါ်ရေးထက် ဖြစ်ပေါ်ပြီးသား ကောင်းမွန်မှုကို ထိန်းသိမ်း စောင့်ရှောက်ရေးက ပိုပြီး တာဝန်ကြီးပါ တယ်။**

ကောလိယမင်းသား ဒီဃဇာဏုခေါ် ဗျဂ္ဃပဇ္ဇကို မြတ်စွာ ဘုရားရှင် ဟောတော်မူခဲ့တဲ့ ကြီးပွားချမ်းသာကြောင်း (သမ္ပဒါ) တရားက လေးပါးရှိပါတယ်။ ပထမသမ္ပဒါ ဖြစ်တဲ့ "ဥဋ္ဌာနသမ္ပဒါ" ဆိုတာ ကြိုးစားရှာဖွေမှု ပြည့်စုံရေး ဖြစ်ပါတယ်။ ပြည့်စုံတဲ့ ကြိုးစားရှာဖွေမှု ဖြစ်ရေးအတွက် အဆင့်ငါးဆင့် (ခြေလှမ်းငါးလှမ်း)

http://www.dhammadownload.com



ပြည့်စုံရမှာ ဖြစ်ကြောင်း ပြောပြပြီးပါပြီ။

ဒုတိယသမ္ပဒါ "အာရက္ခသမ္ပဒါ" က ထိန်းသိမ်း စောင့်ရှောက်မှု ပြည့်စုံရေးပါ။ ရရှိပြီးတဲ့ အောင်မြင်မှု၊ ရှာဖွေရရှိပြီးတဲ့ စီးပွားဥစ္စာများ ပျောက်ရှယိုဖိတ် လေလွင့်ပြုန်းတီး ပျက်စီးမှု မဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်းမှုနဲ့ ပြည့်စုံရမှာ ဖြစ်ပါတယ်။

လေလွင့်ပျက်စီးမှု မဖြစ်ရအောင် စောင့်ရှောက် ရမယ့်အရာလည်း ငါးမျိုးရှိပါတယ်။ ဗုဒ္ဓဘာသာဝင် တော်တော်များများ သိထားပြီး ဖြစ်တဲ့ ရန်သူမျိုး ငါး ပါးတို့ကြောင့် မိမိပစ္စည်း မိမိသုံးစွဲခွင့် မရဘဲ ပျက်စီး ဆုံးရှုံးရတဲ့အဖြစ် မရောက်အောင် စောင့်ရှောက်ရမယ် လို့ မြတ်စွာဘုရားက ညွှန်ကြားဆုံးမပါတယ်။

ရန်သူမျိုးငါးပါး ဆိုတာနဲ့ ပတ်သက်လို့ တချို့ က အခုကာလမှာ "ငါးပါး" လို့ မသတ်မှတ်သင့် တော့ဘူး။ "လေးပါး" သာ သတ်မှတ်သင့်တယ်။ "မင်း"ဆိုတာ သက်ဦးဆံပိုင်ဘုရင်မင်းများသာ ရန်သူ ဖြစ်တယ် ဆိုပြီး ရေးကြ ပြောကြတာကို ဖတ်ရကြားရ ဖူးပါတယ်။ မြတ်စွာဘုရားရှင် ဟောကြားတဲ့ တရား တော်မှန်သမျှ ဘယ်ကာလမှာ မှန်တယ်၊ ဘယ်ကာလ မှာ မှားတယ်လို့ ကန့်သတ်ချက် မရှိပါဘူး။ ကာလ သုံးပါးလုံး မှန်ကန်နေတာမျိုးပါ။ ဒီလို ရေးကြ ပြော ကြသူများဟာ ဘုရားရှင်ရဲ့ နှလုံးသွင်းအာဘော်ကို မသိနားမလည်ကြလို့သာ ကိုယ်တိုင်လည်း ခံယူချက်

http://www.dhammadownload.com



မရှိဘဲ မျက်နှာလိုအားရ ရမ်းသန်းရေးကြ ပြောကြတာ ဖြစ်ပါလိမ့်မယ်။

ရန်သူမျိုးငါးပါးနဲ့ ပတ်သက်လို့ အားလုံး သဘောပေါက် နားလည်ထားသင့်တာကတော့ "ခိုးသူ" ဆိုတာ ပစ္စည်းဥစ္စာရှင်တို့အတွက် ပင်ကိုသဘာဝအရ ရန်သူအစစ် ဖြစ်ပါတယ်။ သူ့အပေါ် တာဝန်ကျေမှု မကျေမှုကို အကြောင်းပြုပြီး ဘယ်လိုကောင်းကျိုးမှ မပြုတတ်ပါဘူး။ ကျန်တဲ့ လေးမျိုးကတော့ ပင်ကို သဘာဝအရ ရန်သူမဟုတ်ပါဘူး။ မရှိမဖြစ် လိုအပ်တဲ့ အရာများသာ ဖြစ်ပါတယ်။ သူတို့အပေါ်မှာ မထိမ့်မြင် ပြုသူ၊ ဆန့်ကျင်ဘက်ပြုသူ၊ အလေးမမူ ဂရုမပြုသူ၊ ဝတ္တရား ပျက်ကွက်သူတို့အတွက်တော့ ဆိုးကျိုး ဒုက္ခ ပေးခြင်း၊ ပစ္စည်းဥစ္စာ ကုန်ခန်းပျက်စီးခြင်းကို ဖြစ်စေတဲ့ အတွက် ရန်သူမျိုးစာရင်းမှာ ထည့်သွင်းထားတာပါ။ အန္တရာယ်ကင်းအောင် အထူး သတိပြုကြစေလိုတဲ့ အတွက် ဖြစ်ပါတယ်။

အထင်ရှားဆုံး သာဓကတစ်ခုအနေနဲ့ "မီး" အကြောင်းကိုပဲ စဉ်းစားကြည့်ပါ။ "မီး" ဆိုတာ ထင်းမီးသွေးနဲ့ မျိုးထားတဲ့ မီးသာမကပါဘူး။ အပူ အလင်းနဲ့ လောင်ကျွမ်းခြင်းကို ဖြစ်စေတဲ့ မီးအားလုံး ဟာ အတူတူပါပဲ။

တကယ်တော့ မီးဆိုတာ ချက်ပြုတ် စား သောက်ရေးအတွက်သာ မကတော့ပါဘူး။ တိုးတက်

http://www.dhammadownload.com



နေတဲ့ ကမ္ဘာသစ်ကြီးမှာ မီးဆိုတာ စီးပွားဥစ္စာတိုးတက် မြင့်မားရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ အတွက် အရေးအပါဆုံး ကမ္ဘာ့သွေးကြောကြီးတစ်ခု ဆိုတာလည်း လူတိုင်း သိနေကြပြီးသားပါ။ "မီး" အတွက် လောင်စာဆီကို အကြောင်းပြုပြီး နိုင်ငံ အချင်းချင်း စစ်မက်တွေ ဖြစ်ပွားကာ လူပေါင်းများစွာ စည်းစိမ်ဥစ္စာပေါင်းများစွာ ဆုံးရှုံးတဲ့အထိ အငြင်းအခုံ ပဋိပက္ခတွေ ဖြစ်နေကြတာကို ကြည့်ရင် မီးဟာ လက်ရှိကမ္ဘာမှာ ဘယ်လောက်အထိ အရေးပါနေတယ် ဆိုတာ သိသာပါတယ်။

အဲဒီလောက် လောကကျိုးအတွက် အရေးပါ တဲ့မီးဟာ စနစ်တကျ အသုံးချသူများအတွက် ကောင်း ကျိုးချမ်းသာအမျိုးမျိုးကို ပေးနိုင်သလို မရှိမသေ မထိ မဲ့မြင်ပြုသူများကိုလည်း အသက်အိုးအိမ် စည်းစိမ်ဥစ္စာ အားလုံး ပျက်စီးဆုံးရှုံးသည်အထိ ဆင်းရဲဒုက္ခပေးတယ် ဆိုတာလည်း နေရာတိုင်းမှာ ကြုံဖူး တွေ့ဖူးကြမှာပါ။

အစွမ်းသတ္တိဆိုတာ အပြုနဲ့ အဖျက် နှစ်ခုလုံး မှာ ထက်မြက်မှုချင်း တူညီတတ်ပါတယ်။ ပြုနိုင်စွမ်း ထက်မြက်တဲ့အရာဟာ ဖျက်နိုင်စွမ်းလည်း ထက်မြက်ပါ တယ်။ ပြုနိုင်စွမ်းနဲ့ အပြုမခံရတာက ချမ်းသာသုခ မရရုံဘဲရှိမယ်။ ဆိုးဝါးတဲ့ နောက်ဆက်တွဲဒုက္ခ ဘာမှ မဖြစ်နိုင်ပါဘူး။ အဲ... ဖျက်နိုင်စွမ်းနဲ့ အဖျက်ခံရပြီ ဆိုရင်တော့ တစ်ယောက်ရဲ့ပေါ့ဆမှုဟာ တစ်ရပ်တစ်ရွာ

http://www.dhammadownload.com



လုံးအထိ ပြာပုံအထိ ဖြစ်သွားတတ်တာမို့ "မီး" ကို အထူးသတိထားရမယ့် "ရန်သူ" အဖြစ် ဟောညွှန် သတိပေးတော်မူတယ်လို့ သဘောပေါက်မိပါတယ်။

(ဟုတ်ပါတယ်။ လူဆိုတာကလည်း အလေး အနက်ထားစေလိုတဲ့ အရာကို ထိထိမိမိလေး သတိ ပေးကာမှ တန်ကာကျတတ်တာကလား၊ မဟာခေတ် အားလိုင်းက ခေတ်တိုင်ကြီးများမှာ "အန္တရာယ်" ဆိုတဲ့ စာလုံးနဲ့ ဦးခေါင်းရိုးသင်္ကေတ ပြထားသလိုပေါ့။ အထက်ချင်းတွင်းက ရွာတစ်ရွာမှာ "မီးကို မင့်အဖေ မှတ်သလား" ဆိုတဲ့ ဆိုင်းဘုတ်ကြီး တွေ့လိုက်ရဖူး တယ်။ "သတိပြု" လို့ ပြောရုံနဲ့ မဖြုတတ်သူတွေကို ထိရောက်အောင် သတိပေးတာ ဖြစ်မှာပေါ့)

ကျန်တဲ့ "ရေ" တို့ "မင်း" တို့ အမွေခံသား တို့လည်း ဒီအတိုင်းပါပဲ။ သဘာဝအရ ကြည့်ရင် မရှိ မဖြစ် အရာတွေချည်းပဲ ဆိုတာ လူတိုင်း သိပြီးသား ပါ။ ဒါပေမဲ့ ကိုယ့်ဘက်က ပေါ့ဆရင်၊ တာဝန်ဝတ္တရား ပျက်ကွက်ရင် "ရန်သူ" သဖွယ် အန္တရာယ်ပေးတတ် တယ်ဆိုတာ အထူး သတိပြုစေလိုတဲ့အတွက် ရန်သူ မျိုးလို့ ဟောတော်မူခဲ့တယ် ဆိုတာ သဘောပေါက် လောက်ပါတယ်။ ရှေးမင်းအဆက်ဆက်တို့လည်း ဒါကို သဘောပေါက် နားလည်ကြလို့ ဘုရားရှင် ဟောတော် မူချက်ကို အစဉ်အဆက် နှစ်သက်လက်ခံ သုံးစွဲခဲ့ ကြတယ်လို့ သဘောရပါတယ်။

http://www.dhammadownload.com



ဒီအန္တရာယ်ငါးမျိုးကြောင့် မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ လုံ့လစွမ်းနဲ့ ရှာဖွေရရှိထားတဲ့ စည်းစိမ်ဥစ္စာများကို မသုံးရဘဲ အချည်းနှီး ကုန်ဆုံးပျက်စီးမသွားရလေအောင် စည်းကမ်းမှန် နည်းလမ်းမှန်နဲ့ စောင့်ရှောက်တာကို အာရက္ခသမ္ပဒါ (စောင့်ရှောက်မှုပြည့်စုံခြင်း) လို့ ဆိုတာပါ။ ကာကွယ်စောင့်ရှောက်ရေးနဲ့ ပတ်သက်လို့တော့၊

(က) ရာဇဘယအာရက္ခ = မင်းဘေးမှ ကာကွယ်စောင့်ရှောက်ခြင်း။

ဒီနေရာမှာ "မင်း" ဆိုတာ မင်းက ထုတ်ပြန်ထားတဲ့ အမိန့်အာဏာများ၊ အခုခေတ်လို ဆိုရင်တော့ ဥပဒေနဲ့ အမိန့်ကြော်ငြာများကို ဆိုလိုတယ် ဆိုတာလည်း လူတိုင်း သဘောပေါက်ကြမှာပါ။ "ရာဇဘယ" ကို "မင်းဘေး" လို့ မြန်မာလိုစစ်စစ်နဲ့ သုံးလိုက်လို့သာ မြန်မာများက နားမလည်နိုင်တာပါ။ "ရာဇဝတ်မှု" လို့ ပါဠိုကပြားစကားနဲ့ သုံးလိုက်ရင်တော့ ချက်ချင်းသဘောပေါက်လောက်ပါတယ်။

ရုံးပြင်ကနား မသွားမရောက်ရအောင်၊ ကာယဒဏ် (ထောင်ဒဏ်ကြိမ်ဒဏ်) ဓနဒဏ် မခံမဆောင်ရအောင် သတိပြု ရှောင်ရှားကြပြီး မင်းဘေးက ကင်းလွတ်အောင် စောင့်ရှောက်ရမှာပါ။ ဒီလို အပြစ်ကင်းတဲ့အတွက် စည်းစိမ်ဥစ္စာများ အချည်းနှီး မကုန်ဆုံးရုံမျှမက ကိုယ့်စိတ်ထဲမှာ အပြစ်ကင်းတယ်ဆိုတဲ့ ချမ်းသာမှု

http://www.dhammadownload.com



(အစ္ဆုတ္တံ အနဝဇ္ဇသုခံ) ကိုလည်း ရရှိခံစားရတယ်လို့ သာမညဖလသုတ်မှာ ဆိုပါတယ်။

နယ်မြို့တစ်မြို့မှာ တိုက်နဲ့ ခြံကို အပေါင်ထားပြီး ချေးငွေနဲ့ လုပ်ငန်းလုပ်နေသူ တစ်ဦးဟာ နှစ်စဉ် ပေးဆောင်ရမယ့် အခွန်ကိုလည်းသလို လှည့်ပတ်ရှောင်ရှားပြီး အသောက်အစား အပျော်အပါးမျိုးစုံနဲ့ နေလာခဲ့တာ နောက်ဆုံး စာရင်းအတိအကျ စစ်ပြီး တွက်လိုက်တော့ မိဘလက်ထက်က အမွေရလိုက်တဲ့ အိမ်နဲ့ ခြံပါ ထိုးရောင်းဆပ်လိုက်ရလို့ အခွန်ရှောင်ရာက အခွံပါပြောင်တဲ့ဘဝ ရောက်သွားတာ တွေ့ရဖူးပါတယ်။ အဲဒီလိုအဖြစ်မျိုး မရောက်အောင် ကာကွယ်စောင့်ရှောက်ပါလို့ ဆိုလိုပါတယ်။

ပစ္စည်းဥစ္စာရှင်များအနေနဲ့လည်း ရုံးပြင်ကနားမင်းရေးစိုးရေး၊ ရာဇဝတ်ဘေး စတဲ့ မလိုလားအပ်တဲ့ ကိစ္စရပ်များ မဖြစ်ပေါ်အောင် ရှောင်ရှား စောင့်ရှောက်ရာမှာ အမှန်တကယ်လိုအပ်တဲ့ အခိုင်အမာ စာရင်းဇယား သက်သေ လက်မှတ် စတဲ့ လုပ်သင့်လုပ်ထိုက်တာများကို ပေါ့ပေါ့ဆဆ သဘောမထားဘဲ အလေးအနက်ပြုသင့်ကြသလို ဘာမသိ ညာမသိ စာရွက်စာတမ်း၊ စာရင်းဇယားတို့ စာချုပ်တို့လိုဟာမျိုးမှာ အားနာပါးနာ လက်မှတ်ထိုးမိတာမျိုး မဖြစ်အောင် အထူးသတိပြုသင့်ပါတယ်။

မိမိတို့ဒေသက ကျေးလက်သမဝါယမ ဆိုင်

http://www.dhammadownload.com



တစ်ဆိုင်မှာ တူလုပ်သူက ဆိုင်တာဝန်ခံ၊ ဦးလေးကို ဆိုင်ညစောင့် ဆိုပြီး ခန့်ထားတယ်။ ရောင်းရတဲ့ငွေကို စားပွဲအံဆွဲထဲမှာ အလွယ်တကူထားတယ်။ ညပိုင်းရောက်တော့ ဆိုင်ထဲမှာ ဖဲဝိုင်း၊ အရက်ဝိုင်းကလေးလည်း လုပ်လိုက်ကြသေးတယ်။ ဖဲရှုံးတဲ့အခါ၊ အရက်ဝယ်တဲ့အခါမှာလည်း ဆိုင်က ရောင်းရငွေကိုပဲ အလွယ်တကူယူပြီး သုံးမိကြမှာပေါ့။

အချိန်တန်လို့ စာရင်းစစ်လာတဲ့အခါ တူလုပ်သူက "လောလောဆယ် ငွေမပြည့်ရင် ရှိတာလည်း ရောင်းပေးရမယ်၊ အလုပ်လည်း ပြုတ်မယ်၊ သူ့အလုပ်မပြုတ်ရင် သင့်သလို ကြံဖန်လို့ ရပါတယ်။ အဲဒါကြောင့် လိုနေတဲ့ ငွေပမာဏကို ဦးလေးက ကုန်ပစ္စည်းဝယ်ဖို့ ထုတ်ယူထားတယ် ဆိုပြီး လက်မှတ်ထိုးပါ" ခိုင်းတော့ ဦးလေးလုပ်သူကလည်း တူရဲ့ကျေးစာ မွေးစာလေးကလည်း မကင်း၊ သွေးရင်းသားရင်းလည်း တော်စပ်ဆိုတော့ ဘုမသိ ဘမသိ လက်မှတ်ထိုးပေးလိုက်တာပေါ့။

သတ်မှတ်ထားတဲ့ အချိန်မှာ ပြန်လာစစ်တော့ တူလုပ်သူက ဦးလေးဘက် လှည့်ချရော၊ ဦးလေးလည်း ဘာမှ မတတ်နိုင်တော့ဘူး။ သူယူထားကြောင်း လက်မှတ်ထိုးထားတဲ့ စာက အခိုင်အမာ ရှိနေတာဆိုတော့ နောက်ဆုံးရှိတဲ့ လယ်လေး ယာလေး ရောင်းချဆပ်လိုက်ရလို့ အခြေအနေမဲ့ဘဝ ရောက်သွားတာ

http://www.dhammadownload.com



တွေ့ရဖူးပါတယ်။ ဆင်ခြင်စရာပါ။ ရုံးပြင်ကနားမှာ တရားတပေါင် တွေ့ရခြင်းရဲ့ ဆိုးပြစ်နဲ့ ပတ်သက်လို့ ဖျံနှစ်ကောင် ငါးကြင်းလုရာက မြေခွေးကို ဖျန်ဖြေ ခိုင်းမိတဲ့အတွက် ကာယကံရှင်များက ခေါင်းနဲ့ အမြီးကိုသာ ရကြပြီး တစ်ကိုယ်လုံးကို မြေခွေးက စားသွားတဲ့ ပုံပြင်ကလေးဟာလည်း သတိပြုစရာ အလွန်ကောင်း ပါတယ်။

သတိထား အသိပွားနိုင်ကြပါစေ။

❑

http://www.dhammadownload.com

## အောင်ပွဲဆက် ခြေလှမ်းများ (၂)

"လူလိမ် လူညာတွေက လိမ်ညာနေတာလား၊ လူတွေက ဗွတ်အတင်း အလိမ်အညာ လာခံနေကြတာလား ဆိုတာကတော့ အတော်လေး ပြောရခက်တယ်"

(ခ) စောရဘာယ အာရက္ခ = ခိုးသူဘေးမှ ကာကွယ်စောင့်ရှောက်ခြင်း

စောရဆိုတာ သူတစ်ပါးပစ္စည်းကို မရိုးမသားမတရားတဲ့နည်းနဲ့ ရယူတတ်ကြသူများကို ဆိုလိုတာဖြစ်လို့ သူခိုး၊ ခါးပိုက်နှိုက်၊ ဓားပြ၊ အတုလုပ်လိမ်သူ၊ ဖဲလိမ်၊ အင်္ဂရတ်လိမ်၊ ဘိုးတော်လိမ် စတဲ့လူလိမ်လူကောက် အားလုံးတို့ရဲ့ အန္တရာယ်က ကင်းလွတ်အောင် ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

"ဝတ္ထုအာရုံ ကာမဂုဏ်" ဆိုတဲ့အတိုင်း အာရုံဝတ္ထု ပစ္စည်းဥစ္စာတွေ ဆိုတာ လူတိုင်း ကြိုက်နှစ်သက်တတ်တဲ့ အများကြိုက်များ ဖြစ်တဲ့အတိုင်း ကိုယ့်

http://www.dhammadownload.com



ကိုယ်ကိုယ်ထက် ပစ္စည်းဥစ္စာတွေကို တန်ဖိုးထားသူများအနေနဲ့ အလွယ်တကူတွေ့ရင် ရှောင်ရှားလိုစိတ်ဖြစ်ခဲတတ်ကြတယ်။ ဒါကြောင့် ခိုးမယ့်သူကို မခိုးကြပါနဲ့လို့ ပြောဆိုဖို့ရာ အလွန်ခဲယဉ်းတဲ့အတွက် ပစ္စည်းရှင်ကသာ မခိုးမယူနိုင်အောင် သိုမှီး သိမ်းဆည်းကြရမှာ ဖြစ်ပါတယ်။

စောရစာရင်းဝင် သူတစ်ပါးပစ္စည်း မတရားလိုချင်သူတွေထဲမှာ သူခိုးက အဆိုးဆုံးဖြစ်လို့ သူခိုးဘေးက ကာကွယ်ရတာဟာ ဥစ္စာရှင်အတွက် အလွယ်ကူဆုံးဖြစ်မယ် ထင်ပါတယ်။ အမှန်တကယ် နေ့စဉ်သုံးလိုတဲ့ပစ္စည်း၊ အချိန်မရွေး အသုံးလိုနိုင်တဲ့ပစ္စည်းကို လုံခြုံအောင် ကြံဖန်သိမ်းဆည်းကြပြီး လတ်တလောအသုံးမလိုတဲ့ အဖိုးတန်ပစ္စည်း ဆိုရင် ဘဏ်လို၊ အာမခံကုမ္ပဏီလို နေရာမျိုးမှာ အပ်နှံထားရင် စိတ်ချရလောက်ပါတယ်။

ခါးပိုက်နှိုက်ကတော့ အကြမ်းအနု နှစ်မျိုးလုံးနဲ့ ပြုတတ်လေ့ ရှိတဲ့အတွက် ထိသိ သတိ ဆိုသလို အမြဲ သတိထားရမှာပါ။ ကား၊ ရထား၊ တိုးဝှေ့ စီးနင်းကြရမယ့်အခါမျိုးမှာ ထုတ်ကြွားခြင်းထက် ထုပ်ထားခြင်းက ပိုကောင်းမယ် ထင်ပါတယ်။ ခိုးသူဘေး၊ ခါးပိုက်နှိုက်ဘေးနဲ့ ပတ်သက်ရင် အမှတ်တမဲ့သမားများဟာ အမှတ်တရ ဖြစ်သွားတတ်တာ များပါတယ်။ မိမိကိုယ်တွေ့ တစ်ခုကတော့ မီးရထားအိပ်ခန်းက

http://www.dhammadownload.com



လိုက်လာတဲ့ အမျိုးသမီးတစ်ဦး နေဝင် မှောင်စသာသာ အချိန်လောက်မှာ ဘူတာတစ်ခုရောက်တော့ သိပ်ပြီး တန်ဖိုးမကြာလှတဲ့ ပစ္စည်းတစ်ခုကို ဈေးဆစ်ရာကနေ ရထားလိမ့်စ ပြုတော့မှ ဈေးတည့်တယ်။ ဝယ်တဲ့ ပစ္စည်းကို ငုံ့ပြီးရွေးနေတုန်း ရထားအရှိန်ရစ ပြုတော့ ဘေးက ချောင်းနေသူတစ်ဦးက လည်ပင်းက ဆွဲကြိုး ကို ဆောင့်ဆွဲသွားတယ်။

အော်ဟစ် ငိုယိုရုံက လွဲလို့ ဘာမှ မတတ် နိုင်လိုက်ဘူး။ အလစ်သမားကလည်း အမှောင်ထုထဲ ရောက်ပြီ၊ ရထားကလည်း အရှိန်ရသွားပြီ။ အဲလို ပါပဲ။ တစ်ခုခုကို ငမ်းတတ် ငေးတတ်ရင် ကိုယ့်ဆီက အလွယ်တကူ နှိုက်ယူ လုယူနိုင်တဲ့ ပစ္စည်းကို အရင် သိမ်းကြဖို့ သတိပြုရမှာပါ။ ဒီခေတ်မှာတော့ ဒါမျိုး တွေဟာ အတွေ့အကြုံအရကော ဗဟုသုတအရကော အတော်လေး အသိများနေကြလောက်ပါပြီ။ အရေး အကြီးဆုံးကတော့ "အမှတ်တမဲ့" နေခဲ့ရင် အလစ် သမားအတွက် ချိုမြိန်တဲ့ အမှတ်တရ ဖြစ်စေပြီး ကိုယ့် အတွက် ခါးသီးတဲ့အမှတ်တရ ဖြစ်တတ်တယ် ဆိုတာ အထူးသတိပြုကြဖို့ပါပဲ။

ဓားပြဘေး ဆိုတာကတော့ ဒီခေတ်မှာ လူသူ ပတ်ဝန်းကျင်နဲ့ မကင်းကွာ မဝေးလံခဲ့ရင် ကြုံရခဲပါ တယ်။ ဝါးလုံးခေါင်းထဲမှာ လသာချင်ရင်တော့ ဝါးလုံး အခွဲခံရမှာပေါ့။

http://www.dhammadownload.com



စာရေစာရင်းဝင် ဘေးတွေထဲမှာ ဒီနေ့ အကြုံတွေ့ရဆုံး ဘေးကတော့ လိမ်ညာလှည့်ဖြားမှု အမျိုးမျိုးပါပဲ။ အခိုး အလစ်သမားက အသူ ငေးသူလောက်ကိုသာ အဓိကပစ်မှတ်ထားကြပေမယ့် လိမ်ညာ လှည့်ဖြားသူများကတော့ လည်သူနပ်သူ အဆင့်အတန်းမြင့်သူ ဆိုတဲ့ ပုဂ္ဂိုလ်များကို အဓိက ပစ်မှတ်ထားလေ့ရှိတတ်ပါတယ်။

အခံရတတ်ဆုံး ပုဂ္ဂိုလ်များကတော့ အချောင်ကြီးပွားလိုသူ၊ ဖြတ်လမ်းလိုက်သူ၊ ဝါသနာတစ်ခုခုကို အရူးအမူး စွဲလမ်းသူ၊ အထူးသဖြင့် အဂ္ဂိရတ်ရွှေဖြစ်ငွေဖြစ် လမ်း လိုက်သူများ ဖြစ်ပါတယ်။ တန်ဖိုးထက်အဆမတန် ဆိုတဲ့ ပစ္စည်းကြောင့် လိမ်ညာခံရသူ မရှိသလောက် ဖြစ်ပေမယ့် အဆမတန် ဈေးသက်သာနေပြီ ဆိုရင်တော့ သတိထားပေရော့။

မိမိနဲ့ ရင်းနှီးသူတစ်ယောက်ဟာ ကျောက်မျက်နဲ့ပတ်သက်လို့ လုပ်သက်လည်းရင့် သူ့ဒေသမှာ ဆရာကြီးတစ်ဆူလို လေးစားခံရသူပါပဲ။ သူကိုယ်တိုင်ပြောပြဖူးတယ်၊ တွင်းထွက်လည်း အစစ်၊ ချွန်းကောဝန်းကော အရည်နဲ့ ကြိုးများပါ အားလုံး အပြစ်မရှိသလောက် ကျောက်တစ်လုံး လာပြတယ်။ လုံးချောသွေးပြီးသားကို ဆိုဈေးကမှ အရိုင်းဈေးလောက်ပဲ ရှိတော့ လောဘက ဖုံးလွှမ်းသွားတယ်။ သူဆိုတဲ့ ဈေးကနိမ့်လွန်းတဲ့အတွက် သိန်းဂဏန်းကို “ခ” လား “ဆယ်”

http://www.dhammadownload.com



လားတောင် ထပ်မေးရလောက်အောင် ပါတဲ့။ နောက်ဆုံး ခုဂဏန်းနဲ့ပဲ ဈေးတည့်တယ်။ သူ့လို ဆရာကြီးနှစ်ဦးစပ်ပြီး ဝယ်လိုက်တယ်။ ညရောက်တော့ ထပ်ပြီးစဉ်းစားကြည့်တယ်၊ အဆမတန် ဈေးချိုလွန်းတယ်၊ ဘာများ ချွတ်ယွင်းသလဲပေါ့။ နောက်ဆုံးတော့ တွေ့တယ်။ အရည်နုကြိုးလှ ကျောက်ပါးပါးလေးကို အရည်ရင့်ကြိုးမဲ့ကျောက်နဲ့ ကပ်ထားတာတဲ့။ လုပ်ပုံကလည်းပိရိ၊ သူတို့ကလည်း လောဘဇောနဲ့ ငမ်းလိုက်မိတဲ့အတွက် ကောင်းကောင်းကြီး ခံလိုက်ရတာ ရှက်လွန်းလို့ သူများတောင် ပြောမပြရဲဘူးတဲ့။

ရွှေဖြစ်ငွေဖြစ် အဂ္ဂိရတ်ခရေဇီများ လောကမှာကြုံရပုံတွေကတော့ ပြောလို့ ဆုံးနိုင်စရာ မရှိပါဘူး။ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြုံခဲ့ရဖူးတာကို ဆရာတော့်ထေရုပ္ပတ္တိမှာ အတိအလင်း ဖော်ပြထားပြီး၊

'အဂ္ဂိရတ်စာ၊ ဖတ်ကြားရာ၊ ဝိဇ္ဇာဖြစ်နိုးနိုး။ ...ရွှေပြာကျနိုးနိုး၊ ...မသာပျောက်နိုးနိုး၊ ရောဂါပျောက်နိုးနိုး၊ အဂ္ဂိရတ်သမား၊ စကားကြွား၊ ပြဒါးရွှေဖြစ်နိုး" ဆိုတဲ့ လင်္ကာလေးများနဲ့ပါ သတိပေးထားပါတယ်။ (မစိုးရိမ်ထေရုပ္ပတ္တိ၊ ၁၇၃ မှ ၁၈၃)

လိမ်ညာမှုလောကမှာ အထူဆုံး အမြင့်ဆုံးဆိုတဲ့ အလွှာများအထိ ဖောက်ထွင်း ဝင်ရောက်နိုင်သူများကတော့ ဟူးရား (ဗေဒင် ယတြာ ဓာတ်ရိုက်

http://www.dhammadownload.com



ခါတ်ဆင်) ဆရာများနဲ့ ဘိုးတော်ယောင်ယောင် ပုဂ္ဂိုလ် များပဲ ဖြစ်မယ် ထင်ပါတယ်။ အခုဆိုရင် အဲဒီပုဂ္ဂိုလ် တွေ လောကမှာ ကာလပေါ် လောဘဇောသမားတွေ တော်တော်များများ ဝိုင်းနေတာကိုလည်း တွေ့ရတယ်။ အနီးကပ် လေ့လာကြည့်မယ်ဆိုရင် သူတို့က လိမ်ညာ နေတာလား။ လူတွေက ဇွတ်အတင်း အလိမ်အညာ လာခံနေတာလား ဆိုတာတောင် ပြောရခက်သား ဖြစ် နေတယ်။

မိမိတွေ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ဦးနားမှာ ကာလပေါ် လူတွေ သိချင်နေတဲ့ ဂဏန်းတွေကို လာလာမေးကြ တယ်။ အဲဒီပုဂ္ဂိုလ်က "ကဲကဲ စကားကို နောက်မှ ပြော၊ စားစရာကို အရင်ထုတ်" ဆိုပြီး ပြောလိုက် တယ်။ သူပြောတဲ့ ဂဏန်းတွေကတော့ တစ်ခုမှ မဟုတ် ပါဘူး။ နောက်နေ့ကျတော့ လောဘဇောသမားတွေ ပြန် လာကြပြန်တယ်။ "ခင်ဗျားတို့ဟာ ဘယ်လောက် တောင် မှန်လို့လဲ" လို့ မေးကြည့်တော့ "ပုဂ္ဂိုလ်က "တဲ့" ပေးနေတာ သူတို့က မယူတတ်လို့" တဲ့။ မနေ့က ရောက်ရောက်ချင်း "ကဲ... ကဲ... စားစရာတို့ စကား တို့" ဆိုတာတွေ ပါနေတာပဲ၊ နှစ်နဲ့ သုံးဆိုတာ ပေါ် တင်ကြီးပေါ့၊ အဲဒါ ကိုယ်က မယူတတ်လို့" တဲ့ဗျာ၊ အဲဒါသာ စဉ်းစားကြည့်ပေါ့။ လူလိမ်က လိမ်နေတာ လား၊ ယုံသူက ဇွတ်မှိတ်ယုံပြီး အလိမ်ခံနေကြတာ လား ဆိုတာ။ လောဘဇော တိမ်သလ္လာထူပြောသူဟာ

http://www.dhammadownload.com



အသိဉာဏ် မျက်လုံးကန်းနေစမြဲပဲ ဆိုတဲ့ ဘုရားစကားတော်အတိုင်းလို့သာ မှတ်ချက်ချမိပါတော့တယ်။

သေသေချာချာ ကြည့်မယ် ဆိုရင်တော့ အချောင်လိုက်သူမှန်သမျှ အကျပ်ဆိုက်တတ်သလို အချောင်ရတဲ့ပစ္စည်း မှန်သမျှဟာလည်း နောင်တနဲ့ အတူ အပူကပ် အကျပ်ရိုက်တတ်တာချည်းပါပဲ။ အလကားပစ္စည်းမျိုးသာ အလကားရချင်ရမယ်၊ တန်ဖိုးရှိတဲ့ပစ္စည်း မှန်သမျှကတော့ တန်ဖိုးပေးရစမြဲပါ။

ခွန်အားနဲ့ ရှာဖွေရင် ခွန်အားအရင်းအနှီး စိုက်ရတယ်။ ဉာဏ်ပညာနဲ့ ရှာဖွေရမယ့် ပစ္စည်း ဆိုရင်လည်း ဉာဏ်ပညာအရင်းအနှီး ပြည့်စုံအောင် ဆည်းပူးလေ့လာရတယ် ဆိုတာ သဘောပေါက်သူ များကြပေမယ့် ကံတိုက်နဲ့ ရှာဖွေမယ့်ပစ္စည်း ဆိုရင်လည်း ကံအရင်းအနှီးကို ကြိုတင်စိုက်ထုတ်ရမယ် ဆိုတာကျတော့ သတိပြုမိသူ နည်းတတ်ပါတယ်။

မြတ်စွာဘုရားရှင်ကတော့ "သတိ ဒေါဝါရိကောယထာ = သတိဆိုတာ လုံခြုံစိတ်ချရတဲ့ တံခါးမှူးသဖွယ် ဖြစ်တယ်" လို့ ဟောတော်မူပါတယ်။ အာရုံဝင်ရာ တံခါးပေါက်တိုင်းမှာ သတိကို တံခါးမှူးအဖြစ် ခန့်အပ်ထားနိုင်မှ တွေ့ကြုံရာရာ အာရုံတိုင်းရဲ့ ဆိုး၊ ကောင်း၊ တု၊ စစ်၊ အပြစ်၊ အကျိုးတို့ကို ဆန်းစစ်ဝေဖန်နိုင်တဲ့အတွက် လှည့်ဖြား နှိပ်စက်ခံရတဲ့ဘေးက ကင်းဝေးစေနိုင်တယ်ဆိုတဲ့ သဘောပါ။

http://www.dhammadownload.com



## ကံကြီးသူတို့အဖြစ်ဆိုး

ဒီနေရာမှာ တချို့ကတော့ ဒါတွေဟာ ကံ ကံ၏အကျိုးအတိုင်းပါပဲ ဆိုပြီး တရားသံဝေဂယောင် ယောင် ပြောဆိုလေ့ ရှိတတ်ကြပါတယ်။ မြတ်စွာ ဘုရားရှင်ရဲ့ အဆုံးအမတော် အစစ်အမှန်အတိုင်းပြော ပြရင်တော့ သတိဉာဏ်မကူ၊ လုံ့လမထူရင် ကံဆိုတာ ဘယ်လောက်ပဲကြီးကြီး ပြိုလဲပျက်စီး အချည်းနှီး ဖြစ်သွားနိုင်တာချည်းပါပဲ။

ဒီအကြောင်းနဲ့ ပတ်သက်လို့ လူတော်တော် များများ ကြားဖူးထားကြတဲ့ ကုဋေရှစ်ဆယ် သူဌေး သားဝတ္ထုမှာ မြတ်စွာဘုရားရှင်က သုံးသပ်ပြတော်မူ ပါတယ်။

ကုဋေရှစ်ဆယ် သူဌေးသားဆိုပေမယ့် အမှန် ကတော့ ပဓာနဖြစ်သူကို မှတ်မိပြီး ပြောလိုက်ရတာ ပါ။ ငယ်စဉ်က ဘာပညာမှ မသင်ကြားခဲ့ရဘဲ အရွယ် ရောက်လို့ အိမ်ထောင်ပြုကြတဲ့အခါမှာ လင်ကလည်း ကုဋေရှစ်ဆယ် အမွေရထားသလို မယားကလည်း ကုဋေရှစ်ဆယ် အမွေရတဲ့ လင်မယားဖြစ်လို့ နှစ် ယောက်ပေါင်း ကုဋေ (၁၆၀) ပိုင်ပါတယ်။ မိဘများ ဆုံးပါးသွားတဲ့အခါ သူဌေးကြီး ဖြစ်နေပါပြီ။ ဒါပေမဲ့ ခေါ်နေကျဖြစ်လို့ သူဌေးသားလို့ပဲ ခေါ်ကြတာပါ။

ဒီသူဌေးသားရဲ့ အကြောင်း သိထားကြတဲ့ အရက်သမားများက သူတို့စားပေါက် သောက်ပေါက်

http://www.dhammadownload.com



ထွင်လိုတဲ့အတွက် သူဌေးကြီး ရှင်ဘုရင့်နန်းတော်က ခစားပြီး ပြန်အလာမှာ 'အရှင် အသက်တစ်ရာ ရှည်ပါစေ၊ သင့်ကို အမှီပြုပြီး ကျွန်ုပ်တို့ စားနိုင် သောက်နိုင် ဖြစ်လိုပါတယ်' ဆိုပြီး အရက်ခွက်တွေ ကိုင်မြှောက် နှုတ်ဆက်ကြတော့ သူဌေးသားက သူ့ရဲ့နောက်ပါ အခစားကို 'ဒီလူတွေ ဘာကို သောက်နေကြတာလဲ' ဆိုတာ မေးကြည့်တယ်။ 'သက်ရှိလောကကြီးထဲမှာ ပြိုင်စံရှားတဲ့ သောက်ဖွယ်တစ်မျိုးပါ' လို့ ပြောပြတဲ့အခါ သူလည်း နည်းနည်းသောက်ကြည့်မယ် ဆိုပြီး သောက်ကြည့်ရာက နောက်ဆုံးတော့ အရက်သမားအုပ်စုနဲ့ ပေါင်းမိပြီး အသောက်အစားသမားကြီးလုံးလုံး ဖြစ်သွားတယ်။ နောက်တော့ အသောက်အစားတင် မကတော့ဘဲ အပျော်အပါးပါ ဖက်လာလိုက်တာ တိုတိုပြောရရင်တော့ အားလုံး သိထားကြသလိုပါပဲ။ လင်ကိုယ်မယား အမွေရထားတဲ့ ကုဋေ (၁၆၀) သာမက မြေယာအိုးအိမ် စည်းစိမ် ရှိသမျှ အကုန် ပျက်စီးပြီး လမ်းဘေးမှာ တောင်းစားရတဲ့ဘဝ ရောက်သွားတာပါပဲ။

တစ်နေ့မှာ သာမဏေငယ်များ ပေးစွန့်တဲ့ ဆွမ်းကျန်လေးတွေကို ခံယူနေတဲ့ သူဌေးသားရဲ့အဖြစ်ကို ကြည့်ပြီး မြတ်စွာဘုရားရှင်က–

"ဒီသူဌေးသားဟာ ပထမအရွယ်တုန်းက စည်းစိမ်ကို ဖြုန်းတီးမပစ်ဘဲ၊ စီးပွားဥစ္စာ ရှာမယ် ဆိုရင်

http://www.dhammadownload.com



လည်း ပထမတန်းစားသူဌေးကြီး ဖြစ်နိုင်တယ်။ တရားရှာကြမယ် ဆိုရင်လည်း လင်က ရဟန္တာ၊ မယားက အနာဂါမ် ဖြစ်နိုင်တယ်။ ဒုတိယအရွယ်မှာ စီးပွားရှာရင် ဒုတိယတန်းစားသူဌေး ဖြစ်မယ်။ တရားရှာရင် လင်က အနာဂါမ်၊ မယားက သကဒါဂါမ် ဖြစ်နိုင်တယ်။ တတိယအရွယ်မှာ ဆိုရင် တတိယတန်းစားသူဌေး ရင် ဖြစ်မယ်။ လင်က သကဒါဂါမ်၊ မယားက သောတာပန် ဖြစ်နိုင်တယ်။ ခုတော့ လူ့စည်းစိမ်လည်း ဆုံး၊ ရဟန်းတရားလည်း ရှုံးနဲ့ ငါးကုန် ရေခန်းတဲ့ ညွန်ခြောက်ပေါ်က အတောင်ကျွတ်တဲ့ ကြိုးကြာအိုကြီးလို မှိုင်ညည်းနေရရှာတယ်" ဆိုပြီး သုံးသပ် ဟောကြားတော်မူပါတယ်။

သူဌေးသား လင်မယားနှစ်ယောက်လုံးဟာ ကံအရ ကြည့်ရင် ပထမတန်းစား သူဌေးကြီးဖြစ်ထိုက်တဲ့ ကံရှိရုံမကဘူး၊ ပါရမီဘက် ကြည့်ရင်လည်း ရဟန္တာဖြစ်လောက်အောင်အထိ ပါရမီအင်အားပါ ကြီးမားသူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သတိဉာဏ်မကူ၊ လုံ့လမထူတဲ့အတွက် ကြီးမားတဲ့ကံနဲ့ ပါရမီတွေအားလုံး အချည်းနှီး ပျက်စီးရတဲ့ အဖြစ်နဲ့ ကြုံကြရတယ်' ဆိုတာ ဘုရားရှင်ကိုယ်တိုင် မှတ်ချက်ချခဲ့တာပါ။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၈၁)

လူမဟန်တာကို ကံလွှဲမချကြဘဲ လူကို ဟန်အောင် သတိ၊ ဉာဏ်၊ လုံ့လတို့နဲ့ ထူထောင်ပြီး ရရှိ

http://www.dhammadownload.com



ထားတဲ့ အောင်ပွဲကို ဆက်နိုင်အောင် ကြိုးစားစောင့်ရှောက်ကြရမှာပါ။

❑

http://www.dhammadownload.com

## အောင်ပွဲဆက် ခြေလှမ်းများ (၃)

ချက်ပြုတ် စားသောက်ခြင်း၊ အရှမ်းကို ပယ်ဖျောက်ခြင်း၊ (အမှောင်ခွင်း အလင်း ဆောင်ခြင်း) တို့ဖြင့် ကိုးကွယ်ရာဖြစ်တဲ့ မီးကြောင့် ထိတ်လန့်ဖွယ်ဘေးကြီး ဖြစ်ခဲ့ပြီ။ မွတ်သိပ်သူတို့ရဲ့ နှလုံးကို အေးချမ်းစေပြီး အပူကြောင့် ပင်ပန်းသူတို့ကို ရှင်လန်းစေ တယ်၊ အညစ်အကြေးကို သန့်စင်စေတတ် တဲ့ ရေအလယ်မှာ သေဖွယ်ဘေးကြီး ကြုံရ ပြီ။

(ပဒကုသလဇာတ်)

(ဂ) အဂ္ဂိဘယအာရက္ခ = မီးဘေးမှ ကာကွယ်စောင့် ရှောက်ခြင်း။

(ဃ) ဥဒကဘယအာရက္ခ = ရေဘေးမှ ကာ ကွယ်စောင့်ရှောက်ခြင်း။

http://www.dhammadownload.com



ဒီဘေးနှစ်မျိုးနဲ့ ပတ်သက်လို့တော့ ပဒကုသလ ဇာတ် (အဋ္ဌကနိပါတ်) မှာ ပဒကုသလ သတို့သား ပြောသလိုပါပဲ။ အသက်ရှင်ရေးအထိ မရှိမဖြစ် လိုအပ်တဲ့အတွက် သာမန်မိတ်ဆွေမျိုး မဟုတ်ဘဲ "ကိုးကွယ်အားထားရာ" လို့ ဆိုလောက်သလို အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးနိုင်စွမ်းမှာလည်း ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှတဲ့ အန္တရာယ်ဘေးဆိုးကြီးများ ဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသမားတော်ကြီးများ ပြောလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ "အလွန် အစွမ်းထက်တဲ့ဆေး ဆိုတာ နည်းနည်းလေးမှ အတိမ်းအစောင်းမခံဘူး၊ ရှင်ချင်ရင်လည်း 'ငေါက်' ခနဲထတယ်၊ သေချင်ရင်လည်း 'ခေါက်' ခနဲ ကျတယ်" တဲ့။ ဒီဘေးနှစ်မျိုးကလည်း အဲဒီသဘောမျိုးလို့ပဲ ဆိုနိုင်ပါလိမ့်မယ်။

ဒီဘေးနှစ်မျိုးဟာ သဘာဝကြောင့်လည်း ဖြစ်နိုင်သလို၊ သုံးစွဲသူတို့ရဲ့ ပေါ့ဆမှု၊ အတ္တကြီးသူတို့ရဲ့ ကိုယ်ကျိုးကိုသာ အဓိကထားမှု စတဲ့ အကြောင်းအမျိုးမျိုးတို့ကြောင့်လည်း ဖြစ်နိုင်တာပါပဲ။ ဒီနေ့ စစ်ဖြစ်နေတဲ့ နိုင်ငံတွေမှာ လက်နက်ကြီးတွေ ပေါက်ကွဲရာကနေ လူနေအိမ်တွေ၊ ဆေးရုံတွေအထိ မီးလောင်ပျက်စီးပြီး အသက်ပေါင်းများစွာ သေဆုံးနေရတဲ့ **အနိဋ္ဌာ**ရုံတွေဟာ ကိုယ်ကျိုးအဓိကသမားတို့ရဲ့ အတ္တကြီးမှုကြောင့်လို့ ဆိုရမှာပါ။

http://www.dhammadownload.com



မိမိနေတဲ့အရပ်မှာ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ကြတာ စပါးတောင်သူအလုပ်ပါ။ လယ်ကွင်းက ပင်လယ်ရေတိမ်ကွင်းကြီးဖြစ်လို့ ပင်လယ်ရေတက်ရေကျ ချောင်းတွေ ရှိတယ်။ လယ်တစ်ပွဲနဲ့ တစ်ပွဲကြားမှာလည်း ရေထုတ်တဲ့ "ပယ်" ချောင်းလေးတွေ ထားကြရတယ်။ အဲဒီမှာ စီးပွားရေးသမားများက ငါးပုစွန်ဖမ်းဖို့အတွက် ချောင်းတွေ ပယ်တွေမှာ ကန်သင်းတွေ တားကြ ဆည်ကြတယ်။ လယ်ပွဲတွေ ရေအန္တရာယ်ရှိနေပေမယ့် သူတို့ လုပ်ထားတဲ့ အတားအဆီးတွေကို ဖယ်မပေးကြလို့ ပင်လယ်ဒီရေတွေ လယ်ပွဲထဲလွှမ်းပြီး စပါးသီးနှံ ပျက်စီးရတဲ့ ဒုက္ခနှစ်စဉ်လိုလို ကြုံကြရတယ်။ ဒါလည်း ကိုယ်ကျိုးအဓိကသမားများရဲ့ ဖန်တီးမှုကြောင့် ဖြစ်ရတဲ့ ဘေးပါပဲ။

ဘယ်အကြောင်းမျိုးနဲ့ပဲ ဖြစ်ဖြစ်၊ ဒီဘေးမျိုးက ကာကွယ်စောင့်ရှောက်ဖို့အတွက် မိမိစွမ်းနိုင်ရာက မပေါ့မဆ သတိပြု ကြရမှာပါ။ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတို့ရဲ့ တန်ဖိုးအလိုက် မီးအာမခံ၊ ရေအာမခံ ဆိုတာမျိုး အထိ လုပ်ပြီး ကာကွယ်ကြရမှာပါ။

သတိထားဖို့ သတိပေးရာမှာကို ပေါ့ပေါ့လေး မဟုတ်ဘဲ ထိထိရောက်ရောက် ခပ်စပ်စပ်ကလေး သတိပေးသင့်ပါတယ်။ ချင်းတွင်းအထက်ပိုင်း ဟုမ္မလင်းမြို့နယ်၊ ဥရုချောင်းဘေးက နောင်ပိုအောင် အုပ်စု

http://www.dhammadownload.com



ထဲမှာရှိတဲ့ ရွာတစ်ရွာရဲ့ အဝင်တံခါးဝမှာ "မီးကို မင့် အဖေမှတ်သလား" ဆိုတဲ့ ဆိုင်းဘုတ်ကြီးကပ်ထားတာ တွေ့ခဲ့ရဖူးတယ်။ သင့်လျော်တဲ့ သတိပေးမှုပေပဲလို့ သဘောရတဲ့အတွက် "ရေကို မင့်အမေ မှတ်သလား" လို့ ထပ်ဖြည့်လိုက်ရရင် ကောင်းမလားလို့ တွေးမိလိုက်ပါတယ်။ "နောင်တ" ဆိုတာ ပေါ့ဆသူတိုင်းရဲ့ မချိတင်ကဲ ခံစားရမယ့် ရလဒ်တစ်ခုလို့သာ ဆိုပါရစေတော့။

(င) အပ္ပိယ ဒါယာဒဘယ အာရက္ခ = အမွေခံဆိုးဘေးမှ ကာကွယ်စောင့်ရှောက်ခြင်း။

"ဒါယာဒ = အမွေခံ" ဆိုတာ မိဘတို့ရဲ့အမွေခံဖြစ်တဲ့ သားသမီးများကို ပြောတာပါ။ သားသမီးဆိုတာ ရတနာတစ်မျိုးလို မြတ်နိုးချစ်ခင်စရာ ဖြစ်နေရမှာ ဖြစ်လို့ "သားသမီးရတနာ" လို့ကို ရှေးလူကြီးများက ပြောဆို သုံးစွဲခဲ့ပါတယ်။ မြတ်နိုးချစ်ခင်စရာ မဖြစ်ဘဲ မချစ်ခင် မမြတ်နိုးစရာ (အပိယ) ဆိုတဲ့ အဆင့်ရောက်သွားရင်တော့ "အပ္ပိယ ဒါယာဒ = မချစ်မနှစ်သက်ဖွယ်ရာ အမွေခံ" ဖြစ်သွားပါပြီ။ ဒီအဆင့်ရောက်သွားတဲ့ အမွေခံများဟာ ဘေးဆိုးကြီးတစ်ခုနဲ့ ဘာမှ မခြားတော့လို့ "ရန်သူမျိုး" စာရင်းထဲမှာ ထည့်သွင်းပြီး ကာကွယ်စောင့်ရှောက်ဖို့ သတိပေးတော်မူခဲ့တာပါ။

"မိမိတို့ရဲ့ ပစ္စည်းဥစ္စာ အမွေအနှစ်များကို

http://www.dhammadownload.com



အမွေခံဆိုးတို့ မယူနိုင်အောင် ကာကွယ်စောင့်ရှောက်ရမယ်" ဆိုတဲ့ စကားဟာ ဝက်ဝုတ္တိ အလင်္ကာသဘောနဲ့ ပြောဆိုတဲ့ စကားမျိုးလို့ ဆိုနိုင်ပါလိမ့်မယ်။ တိုက်ရိုက်အဖြောင့်ပြောရရင်တော့ 'မိမိတို့ရဲ့ အမွေကို ခံကြမည့် သားသမီးများကို အမွေခံဆိုးများ မဖြစ်အောင် မိကောင်းဖခင်များပီပီ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ" ဆိုတဲ့ အခြေခံ ဝတ္တရားများက စပြီး ချွတ်ယွင်းမှု မရှိအောင် မိဘဝတ္တရားများ ကျေပွန်ကြ' လို့ ဆိုရပါလိမ့်မယ်။

ဟုတ်ပါတယ်၊ သားသမီးဆိုတာ မိဘတို့ရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းက နှလုံးအိမ်ထဲအထိ အတားအဆီးမရှိ ဝင်ရောက်နိုင်ကြသူများ ဖြစ်လို့ အပြင်ဗဟိဒ္ဓမှာ ရှိတဲ့ ပစ္စည်းဥစ္စာကို သားသမီးများနဲ့ လွတ်ကင်းအောင် သိမ်းဆည်းဖို့ နေရာဆိုတာ မရှိနိုင်ပါဘူး။ သားသမီးတို့ရဲ့ ဘေးဒုက္ခကို ကာကွယ်နိုင်ဖို့အတွက် မသုံးရက်နိုင်တဲ့ ပစ္စည်းဥစ္စာ ဆိုတာ ဘယ်မိဘမှာမှ လည်း ရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီငါးခုမြောက် ရန်သူဘေးက ကင်းဝေးဖို့ ဆိုတာ ပစ္စည်းဥစ္စာကို အလေးထား စောင့်ရှောက်ဖို့ထက် သားသမီးများကို အမွေခံကောင်းကလေးတွေ ဖြစ်အောင် အလေးထား မွေးမြူစောင့်ရှောက်ရမယ်လို့ ဆိုလိုရင်း ဖြစ်တယ်လို့ သာ ယူဆသင့်ပါလိမ့်မယ်။

သားသမီးများက မိဘအပေါ် ကျေးဇူးတုံ့ပြ

http://www.dhammadownload.com



ရမယ့် ဝတ္တရားငါးပါးထဲက "မွေခံထိုက်စေ" ဆိုတာ ကလည်း သားသမီးများ ယဉ်ကျေးလိမ္မာ တာဝန် ကျေပြီး ကျေးဇူးသိတတ်ကြမှသာ မိဘအမွေဥစ္စာများ အချည်းနှီး ပြုန်းတီးမသွားဘဲ ကွယ်လွန်ကြပြီးတဲ့အခါ အမွေခံစရာအဖြစ် ကျန်ရစ်မှာ ဖြစ်လို့ အမွေဥစ္စာများ မပြုန်းတီးရအောင် ကျေးဇူးတုံ့နဲ့ တာဝန်ကျေရမယ် လို့ ဆိုလိုတာပါ။ မလိမ္မာကြလို့ ရောင်းချသုံးစွဲပစ် ကြရင် အမွေဥစ္စာ ဆိုတာ မကျန်နိုင်တော့တဲ့အတွက် "မွေခံထိုက်သူများ" မဖြစ်နိုင်တော့ပါဘူး။ သားသမီး များ မွေခံထိုက်သူစစ်စစ် (အမွေခံကောင်း) များ ဖြစ်ဖို့ ဆိုတာကလည်း လက်ဦးဆရာများဖြစ်တဲ့ မိဘများက အရင်ဆုံး တာဝန်ကျေကြရမှာ ဖြစ်ပါတယ်။

မိခင်တို့ရဲ့မေတ္တာကြောင့် သဘာဝတရားဟာ မိခင်ရဲ့နို့ချိုကို ကလေးငယ်ရဲ့ ဝမ်းမီးပါစကအလိုက် ကျေညက်နိုင်အောင် အရွယ်အားလျော်စွာ အနုအရင့် အဆင့်ဆင့် ထွက်ရှိပေးရတယ်လို့ မှတ်သားရဖူးပါ တယ်။ မှန်ပါတယ်၊ ဘယ်အာဟာရမဆို ပါစကဝမ်းမီး က ချေချက်ပေးလို့ ကိုယ်ပိုင်သွေးအဖြစ် ပြောင်းလဲ ပေးမှသာ ခန္ဓာကိုယ်အတွက် "အသားနဲ့ အား" ဆိုတာ ဖြစ်နိုင်တာမျိုးပါ။ ခွန်အားကို တိုးပွားစေတတ်တဲ့ "ဆီဦးထောပတ် အသားငါး" ပင် ဖြစ်စေဦးတော့ ဝမ်း မီးက နိုင်နင်းအောင် မချေချက်နိုင်ရင် အားမဖြစ်ဘဲ အဆိပ် (ပွိုင်ဇင်) သာ ဖြစ်သွားနိုင်ပါတယ်။

http://www.dhammadownload.com



ကလေးငယ်ရဲ့ ရုပ်ခန္ဓာကို တည်ဆောက်ရာမှာ သူ့ရဲ့အရွယ်အားလျော်စွာ ဖြစ်ပေါ်နေတဲ့ ပါစကဝမ်းမီးကို မိခင်ရဲ့မေတ္တာနဲ့ သဘာဝတရားတို့က လိုက်လျောညီထွေ ဖြစ်ပေါ်ပေးရသလိုပါပဲ။ စိတ်ပိုင်းဆိုင်ရာ အသိအလိမ္မာတို့ကို တည်ဆောက်ရာမှာလည်း သားသမီးတို့ရဲ့အရွယ်အလျောက် သိနိုင်၊ မှတ်နိုင်၊ လိုက်နာလက်ခံနိုင်မယ့် အနေအထားများကို မိဘများက မေတ္တာအပြည့်နဲ့ နားလည်ပေးဖို့ လိုပါလိမ့်မယ်။

"လူ" ဆိုတာ ရုပ်ဝတ္ထု (သတ္တု၊ သစ်သား၊ ကျောက်တုံး) များလို နည်းစနစ်တစ်ခုတည်းကို အခြေခံပြီး ပုံစံကျထုတ်လို့ မရနိုင်သလို တိရစ္ဆာန်များလို မျိုးရိုးဗီဇအလေ့အကျင့် အတတ်ပညာ တစ်ခုတည်းနဲ့ တစ်သမတ်တည်း ရှင်သန်နေတဲ့ သတ္တဝါမျိုးလည်း မဟုတ်တဲ့အတွက် လူကို စည်းကမ်းနဲ့ နည်းစနစ် ပုံစံခွက်ထဲမှာသာ ထည့်ပြီး လိုချင်တဲ့ပုံစံ ထုတ်လုပ်လို့ မရနိုင်ဘူးဆိုတာ အထူးသတိပြုဖို့ လိုအပ်ပါတယ်။

အဓိ အရေးအကြီးဆုံးကတော့ အမွေခံထိုက်တဲ့ အမွေခံကောင်းများ ဖြစ်ဖို့ဆိုတာ မိသားစုပိုင် အမွေဥစ္စာတို့ကို အချည်းနှီး ဖြုန်းတီးမပစ်ရက်အောင် "မိသားစုချစ်စိတ်" များ ဖြစ်ပေါ်နေစေဖို့ပါပဲ။ မိသားစုချစ်စိတ်ဆိုတာဟာလည်း မိသားစုမှာ ချစ်ခင်စရာ အစဉ်အလာကောင်း အလေ့အထကောင်းများနဲ့ ဗြဟ္မစိုရ်တရားစစ်စစ်များကို နေ့စဉ် တွေ့ထိ ခံစားနိုင်ကြမှ

http://www.dhammadownload.com



သာ ဖြစ်နိုင်တာမျိုးပါ။ "ချစ်ရမယ်" လို့ အမိန့်ထုတ်ပြီး အချစ်ခိုင်းလို့ ရနိုင်တာမျိုး မဟုတ်ပါဘူး။

အနာဂတ်လူ့ဘောင်ကို တည်ဆောက်ရာမှာ မျိုးချစ်စိတ်ရှိရေးဟာ အဓိကကျသလို မျိုးချစ်စိတ်ရှိရေးမှာလည်း မိသားစုချစ်စိတ်ရှိတဲ့ ကလေးငယ်များအဖြစ်က စတင်နိုင်ဖို့ အရေးကြီးပါတယ်။ ချစ်စရာကို ကိုယ်တွေ့ ကိုယ်ကြုံ မတွေ့မြင် မခံစားရဘဲ အချစ်ခိုင်းလို့ မရပါဘူး။ အဲဒီ ချစ်စရာ ဆိုတာဟာ မိဘများက တည်ဆောက် သရုပ်ဆောင်ပြကြရမှာပါ။ အနာဂတ်ကမ္ဘာကြီး တစ်ခုလုံးအတွက်ပဲ ဖြစ်ဖြစ်၊ ကမ္ဘာကြီးထဲမှာ အကျုံးဝင်တဲ့ နိုင်ငံတစ်ခုအတွက် ဖြစ်ဖြစ်၊ နိုင်ငံအတွင်းက မြို့၊ ရွာ၊ ဒေသ၊ မိသားစုတစ်ခုချင်းအတွက်ပဲ ဖြစ်ဖြစ်၊ ကောင်းကျိုးနဲ့ ဆိုးပြစ် ဘယ်လိုရှိမယ်ဆိုတာ သက်ဆိုင်ရာမိသားစု၊ မြို့၊ ရွာ၊ ဒေသ၊ နိုင်ငံနဲ့ ကမ္ဘာမှာ တာဝန်ရှိသူများက အနာဂတ်လူငယ်တို့အတွက် ဘယ်လိုချစ်ခင် အားကျ အတုယူစရာ စံနမူနာကောင်းများ ပေးနိုင်တယ်၊ မပေးနိုင်ဘူး ဆိုတဲ့ အပေါ်မှာ လုံးလုံးလျားလျား တည်မှီနေတယ် ဆိုတာ သက်ဆိုင်ရာနယ်ပယ်အသီးသီးက တာဝန်ရှိသူတိုင်း အလေးအနက် ခံယူကြရမှာပါ။ စစ်မှန်တဲ့ မိသားစုချစ်စိတ်၊ အမျိုးချစ်စိတ် ဆိုတာ ဒါကို ပြောတာပါ။ ဒီစိတ်ထားမျိုးကို မြတ်စွာဘုရားရှင်ကတော့ ဗြဟ္မာတို့ရဲ့စိတ်ထားနဲ့ တူလို့ "ဗြဟ္မစိုရ်တရား" လို့ ဂုဏ်ပြု

http://www.dhammadownload.com



သတ်မှတ်တော်မူပါတယ်။

ဗြဟ္မစိုရ်စိတ်ထား အစစ်အမှန် ရှိသူများဟာ အစဉ်အလာကောင်းတစ်ခုကို တည်ထောင်ရာမှာ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းများနဲ့ စတင်မှု မပြုဘဲ စံပြသရုပ်ဆောင်မှုနဲ့ စတင်ခဲ့တာမျိုးပါ။ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို စတင်ချိန်က ဝိနည်းစည်းကမ်းဆိုတာ လုံးဝ မရှိသေးပါဘူး။ ဘုရားရှင်နဲ့ အရိယာ သာဝကကြီးများက စံပြအဖြစ် သရုပ်ပြပြီး စတင်ခဲ့တာပါ။ နောင် သံဃာပရိသတ် များလာတဲ့ အခါ အများအထင်အမြင်သေးစရာ အပြုအမူ အပြောအဆိုတွေ ကြုံလာမှသာ လိုအပ်သလို စည်းမျဉ်းစည်းကမ်းများ သတ်မှတ်တော်မူခဲ့တာပါ။ စည်းမျဉ်းစည်းကမ်းတွေ ဘယ်လောက် ကောင်းမွန်နေပေမယ့်လည်း သာသနာချစ်စိတ် ကင်းမဲ့သူ များလာရင် သာသနာဟာ ကွယ်စမြဲ ဖြစ်ပါတယ်။

ချစ်ခင်ပျော်ရွှင်စရာ ကောင်းတဲ့ စည်းလုံးညီညွတ်တဲ့ မိသားစု သီရိဂေဟာတစ်ခုက စပြီး နိုင်ငံ သစ် ကမ္ဘာသစ်ကြီး တည်ဆောက်ရာမှာလည်း ဒီနည်းကို အတုယူ အားကျသင့်ပါတယ်။ မိသားစုတစ်ခုအတွက် ပြောရရင် ကျောင်းဆင်းချိန်၊ အလုပ်ဆင်းချိန်၊ မိသားစုဆုံစည်းချိန်ဟာ ချစ်ခင် ပျော်ရွှင်စရာကောင်းတဲ့ အချိန်တစ်ခု ဖြစ်နေစေဖို့ အရေးကြီးပါတယ်။ ချစ်ခင် ပျော်ရွှင်စရာ နေရာတစ်ခုဟာ ဖိတ်ခေါ်စရာ

http://www.dhammadownload.com



မလိုဘဲ စိတ်ပါပြီး စုဝေးမြဲဖြစ်သလို ချစ်ခင်ပျော်ရွှင်စရာမကောင်းတဲ့ နေရာမျိုးဟာလည်း ဘယ်လိုစည်းကမ်းနဲ့ အမိန့်ထုတ်လို့မှ စိတ်ပါ စုဝေးစရာ ဖြစ်မလာနိုင်ပါဘူး။ ညနေ ကျောင်းဆင်းချိန်မှာ မိမိကျောင်းက ကျောင်းသားနဲ့ အတူ ကလေးတစ်ယောက် အမြဲလိုက်လာတယ်။ ကျောင်းမှာ ထမင်းစားခိုင်းလို့လည်း မစားဘူး၊ ညအတော် မှောင်ချိန်ရောက်မှ အိမ်ပြန်တယ်၊ ဒါလည်း မလွဲမရှောင်သာလို့ ပြန်တဲ့သဘော။ အတော်လေး ရင်းနှီးလို့ မေးကြည့်တော့ အိမ်ပြန်ရောက်ရင် အဖေနဲ့ အမေက အမြဲရန်ဖြစ်၊ ပူညံနဲ့ စိတ်ရှုပ်လို့တဲ့။ အဖေ မူးပြီး အိပ်ပျော်ချိန်၊ အမေလည်း မောပြီး မအော်မဆူနိုင်ချိန်လောက်ရောက်မှ အိမ်ပြန်တာတဲ့။ စဉ်းစားကြည့်ရင် တကယ်ရင်နာစရာ ဓာတ်လမ်းရှည်ကြီးမှာ အရွယ်နဲ့ မလိုက်အောင် ပါဝင်သရုပ်ဆောင်နေရတဲ့ သနားစရာ ကလေးငယ်ပါပဲ။ မိဘများ စဉ်းစားကြဖို့ပါ။

သားသမီးတို့ကို အမွေခံကောင်းများ ဖြစ်အောင် ဘယ်လိုတည်ဆောက်ရမယ် ဆိုတာနဲ့ ပတ်သက်လို့ကတော့ အနုပညာထဲမှာ အနူးညံ့ အသိမ်မွေ့ဆုံး ပညာတစ်ရပ်ဖြစ်လို့ မိမိအနေနဲ့ ပြည့်စုံခြုံငုံမိအောင် ပြောပြဖို့ မလွယ်ပါဘူး။ “ဆည်းပူး လေ့လာခြင်းနဲ့ အတူ ဗြဟ္မစိုရ်စိတ် အပြည့်ရှိဖို့ အရေးကြီးတယ်” လို့သာ ပြောပြနိုင်ပါလိမ့်မယ်။ ချစ်ခြင်းမေတ္တာနဲ့ အတူ

http://www.dhammadownload.com



ဆင်းရဲရောက်မှာကို ကြိုတင် ကရုဏာထားတတ်မှု၊ ချမ်းသာဖို့အရေးအတွက် ကြိုတင်ဝမ်းမြောက်တတ်မှု နဲ့ ချွတ်ယွင်းချက်များကို ခွင့်လွှတ်နိုင်မှု ဆိုတဲ့ ဗြဟ္မစိုရ် တရားလေးပါး အပြည့်ရှိတဲ့ မိဘများအနေနဲ့ အလွန် တော့ မခဲယဉ်းလှပါဘူး။

ဘာသာတရား၊ ယဉ်ကျေးမှု အစဉ်အလာ ကောင်းများကို အရွယ်အားလျော်စွာ ခံစားတတ်၊ ခံယူ တတ်အောင် မိဘများကိုယ်တိုင် စံပြသရုပ်ဆောင်တတ် ဖို့နဲ့ သင့်လျော်ရာ သင်တန်း၊ စာပေ၊ တိပ်ခွေတို့နဲ့ ထိတွေ့ခွင့် ရနိုင်အောင်လည်း အတင်းအကျပ် မဟုတ် ဘဲ ညင်ညင်သာသာ ဖန်တီးပေးသင့်ပါတယ်။ အစဉ် အလာကောင်းတစ်ခုကို လိုက်နာစရာ စည်းကမ်းအဖြစ် ရေးသားသတ်မှတ်ခြင်းထက် မိသားစုအားလုံး လိုက်နာ ကျင့်သုံးရတဲ့ နေ့စဉ် အလေ့အထတစ်ခုအဖြစ် ခံယူ လာအောင် ဖန်တီးနိုင်ဖို့တော့ လိုပါလိမ့်မယ်။

မိဘများကိုယ်တိုင် မိကောင်းဖကောင်း ဓလေ့ စရိုက် မရှိဘဲနဲ့ သားကောင်း သမီးကောင်းဖြစ်ရေး ဆိုတာကတော့ အတော်အလှမ်းဝေးနေမှာပါ။

အားလုံးကောင်းဖို့အတွက် အားလုံးကောင်း ကြမှ တန်ကာကျမယ်လို့သာ ပြောပါရစေတော့။

❑

http://www.dhammadownload.com

## နှောင်ကြိုးလွှတ်ချင် နှောင်ကြိုးလွှတ်ပါ

ငါတို့သာသနာမှာ စာတတ်သူ နည်းပါးလို့
အားမရဲနေရာက တောင်ဘက်ကမ်းမှာ ဦးဖုစ်
တစ်ပါးဖြင့် ရှိသေးရဲ့လို့ အားကိုးမိပါတယ်၊
မျက်နှာလိုက်သကိုး...

(တောင်ဘီလူးဆရာတော်)

ဘာမှ မရဘူးလို့ နှလုံးသွင်းလှူရမယ်။

(မစိုးရိမ်ဆရာတော်ကြီး)

အင်းဝမြို့ "မဟာအောင်မြေဘုံစံ အုတ်ကျောင်း" ကျောင်းအမကြီး (ဘကြီးတော် စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီးမယ်နု) က ဆရာတော်ဦးဖုစ်ကို 'တပည့်တော် ဒီအုတ်ကျောင်းကြီးကို သုံးသိန်းကျော် အကုန်အကျခံပြီး ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ မွေးရပ်ဇာတိ ဖလံခုံ ရွာမှာလည်း ကျောင်းတစ်ဆောင် တစ်သိန်းကျော် အကုန်အကျခံပြီး ဆောက်လုပ် လှူဒါန်းခဲ့ပါသေးတယ်။

http://www.dhammadownload.com



အခါခပ်သိမ်း ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ် စတဲ့ လှူဖွယ်ဝတ္ထုတို့ကိုလည်း လှူဒါန်းခဲ့ပါတယ်။ ဒီလို လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုတို့ရဲ့ အကျိုးတရားကို ဟောကြားတော်မူပါဘုရား' လို့ လျှောက်ထားတဲ့ အခါ...

ဆရာတော်က ကျောင်းအမကြီးကို ရေဖလား နဲ့ ရေအပြည့် ခပ်ယူစေပြီး ရေကို အကြွင်းအကျန်မရှိ အောင် သွန်ပစ်စေတယ်။ ပြီးမှ 'အခု သွန်ပစ်လိုက်တဲ့ ရေနဲ့ လှူလို့ကုန်တဲ့ ပစ္စည်းနဲ့ တူတယ်၊ ဖလားထဲမှာ ကပ်ပြီး ကျန်ခဲ့တဲ့ရေနဲ့ ကုသိုလ်ကြောင့် ရမယ့် အကျိုး နဲ့ တူတယ်' လို့ ဟောကြားလိုက်ပါသတဲ့။

ကျောင်းအမရဲ့လျှောက်ထားချက်က "ကုသိုလ် ရဲ့ အကျိုးတရား" လို့ ပါနေတဲ့အတွက် 'လောကီ စည်းစိမ် (ဘဝသမ္ပတ္တိ) ကို လိုလားတောင့်တတဲ့သဘော ဖြစ်လို့ လောကအကုသိုလ် ခြံရံနေတဲ့အတွက် အကျိုး အနည်းငယ်ပဲ ရနိုင်တယ်' လို့ ဟောလိုရင်းဖြစ်တယ် လို့ သဘောပေါက်တဲ့အတွက် ကျောင်းအမကလည်း ကျေနပ်သွားပါသတဲ့။

ကျောင်းအမကြီးက ဆရာတော်ဦးဗုဓ်ရဲ့ "ရေ ဖလားတရား" ကို သဘောကျလွန်းလို့ တောင်ဘီလူး ဆရာတော်ကြီးကို သွားပြီး လျှောက်ထားတဲ့အခါမှာ တော့ တောင်ဘီလူးဆရာတော်ကြီးက-

'တကာတဲဗျာ၊ ငါတို့ သာသနာမှာ စာတတ်

http://www.dhammadownload.com



သူနည်းပါးလို့ အားမဲ့နေရာက တောင်ဘက်ကမ်းမှာ ဦးဇုမ်တစ်ပါးဖြင့် ရှိသေးရဲ့လို့ အားကိုးမိပါတယ်၊ မျက်နှာလိုက်သကိုး' လို့ မိန့်ကြားတော်မူပါသတဲ့။

'မိဖုရားခေါင်ကြီးမို့သာ ဒီတရားမျိုးကို ဟောတာ၊ လောဘအလို ခြံရံပြီး လှူတဲ့ သဒ္ဓါတရား အနိမ့်စားမျိုးအတွက် ဒီလောက်အကျိုးကိုပင် ရနိုင်တယ်လို့ ဆရာတော်ဦးဇုမ် ဟောမည် မဟုတ်' လို့ ဆိုလိုရင်း ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

(မယ်နုအုတ်ကျောင်း-၆၂)

ဒီလို အလားတူ တရားမျိုးကို အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးကလည်း မိန့်ကြားဖူးပါတယ်။ ဒါရိုက်တာမောင်ဝဏ္ဏ ငယ်စဉ်က သူ့မိခင်နဲ့အတူ မစိုးရိမ်ဆရာတော်ဘုရားကြီးထံ သင်္ကန်းတစ်စုံကပ်လှူတဲ့အခါ ဆရာတော်ကြီးက-

'ဒကာမကြီး၊ ဘုန်းကြီးကို ဒီသင်္ကန်းကပ်တော့ ဘာရသလဲ' လို့ မေးတော်မူပါသတဲ့။

'ကုသိုလ်ရတာပေါ့ဘုရား' လို့ လျှောက်ထားတော့ ဆရာတော်ကြီးက 'ဘာမှ ပြန်မရဘူးလို့ နှလုံးသွင်းရမယ်' လို့ မိန့်ကြားတော်မူပြီးမှ 'ဒါနပြုတယ်ဆိုတာ ကိုယ့်ရှိတဲ့ ပစ္စည်း သူများကို ပေးတာဗျ။ ကိုယ်က တစ်ခုခု ပြန်လိုချင်ရင် အဲဒါ ပါရမီမြောက်တဲ့ ဒါန မဖြစ်ဘူး' ဆိုတဲ့အကြောင်း ရှင်းပြတော်မူတယ်လို့ ဒုက္ခကို မြိန်ရေရှက်ရေ ခံစားနေတဲ့ မောင်ဝဏ္ဏက

http://www.dhammadownload.com



ရေးပြပါတယ်။ (အတွေးသစ်၊ ၅၊ ၂၃၅)

ဖြစ်ပေါ်လာတဲ့ အကြောင်းအရာက ဒါနနဲ့ ပတ်သက်လို့သာ ဒါနကို ဦးတည်ပြောနေပေမယ့် ဆရာတော်ကြီးများရဲ့ ဩဝါဒဟာ ပါရမီမြောက်စေတဲ့ ကုသိုလ်အားလုံးကို ရည်ညွှန်းတာပါ။ "ကုသိုလ်ကောင်းမှုဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာကို ပေးတတ်တယ်" ဆိုတဲ့ ကမ္မဿကတာသမ္မာ ဒိဋ္ဌိအမြင်ဟာ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်လက်ခံတာဖြစ်လို့ အခြေခံအနေနဲ့တော့ မှန်ကန်ပါတယ်။ ဒါပေမဲ့ ဒီအမြင်မျိုးဟာ သာသနာပ ကာလတွေမှာလည်း သိမြင်နိုင်ခွင့် ရရှိတာမို့ အခြေခံအမြင်သာ ဖြစ်ပါတယ်။ သာသနာကြုံကျိုးနပ်လောက်တဲ့ အဆင့်မီအမြင်တော့ မဖြစ်သေးဘူးလို့ ဆရာတော်ကြီးများက သတိပေးနေတာပါ။ ဟုတ်ပါတယ်၊ သာသနာပ ကာလတွေမှာတော့ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်လက်ခံတယ်ဆိုရင်ပဲ အခြေခံကောင်းလှပါပြီ။ သို့သော်...

သာသနာတော်ဆိုတာ ကံနဲ့ ကံရဲ့အကျိုးထက် သာလွန်မြင့်မြတ်တဲ့ ဉာဏ်နဲ့ ဉာဏ်ရဲ့အကျိုးအထိ သိမြင်နိုင်စွမ်းရှိအောင် ညွှန်ပြတဲ့ သဗ္ဗညုဘုရားရှင်တို့ရဲ့ အဆုံးအမတော်ဖြစ်လို့ ဉာဏ်နဲ့ ဉာဏ်ရဲ့အကျိုးအထိ မြော်မြင်ပြုလုပ်ကြမှသာ သာသနာကြုံကျိုးနပ်ကြတဲ့ သာသနာတွင်းသားအစစ် ဖြစ်နိုင်ပါတယ်။ အခြေခံဖြစ်တဲ့ ဝိပဿနာဉာဏ်က စပြီး မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ်တို့နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးကို မြော်မြင်ဦးတည်ရမယ်လို့ ဆိုလိုတာပါ။

ဒီလို ဦးတည်တာဟာ အမြင့်မြတ်ဆုံး ဘုရားရှင် အစရှိတဲ့ အရိယာပုဂ္ဂိုလ်တို့ ရောက်ရှိတဲ့ အဆင့်ဖြစ်လို့ "ပရမာနံဘာဝေါ ပါရမီ = မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်းဖြစ်ရာ စေတနာ" ဆိုတဲ့အတိုင်း "ပါရမီမြောက်တယ်" လို့ ခေါ်ပါတယ်။

"ဘာမှ ပြန်မရဘူးလို့ နှလုံးသွင်းရမယ်" ဆိုတဲ့ စကားဟာ အလွန်လေးနက်တဲ့အတွက် လွတ်ခနဲ သဘောကျ လက်ခံနိုင်ဖို့တော့ ခဲယဉ်းနိုင်ပါတယ်။ အဘိဓမ္မာသဘောအရ အလေးအနက် စဉ်းစားကြည့်မှသာ အမြင်ကြည်လင်နိုင်မယ့် စကားပါ၊ အဘိဓမ္မာသဘောဆိုတာ တကယ့်တရားကိုယ်စစ်စစ်ကို ကောက်ယူကြည့်ရတဲ့ နည်းပါ။ "ရတယ်" ဆိုတဲ့ စကားဟာ ရနိုင်တဲ့အတွက် ရချင်တယ်ဆိုတဲ့ "လောဘ"အကုသိုလ် ပါဝင်နေပါတယ်။ လောဘဆိုတာ သစ္စာလေးပါးနဲ့ ကြည့်လိုက်ရင် သံသရာဝဋ်ဒုက္ခနယ်ထဲက မလွတ်နိုင်အောင် တုပ်နှောင်တတ်တဲ့ တဏှာသမုဒယပဲ ဖြစ်ပါတယ်။ ဘယ်ကုသိုလ်မဆို အလိုဆန္ဒတို့၊ လောဘတို့ ဆိုတဲ့ အကုသိုလ်တရားများ ခြံရံနေရင်...

"အကုသိုလ်ကံ၊ ရှေ့နောက်ရံ၊ မှတ်ရန် ဩမက' ဆိုတဲ့အတိုင်း 'ဩမက' လို့ ခေါ်တဲ့ အညံ့စားကုသိုလ်မျိုးသာဖြစ်ပြီး လောကီဝဋ်ဒုက္ခနယ်က မလွတ်မြောက်

http://www.dhammadownload.com



တဲ့ အကျိုးများကိုသာ ပေးစွမ်းနိုင်ပါတယ်။ ဝဋ္ဋဒုက္ခ လွတ်မြောက်ရာ နိဗ္ဗာန်အထိ အထောက်အကူ မဖြစ်ပါဘူး။ ဒါကြောင့်လည်း အလောင်းတော်ကြီးများ ပါရမီဖြည့်စဉ်ကာလမှာ ကုသိုလ်ပြုတဲ့အခါ "သဗ္ဗညုတဉာဏ်တော်ရဲ့ အထောက်အပံ့သာ ဖြစ်စေသား" ဆိုတဲ့ ရည်မှန်းချက်နဲ့သာ ပြုတော်မူကြတာပါ။

ဒီနေရာမှာ 'ဘုရားအလောင်းတော်တို့ သဗ္ဗညုတဉာဏ်ရလိုတာ၊ ဒါမှမဟုတ် ဘယ်သူမဆို နိဗ္ဗာန်ကို ရလိုတာဟာလည်း လောဘပဲ မဟုတ်ပါလား' လို့ အတွေးလွန်ကြတာလည်း တွေ့ရဖူးပါတယ်။ မူရင်း စကားစစ်စစ်မှာတော့ "ရပါလို၏၊ ရပါစေသား" လို့ မသုံးပါဘူး။ "ပစ္စယောဟောတု = အထောက်အပံ့ ဖြစ်ပါစေသား" လို့သာ သုံးတာပါ။

သဗ္ဗညုတဉာဏ် ဆိုတာဟာ အတွယ်အတာ နှောင်ကြိုးအားလုံးကို စွန့်လွှတ်ဖြတ်တောက်ပြီးမှသာ ရရှိနိုင်သလို ဝဋ္ဋဒုက္ခအကြွင်းမရှိ ချုပ်ငြိမ်းရာ "အနုပါဒိ သေသနိဗ္ဗာန်" ဆိုတာလည်း အတွယ်အတာ အားလုံးကို စွန့်လွှတ်နိုင်မှသာ ရနိုင်တာ ဖြစ်လို့ ဒီအတွက် အထောက်အပံ့ ဖြစ်ပါစေသား ဆိုတာဟာ အလုံးစုံကို စွန့်လွှတ်နိုင်သူ ဖြစ်စေဖို့ကို ရည်ရွယ်ထားခြင်းသာဖြစ်ပြီး ရဖို့ ရည်ရွယ်တာ မဟုတ်လို့ လောဘ မဟုတ်ပါဘူး။ သမ္မာဆန္ဒလို့တော့ ဆိုနိုင်ပါတယ်။

ဝဋ္ဋနှောင်ကြိုးနဲ့ အတုပ်အနှောင်ခံရတယ်လို့

http://www.dhammadownload.com



တင်စားပြောဆိုကြတဲ့ စကားမှာ တကယ်တမ်းကတော့ နှောင်ကြိုးက ကိုယ့်ကိုလာပြီး တုပ်တာ မဟုတ်ပါဘူး။ ကိုယ်က နှောင်ကြိုးကို မလွှတ်နိုင်တဲ့အတွက် နှောင်ကြိုးက ရှည်ရှည်လာပြီး ရစ်ပတ်နှောင်ဖွဲ့သလို ဖြစ်ရတာပါ။ ဒါကြောင့် ဆရာတော်ကြီးများရဲ့ အဆုံးအမတော်ဟာ နှောင်ကြိုးအားလုံးက လွတ်မြောက်ချင်ရင် ကိုယ်က နှောင်ကြိုးကို ဆွဲမထားနဲ့ (ဝါ) နှောင်ကြိုးဖြစ်တဲ့ လောကီအာရုံ ကာမဂုဏ်တွေကို တောင့်တမနေနဲ့၊ ကိုယ်က နှောင်ကြိုးကို လွှတ်နိုင်မှ နှောင်ကြိုးက လွတ်မြောက်နိုင်မယ်လို့ မိန့်ဆိုတော်မူလိုရင်း ဖြစ်တယ်လို့ သဘောပေါက်မိပါတယ်။

မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်တော်မူတဲ့ 'ဘဝကို ကံရဲ့လက်ထဲမှာသာ ဝကွက်အပ်ထားရင် ကံဆိုတာ လောကီနယ်ပယ်အတွင်းမှာသာ အကျိုးပေးနိုင် (ခြယ်လှယ်နိုင်) တာဖြစ်လို့ ဝဋ္ဋဒုက္ခက မလွတ်မြောက်နိုင်ဘူး။ ဝိပဿနာဉာဏ် ရင့်သန်ပြီး မဂ်ဉာဏ်အထိရောက်အောင် ကြိုးစားနိုင်မှသာ ဘဝကို ဉာဏ်ရဲ့လက်ထဲ လွှဲပြောင်းပေးနိုင်တဲ့အတွက် အနိမ့်ဆုံးဖြစ်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရပြီးတယ် ဆိုရင်ပဲ ကံဟာ ခုနစ်ဘဝထက် ပိုပြီး ဝင်ရောက်စွက်ဖက်ခွင့် မရှိတော့ဘူး။ ဒီခုနစ်ဘဝ အတွင်းမှာလည်း အပါယ်ဘုံနဲ့ နိမ့်ကျတဲ့ အမျိုး ဇာတ်ထဲ ပြန်ဆွဲမချရဲတော့ဘူး။ ဒါကြောင့် ဘဝကို အာမခံချက်အပြည့်ရအောင် ကံရဲ့

http://www.dhammadownload.com



လက်ထဲက ဆွဲထုတ်ပြီး ဉာဏ်ရဲ့လက်ထဲ အပ်နိုင်အောင် သတိပဋ္ဌာန်တရားကို လက်ကိုင်ထား ကြိုးစားရမယ်' ဆိုတဲ့ အဆုံးအမကိုလည်း အလေးထားနှလုံးပိုက်စေချင်ပါတယ်။

ကောင်းတဲ့အလုပ်များကို လုပ်ပါလျက် ကံနယ်ကနေ ဉာဏ်နယ်ကို မကူးနိုင်အောင် မြင့်မြတ်တဲ့ ပါရမီမမြောက်အောင် နှောင့်ယှက်ပုံ အမျိုးမျိုးနဲ့ ပတ်သက်လို့ သီလက္ခန် ဋီကာသစ်ကျမ်းမှာ မိန့်ဆိုတာကတော့–

'သာမညအားဖြင့် တဏှာဒိဋ္ဌိမာနတို့နဲ့ သုံးသပ်ပြီး ပြုလုပ်ရင် ပါရမီ ၁၀ ပါးလုံး ညစ်နွမ်းတယ်၊ ပါရမီ မမြောက်နိုင်တော့ဘူး။

တစ်ခုချင်းစီအနေနဲ့ဆိုရင်–

လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ကြံစည်ရင် ဒါနပါရမီ ညစ်နွမ်းတယ်။ သတ္တဝါနဲ့ အချိန်ကာလတို့ကို ခွဲခြားကြံတွေးရင် သီလပါရမီ ညစ်နွမ်းတယ်။ ကာမနဲ့ ဘဝတို့မှာ မွေ့လျော်ခြင်း၊ အေးငြိမ်းရာကို မမွေ့လျော်ခြင်းကြောင့် နေက္ခမ္မပါရမီ ညစ်နွမ်းတယ်။

"ငါ ငါ့ဥစ္စာ" လို့ တွေးကြတဲ့အတွက် ပညာပါရမီ ညစ်နွမ်းတယ်။ တွန့်ဆုတ်ပျံ့လွင့် (တွေဝေ) ခြင်းကြောင့် ဝီရိယပါရမီ ညစ်နွမ်းတယ်။ မိမိနဲ့ သူတစ်ပါး ဆိုတဲ့ ခွဲခြားကြံစည်မှုကြောင့် ခန္တီပါရမီ

http://www.dhammadownload.com



ညစ်နွမ်းတယ်။ မသိ မမြင်တာကို သိတယ် မြင်တယ် စတဲ့ အထင်မှား အကြံမှားတွေကြောင့် သစ္စာပါရမီ ညစ်နွမ်းတယ်။

သစ္စာဉာဏ်ရဲ့ အခြံအရံ အဆောက်အအုံများနဲ့ ဆန့်ကျင်ဘက်တရားတို့အပေါ်မှာ အပြစ်နဲ့ ဂုဏ်ကို ကြံစည်ခြင်းကြောင့် အဓိဋ္ဌာနပါရမီ ညစ်နွမ်းတယ်။ အကျိုးရှိ အကျိုးမဲ့ကို ခွဲခြား ကြံစည်တဲ့အတွက် မေတ္တာပါရမီ ညစ်နွမ်းတယ်။ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံကို ခွဲခြားကြံစည်ခြင်းကြောင့် ဥပေက္ခာပါရမီ ညစ်နွမ်းတယ်' လို့ ဆိုပါတယ်။ (သီ၊ ဋီ၊ ပ၊ ၂၇၁) ညစ်နွမ်းတယ်ဆိုတာ နှောင်ကြိုးကို မလွှတ်နိုင်ဘဲ ဖြစ်ရတယ် ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

နှောင်ကြိုးက လွှတ်လိုသူတိုင်း နှောင်ကြိုးကို လွှတ်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

# စွန့်၊ ခွာ၊ လွှတ်

အနာကို ဆေးကုတဲ့နေရာမှာ တဖြည်းဖြည်း ရင့်မှည့် ပြည်ပေါက် ကျက်ကွာသွားအောင် ကုသတဲ့နည်းရယ်၊ မကောင်းတဲ့သွေးကို ခွဲထုတ်၊ အနာစိမ်းဖြစ်အောင် လုပ်ပြီး အမြန်ကျက်အောင် ကုတဲ့နည်းရယ် နှစ်မျိုး ရှိသလိုပေါ့။

(ဒေးဒရဲကွင်းကျောင်းဆရာတော်)

ဒါနနဲ့ စာဂ (လှူတာနဲ့ စွန့်တာ) တို့ရဲ့ အထူးကို အရင်တစ်ပတ်က ပြောခဲ့ပါတယ်။

အတိုချုပ်ကတော့ မင်းကျင့်တရား ၁၀ ပါးမှာ ဆိုရင် ကုသိုလ်ဖြစ်ဖို့ ပေးတာကို "ဒါန"၊ ချီးမြှောက်ပေးကမ်းတာကို "စာဂ" လို့ ခေါ်တယ်။

ဗုဒ္ဓဝင်မှာတော့ သာမန်လှူရိုးလှူစဉ် ပစ္စည်းဝတ္ထုကို ပေးလှူတာကို "ဒါန"၊ အလွန်တရာပြုနိုင်ခဲ စွန့်နိုင်ခဲတဲ့အရာများကို ပေးလှူတာကို "မဟာပရိစ္စာဂ" လို့ ခွဲခြားပြီး သုံးတယ်။

http://www.dhammadownload.com



အနုသယတိ စတဲ့ တခြားနေရာများမှာတော့ ဒါနနဲ့ စာဂဟာ သံကွဲကြောင်းတူ (ဝေါဟာရကွဲ အဓိပ္ပာယ်တူ) အဖြစ်နဲ့ သုံးတယ်။

အာစရိယဝါဒ အနေနဲ့တော့ လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို သတ်မှတ်ရည်မှန်းပြီး ပေးလှူ တာကို "ဒါန"၊ ဘယ်ပုဂ္ဂိုလ်ရယ်လို့ ရည်မှန်း သတ် မှတ်ချက်မထားဘဲ ယူလိုသူ ယူစေ၊ ဖြစ်ချင်ရာ ဖြစ် ဆိုပြီး မိမိရဲ့ပိုင်ဆိုင်လိုမှုကို စွန့်ပယ်လိုက်တာကို "စာဂ" လို့ ခွဲခြားပြောဆိုတယ် ဆိုတဲ့ အကြောင်းပါ။

သစ္စာလေးပါးထဲက နိရောဓသစ္စာမှာတော့ "စာဂ = စွန့်ခြင်းနဲ့ ပဋိနိဿဂ္ဂ = ချခြင်း" ဆိုပြီး နောက်တစ်ဆင့် ထပ်ခွဲပါသေးတယ်။ ဒီနှစ်မျိုးရဲ့ အထူးနဲ့ ပတ်သက်လို့ ဒေးဒရဲကွင်းကျောင်းမှာ နိကာယ် သင်တန်း တက်ခဲ့စဉ်တုန်းကလည်း မထေရ်မြတ်များ ဆွေးနွေးကြဖူးပါတယ်။

ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဆရာတော် အရှင် သေဋ္ဌိလကတော့ 'ဒါနက အလှူလေးဆိုရင် စာဂ ဆိုတာ အလှူကြီးလို့ ဆိုနိုင်တယ်။ စာဂကို စွန့်တယ် လို့ ပြန်ဆိုမယ် ဆိုရင်တော့ "စာဂ" က အစွန့်ကလေး၊ "ပဋိနိဿဂ္ဂ" က အစွန့်ကြီးလို့ ဆိုရလိမ့်မယ်' လို့ မိန့်ကြားပါတယ်။

တောင်တွင်းကြီး နတ်မှီတောရ ဆရာတော် ကြီးကတော့ "စာဂ" ဆိုတာက တဖြည်းဖြည်းခြင်း

http://www.dhammadownload.com



စွန့်တာ၊ အလောင်းတော်ကြီးများ ပါရမီ ဖြည့်စဉ် ကာလတုန်းကလို တစ်ပိုင်တစ်နိုင်က စပြီး နောက်ဆုံး အကြွင်းအကျန်မရှိ စွန့်နိုင်တဲ့အထိ ရောက်အောင် အစွန့်လေ့ကျင့်တဲ့ သဘောမျိုးပေါ့။ "ပဋိနိဿဂ္ဂ" ဆို တာကတော့ ခုကာလစကားနဲ့ ပြောရရင် "မျှစ်စိမ်း ချိုး ချိုးတယ်" ဆိုတဲ့ သဘောမျိုးပဲ။ ယသသူဌေးသား သန်းခေါင်ယံမှာ သားမယားအိုးအိမ် စည်းစိမ်အားလုံး ကို စွန့်ခွာပြီး တစ်ခါတည်း အလွတ်ရုန်းပြေးသလို မျိုးပေါ့။ ဒီနှစ်မျိုး ကွဲပြားအောင် ဝေါဟာရအနေနဲ့ စာဂကို "စွန့်တာ"၊ ပဋိနိဿဂ္ဂကို "ခွာတာ" လို့ မြန်မာပြန်ရရင် အဆင်ပြေလောက်တယ်' လို့ ရှင်းပြ ပါတယ်။

ဒေးဒရဲကွင်းကျောင်းဆရာတော်ကတော့ 'ဒါ ဟာ နိရောဓသစ္စာတစ်ခုလုံးရဲ့ ဆိုလိုရင်းကို ခြုံငုံ သဘောပေါက်ထားမှ ဆရာတော်ကြီးများရဲ့ ဆိုလို ရင်းကို သဘောကျမယ်။

တဏှာရဲ့ အကြွင်းအကျန်မရှိ အစွဲခာတ်ကင်း စင်တဲ့ ချုပ်ငြိမ်းရာကို ရောက်ရှိမှ မုတ္တိ = လွတ် မြောက်မှု၊ အနာလယော = နောက်ဆံမတင်း အတွယ် အတာအားလုံး ကင်းလွတ်မှု ဆိုတဲ့ အဆင့် ရောက် မယ်။ အဲဒါ ဗုဒ္ဓအဆုံးအမကို လိုက်နာသူတို့ရဲ့ နောက် ဆုံးပန်းတိုင်ပဲ။ ဒီပန်းတိုင်ကို ရောက်ရှိဖို့အတွက် စာဂနဲ့ ပဋိနိဿဂ္ဂ ဆိုတာ စောစောက တောင်တွင်း ဆရာတော်

http://www.dhammadownload.com



မိန့်ကြားသလို နည်းလမ်းနှစ်သွယ်ကို ပြောနေတာ၊ တဖြည်းဖြည်းစွန့်တဲ့နည်းနဲ့ မျှစ်စိမ်းချိုး ချိုးသလို ဖွတ်အတင်း ခွာချတဲ့နည်းပဲ။ ဒါကို သဘောပေါက်အောင် ဆိုရင် အာရုံငါးပါးရယ်၊ တဏှာရယ်၊ လွတ်မြောက်မှုရယ်တို့နဲ့ ပတ်သက်ပြီး ဘုရားရှင် မိန့်ကြားခဲ့တဲ့ ဥပမာလေးတွေနဲ့ ယှဉ်တွဲကြည့်ရမယ်။

အာရုံငါးပါးဟာ လိုချင်တပ်မက်စရာ ဖြစ်လို့ "ဝတ္ထုကာမ" လို့လည်း ခေါ်တယ်။ "ကာမငါးထွေ၊ ဆားငန်ရေသို့၊ သောက်လေ သောက်လေ၊ ငတ်မပြေတည့်" ဆိုတာ ဒါနကို ပြောတာပေါ့။ ဒီဥပမာမှာ "ငန်တယ်" ဆိုတာ အရသာပဲ၊ အရသာဆိုတာ "လျှာ" (ဇိဝှာပသာဒ)နဲ့ ထိတဲ့အခါမှ ပေါ်တာ၊ ကျန်တဲ့ ကာယပသာဒနဲ့ ထိတယ်အခါမှာဆိုရင် အေးတယ်၊ နွေးတယ်၊ ပူတယ် ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ အဖြစ်နဲ့ပဲ သိရမှာမို့လား။ ဒါပေမဲ့ ဆားငန်ရေနဲ့ ထိတွေ့တဲ့အခါ ငန်တာလည်း မဟုတ်ဘူး။ ပူတာ အေးတာလည်း မဟုတ်ဘူး။ တခြားဝေဒနာတစ်မျိုး ခံစားရတာ ရှိတယ်။ အဲဒါ ဘယ်လိုဝေဒနာမျိုးလဲ သိလား' လို့ မေးလိုက်တော့ အနားမှာ နာယူနေတဲ့ ဒကာကြီးတစ်ယောက်က 'သိပ်သိတာပေါ့ဘုရား၊ တပည့်တော်တို့ဟာ ပင်လယ်နားမှာ နေရတာပဲဟာ၊ စပ်တာဘုရာ့ စပ်တာ' တဲ့။

'အဲဒီ စပ်တယ်ဆိုတာ ဆားကြောင့်လား၊

http://www.dhammadownload.com



အသားကြောင့်လား၊ ဘာကြောင့် ဖြစ်ရတာလဲ’ ဆို တော့ ခုန ဒကာကြီးက ‘အနှာကြောင့်ဘုရား၊ အနှာနဲ့ ထိလိုက်တဲ့အခါ သေချင်စော်နံ့အောင်ကို စပ်တယ်’ လို့ လျှောက်ထားပါတယ်။

ဆရာတော်ကြီးက ‘အေး ဟုတ်တယ် ဒကာကြီး၊ အဲဒါကြောင့် ဘုရားရှင်က တဏှာဂဏ္ဍော = တဏှာ ဟာ အိုင်းအမာ (အနှာ) နဲ့ တူတယ်လို့ ဟောတော် မူတာပေါ့။ ဆားငန်ရေ ဘယ်လောက်ငန်ငန် အနှာ မရှိတဲ့နေရာနဲ့ ထိရင် မစပ်ဘူး၊ အနှာနဲ့ ထိမိရင်တော့ စပ်တယ်။ ဒါကြောင့် ဓမ္မစကြာမှာ ဒုက္ခသစ္စာ ဖြစ်တဲ့ အာရုံငါးပါးဟာ ပယ်ဖို့ မလိုဘူး၊ သိရုံ သိထားရ မယ့် တရားဖြစ်တယ်။ တကယ် ပယ်ရမှာက သမုဒယ သစ္စာဖြစ်တဲ့ တဏှာကိုသာ ပယ်ရမှာလို့ ဟောတော်မူ တာ။ တဏှာဆိုတဲ့ အနှာ မရှိရင် အာရုံငါးပါးဆိုတာ အတိဋ္ဌာရုံလို့ ခေါ်တဲ့ အလွန်လိုချင်စရာ အာရုံပဲ ဖြစ်စေဦးတော့ ထိတွေ့သူကို ဘယ်လိုမှ ဒုက္ခမပေး နိုင်ဘူးမို့လား။ မြတ်စွာဘုရားရှင်ကို မာရ်နတ်ရဲ့သမီး တွေက အာရုံအမျိုးမျိုးနဲ့ ဖြားယောင်းပေမယ့် ဘယ် လိုမှ မတုန်လှုပ်ဘူးဆိုတာ အဲဒါကို ပြောတာပေါ့။

တရားအားထုတ်တယ် ဆိုတာ အဲဒီ တဏှာ ဆိုတဲ့ အနှာပျောက်ကင်းအောင် လုပ်ရတာ၊ သူ စွဲလမ်း နေတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့ရဲ့ ခင်မင်တွယ်တာ စရာ ဘာမှမရှိတဲ့ သဘော၊ မမြဲခြင်း၊ ဆင်းရဲခြင်း၊

http://www.dhammadownload.com



အလိုမကျဖြစ်ခြင်း ဆိုတဲ့ သဘောတွေကို သိမြင်ပြီး လိုချင်တဲ့တဏှာ ပျောက်ကင်းအောင် လုပ်ရတာပဲ။

အနာကို ဆေးကုတဲ့နေရာမှာ တဖြည်းဖြည်း ရင့်မှည့် ပြည်ပေါက်ပြီး ကျက်ကွာသွားအောင် ကုသတဲ့ နည်းရယ်၊ အခု ဆေးရုံတွေမှာ ကုသလို အကျိတ်၊ အဖု၊ အပုပ်အဆွေးတွေကို ခွဲထုတ်ပစ်ပြီး အနာစိမ်း ဖြစ်အောင် လုပ်ပြီးမှ အနာကို ကျက်ကွာသွားအောင် ကုသတဲ့နည်းရယ် နှစ်မျိုးရှိတယ်မို့လား။

စာဂဆိုတာ တဖြည်းဖြည်း ကုတဲ့နည်း၊ ပဋိနိဿဂ္ဂ ဆိုတာ ခွဲထုတ်ပြီး အနာစိမ်းဖြစ်အောင် လုပ်ပစ်ပြီး ကုတဲ့နည်းပဲ။ အခံရခက်တယ်၊ အပျောက်မြန်တယ်။ အဲ... တစ်ခုတော့ ရှိတာပေါ့၊ တကယ့် တဏှာကို ခွာချတဲ့နေရာမှာတော့ ဆေးရုံမှာ အနာကို ခွဲတဲ့အခါ အသုံးပြုရတဲ့ ထုံဆေး၊ မေ့ဆေး ဆိုတာမျိုး တော့ မရှိဘူး။ စောစောက ဆရာတော်ကြီး မိန့်ကြား သလိုပဲ၊ တကယ့်ကို မျှစ်စိမ်းချိုး ချိုးရတာမျိုး' ဆိုတော့...

စောစောက ဒကာကြီးက 'အရှင်ဘုရား ချိုးတဲ့ လူက ချိုးရဲပေမယ့် အချိုးခံရတဲ့သူက ခံနိုင်ပါ့မလား ဘုရား။ စောစောက ဆရာတော်ကြီး မိန့်ကြားတဲ့ ဥပမာထဲမှာ ပါတဲ့ ယသ သတို့သားလိုပဲ၊ သိဒ္ဓတ္ထ မင်းသားလည်း သန်းခေါင်ယံမှာ ယသော်ဓရာကို မျှစ်စိမ်းချိုးချိုးပြီး စွန့်ပစ်သွားတာပဲမို့လား။ ဒီအတွက်

http://www.dhammadownload.com



ယသော်ယောမှာ နာကျင်မှု မဖြစ်ပေဘူးလား’ လို့ လျှောက်ထားခဲ့ပါတယ်။

ဆရာတော်ကြီးက… ‘ဒါကတော့ ဘေးလူတွေက မသိမသိုင်ဝင်ပြီး တွေးနေတာပါ။ ယသော်ယောအဖို့ကတော့ အခု နောက်ဆုံး ပစ္ဆိမဘဝိက ရောက်မှ ကြုံရတာ မဟုတ်ပါဘူး။ ဝေဿန္တရာဇာတ်မှာတုန်းက မဒ္ဒီဒေဝီအဖြစ်နဲ့လည်း သားသမီးတို့ကို မျှစ်စိမ်းချိုးနဲ့ စွန့်တာကို ကြုံရဖူးပါပြီ။ တခြား ဘဝတွေဖြစ်တဲ့ ဟိုး… နစဉ်ကာလတွေမှာကတည်းက အတွေ့အကြုံ ရပြီးသားပါ။ တကယ်တော့ ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်းမှာ နိယတ ဗျာဒိတ်တော် ခံယူစဉ်ကတည်းက ဒီလိုအဖြစ်တွေကို ခံနိုင်ရည်ရှိလို့သာ ပါရမီဖြည့်ဖက်အဖြစ် သူ့သဘောနဲ့ သူ ခံယူခဲ့တာ ဖြစ်မှာပေါ့။ ဒီအတွက် ယသော်ယောမှာ ဘယ်လို နစ်နာချက်မျိုးမှ မရှိဘူး ဆိုတာ ယသော်ယောထေရီမကြီးသာ အသိဆုံး ဖြစ်မှာပါ’ လို့ မိန့်ကြားတော်မူပါတယ်။

ဒကာကြီးက အရှင် အာဒိစ္စဝံသထံမှာ ကိုရင်ဘဝနဲ့ နိကာယ်တချို့ တက်ခဲ့ဖူးလို့ ပိဋကတ် ဗဟုသုတ ရှိတယ်။ အခုလည်း အဲဒီမူအတိုင်း နိကာယ်သင်တန်း ပေးနေတာ ဖြစ်လို့ နေ့စဉ် စာလာပြီး နာယူနေတာ။ အခု ဒေးဒရဲဆရာတော် ရှင်းပြပြီးတဲ့အခါ ဒကာကြီးက…

http://www.dhammadownload.com



'ဆရာတော် တပည့်တော်တို့က "ရတနာသုတ်မှာ နိဗ္ဗန္တိဓီရာ ယထာ ယံ ပဒီပေါ = ဆီမီးငြိမ်းသွားသလို ငြိမ်းသွားကြတယ်" လို့ ဆိုတော့ မီးစာကုန် ဆီခန်းပြီး ငြိမ်းသွားတဲ့ ဆီမီးလို ခန္ဓာဝန်ချပြီးသွားမှ အပြီးအပိုင် ငြိမ်းအေးလွတ်မြောက်သွားတယ်လို့ ထင်နေတာ။ အခု ဆရာတော်တို့ ပြောသလို ဆိုတော့ အသက်ရှင်လျက်နဲ့ကို ငြိမ်းအေးလွတ်မြောက်မှုကို ခံစားနိုင်တယ်လို့ ဆိုလိုတာပေါ့။ အဲလိုလား ဘုရား' လို့ မေးလျှောက်ပါတယ်။

ဆရာတော်ကြီးက ' "ခီဏံ ပုရာဏံ" စတဲ့ ဂါထာရဲ့ဆိုလိုရင်းကို အပြည့်အစုံ သဘောမပေါက်လို့ပါ ဒကာကြီး။ အဲဒီအထဲမှာကို "အဝိရဠ္ဍိဆန္ဒာ = ဘဝဆက်တည်ရေးအတွက် တွယ်တာ တောင့်တတဲ့ ဆန္ဒ ရှိတော်မမူကြကုန်" လို့ ရဟန္တာတို့ရဲ့ ဂုဏ်ပုဒ်ကို ဖော်ပြထားပါတယ်။ ဒီစကားအရ အသက်ရှင်လျက်ပဲ ရှိကြပေမယ့် "သက်တမ်းပြည့်တော့ နေလိုက်ချင်သေးတယ်" ဆိုတဲ့ ဆန္ဒမျိုး မရှိတော့ဘူးလို့ ဆိုတာပါ။ "ခန္ဓာဝန်ချပြီး အသက်မရှိတော့မှ" လို့ ဆိုတာမဟုတ်ပါဘူး။ ဒါကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ ဝိမုတ္တိရသကို ခံစားရတယ်၊ လွတ်တယ် ဆိုတဲ့ သဘောဟာ အသက်ရှင်လျက်နဲ့ပဲ ရရှိ ခံစားရတာပါ။ နိရောဓသစ္စာမှာ ဆိုထားတဲ့ အတိုင်းပါပဲ။ တဏှာ ဆိုတဲ့ အနာပျောက်ရင် ဘယ်အာရုံကြောင့်မှ ဝမ်းသာ

http://www.dhammadownload.com



ဝမ်းနည်းဆိုတဲ့ ခံစားမှုမျိုး မဖြစ်တော့တာ၊ အာရုံနဲ့ လှည့်စားမှု၊ လွှမ်းမိုးမှုမျိုးကို မခံရတော့တာကိုပဲ ဒုက္ခ ချုပ်ငြိမ်းတယ်၊ လွတ်တယ်လို့ ဆိုရတာပါ' လို့ ရှင်းပြတော့ ဒကာကြီးက…

'တဏှာ အကြွင်းမဲ့ မချုပ်သေးတဲ့ သေက္ခ ပုဂ္ဂိုလ်တွေကျတော့ကော ဘုရား။ နိဗ္ဗာန်ကို ဘယ်လို မျက်မှောက်ပြုနိုင်ပါသလဲ' လို့ လျှောက်ထားပြန်ပါ တယ်။

ဆရာတော်ကြီးက 'အနုသယသဘောနဲ့ တဏှာ အကြွင်းမဲ့ မချုပ်သေးပေမယ့် ခင်တွယ်စရာ အာရုံ ဝတ္ထု သင်္ခါရတရားစုတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘော ကို ထိုးထွင်းသိမြင်ပြီးတဲ့ အရိယာ ပုဂ္ဂိုလ်တွေမှာ သင်္ခါရတရားတွေအပေါ် အာရုံမပြုဘဲ ဝိတိက္ကမနဲ့ ပရိယုဋ္ဌာန တဏှာကို ဝိပဿနာဉာဏ်နဲ့ ဖယ်ရှားပြီး ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြု ခံစားနိုင်ကြ ပါတယ်။ ဒါကို သဘောပေါက်ဖို့ကတော့ ဖလသမာ ပတ္တိ ဝီထိစိတ် ဖြစ်စဉ်ကို သဘောပေါက်မှ ပိုပြီး ရှင်း ရှင်းလင်းလင်း သဘောကျမှာပါ။ ဒါလည်း သဘော တရားအရ ပြောတာပါ။ တကယ်ကတော့ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" လို့ တရားဂုဏ်တော်မှာ ဆို ထားတဲ့အတိုင်း ကိုယ်တိုင်သိပြီးတဲ့ အရိယာပုဂ္ဂိုလ် များမှသာ ခံစားသိရှိနိုင်မှာပါ။

ဘုန်းကြီးတို့ ဒကာကြီးတို့လို ပုထုဇဉ်များ

http://www.dhammadownload.com



အနေနဲ့တော့ အနုမာနနည်းနဲ့ မှန်းဆပြီးတော့ပဲ သဘောကျကြရတာပါ။ ဥပမာ ဒကာကြီး မနေ့တုန်းက စက်လှေမမီလို့ ဆိုပြီး ဇျစ်တောက် ဇျစ်တောက် ဖြစ်နေတယ်မို့လား။ အဲဒါ ဘာကြောင့်လဲ၊ စက်လှေစီးချင်တယ် ဆိုတဲ့ တဏှာဖြစ်နေလို့ပဲမို့လား။ အပိုလို ၈ နဲ့လကမ္ဘာကို မလိုက်ရလို့ ဆိုတဲ့ ဒုက္ခကျတော့ ခံစားရလို့လား' ဆိုတော့ ဒကာကြီးက "အဲဒါကြောင့်တော့ တစ်ခါမှ မဇျစ်တောက်ဖူးပါဘူး ဘုရား" တဲ့။ အဲဒါလည်း ကိုယ်က စီးချင်တဲ့ တဏှာမဖြစ်လို့သာ မဇျစ်တောက်ရတာ။ သူတို့နိုင်ငံမှာ စီးချင်ပါတယ် ဆိုတဲ့ တဏှာဖြစ်နေတဲ့ လူတွေကျတော့ ဒကာကြီး စက်လှေမမီလိုက်သလို ဇျစ်တောက်ချင် ဇျစ်တောက်နေမှာပေါ့။ ဘာပဲဖြစ်ဖြစ်၊ လွတ်မြောက်မှု ဆိုတာ တဏှာ ဆိုတဲ့ အနာကင်းရင် လွတ်တယ်၊ အနာပျောက်ကင်းဖို့ အတွက်တော့ စာဂ... ဆိုတဲ့ တဖြည်းဖြည်းစွန့်တဲ့ နည်းရယ်၊ ပဋိနိဿဂ္ဂလို့ ခေါ်တဲ့ မျှစ်စိမ်းချိုးချပစ်တဲ့နည်းရယ် ဆိုပြီး နှစ်နည်းရှိတယ်။ ဒကာကြီး စွမ်းနိုင်ရာနဲ့ ကြိုးစားပေရော့၊ အဲ... ဘယ်နည်းနဲ့မှတော့ မကြိုးစားနိုင်သေးဘူး၊ ဗဟုသုတ ဖြစ်ရုံလောက်ပဲ ဆိုရင်တော့ မဝယ်နိုင်သေးဘဲနဲ့ ဈေးမေး ဈေးဆစ်လုပ်နေသလို ဖြစ်နေတယ်။ ဘုန်းကြီးတို့ကလည်း ကြားပွဲစားလုပ်ပြီး အလျှော့အတင်း လုပ်ပေးလို့ ရနိုင်တာ မဟုတ်ဘူး။

http://www.dhammadownload.com



ကဲ... ဒီနေ့တော့ ဆွမ်းစားချိန်လည်း နီးပြီ၊ ရေမိုးချိုးကြရဦးမှာနဲ့ နားကြဦးစို့လို့ မိန့်ကြားလိုက်ပါတော့တယ်။

စွန့်နိုင် ခွာနိုင် လွတ်မြောက်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

# တရားသဖြင့် နေထိုင်သူ

ကိုယ်မလိုချင်တာ သူများကို လုံးဝမပေး
ပါနှင့်။
ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။
ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်
မယ်။

(တောရဆရာတော်ကြီး)

ဆရာတော်ကြီးရဲ့ ဘွဲ့တော်နဲ့ နေရပ်ကိုတော့ ဆရာတော်ကြီး မိန့်ကြားလိုက်တဲ့ "ကယ်ပေါက်" ဆုံးမစကားကြောင့် မဖော်ပြလိုက်ရတာပါ။ (ကယ်ပေါက်ကို သီးခြားရေးပါဦးမယ်)

အထက်မြန်မာပြည်က မြို့တစ်မြို့မှာ မိမိနဲ့ ဆရာတူတပည့်လည်း ဟုတ်၊ ငယ်စဉ်က စာသင်ပေးခဲ့ရဖူးတဲ့ တပည့်လည်းဟုတ်တဲ့ ဆရာတော်လေး တစ်ပါးက စာချဘွဲ့ရလို့ ဆိုပြီး ပြုလုပ်တဲ့ ဂုဏ်ပြုပွဲတစ်ခုမှာ

http://www.dhammadownload.com



သက်တော် ၉၄ နှစ်ရှိပြီ ဆိုတဲ့ ဆရာတော်ကြီးတစ်ပါး ကိုလည်း ဖူးမြော်ကန်တော့ခွင့် ရလိုက်ပါတယ်။ ဆရာ တော်ကြီး မျက်နှာတော်ကို ဖူးမြင်လိုက်ရတာ စိတ်ထဲမှာ အေးချမ်းမှုတစ်ခုကို ခံစားလိုက်ရသလို အတော်လေး ကြည်ညိုစိတ် ဖြစ်ပေါ်လာပါတယ်။

မိမိတည်းခိုတဲ့ တပည့် ဓမ္မကထိကလေးကျောင်း ပြန်ရောက်လို့ ဆရာတော်ကြီးကြောင်း ပြောပြတော့ ကျောင်းထိုင် ဓမ္မကထိကလေးနဲ့ သူ့နောင်တော်တို့က သူတို့လည်း အလားတူစိတ်မျိုး ဖြစ်ပေါ် ကြည်ညိုတဲ့ အတွက် မကြာ မကြာ သွားရောက်ပြီး ဝေယျာဝစ္စ ပြုပေးလေ့ ရှိကြောင်းနဲ့ ဆရာတော်ကြီးနဲ့ တွေ့ကြုံ ဖူးကြတဲ့ တခြားဆရာတော် သံဃာတော်များနဲ့ ဒကာ ဒကာမတို့ကလည်း အလားတူ မှတ်ချက်ချကြကြောင်း ပြောပြပါတယ်။

ဒီခရီးမှာ နောက်ထပ် သာမဏေကျော်ဘွဲ့ရတဲ့ တပည့်သာမဏေတစ်ပါးရဲ့ ဂုဏ်ပြုပွဲက ငါးရက် လောက်ခြားပြီး စောင့်နေရဦးမှာ ဖြစ်လို့ အတော်လေး အချိန်ရတဲ့အတွက် နောက်နေ့ညနေပိုင်းမှာ ဆရာ တော်ကြီး အသုံးတည့်ပုံရတဲ့ အိုဗာတင်းဘူးနဲ့ ဆေး မျိုးစုံတို့ကို ကပ္ပိယနဲ့ စီစဉ်ခိုင်းပြီး ဓမ္မကထိကတို့ ညီနောင်နဲ့အတူ ဆရာတော်ကြီး သီတင်းသုံးနေထိုင်တဲ့ တောရကျောင်းတိုက်ကို သွားကြပါတယ်။

ဆရာတော်ကြီးက သက်တော်နဲ့ မမျှလောက်

http://www.dhammadownload.com



အောင်ကို သွားလာလှုပ်ရှားနိုင်တုန်းပါပဲ။ မျက်စိတို့၊ နားတို့၊ သွားတို့ကလည်း သုံးလို့ရနေဆဲ ဖြစ်ပါတယ်။ အတူပါလာတဲ့ တပည့်များက အကျိုးအကြောင်း လျှောက်ထား မိတ်ဆက်ပေးပြီးတော့ အားလုံးကန်တော့ ကြပါတယ်။ ကန်တော့ကျိုး ပေးပြီးတဲ့အခါ ဩဝါဒ စကားလေး ချီးမြှင့်ပေးဖို့ လျှောက်ထားတော့ 'ဘာမှ အထွေအထူး ဩဝါဒပေးစရာရယ်လို့ မရှိပါဘူး။ ရဟန်းဆိုရင် ရဟန်းနဲ့တူအောင်နေ၊ လူဆိုရင် လူနဲ့ တူအောင်နေ၊ ဒါပဲ အရေးကြီးဆုံးမို့လား။ အဲဒီလို နေကြရုံပေါ့' လို့ မိန့်ကြားပြီး တခြား စပ်မိစပ်ရာ မေးမြန်း ပြောဆိုနေပါတယ်။

ဆရာတော်ကြီးက မျက်နှာတော် ကြည်လင် အေးဆေးသလို အသံလည်း အေးအေး၊ စကားလည်း အေးအေး ပါပဲ။ တော်တော်လေး စကားစပ်မိပြီးလို့ တရင်းတနှီးလို ဖြစ်လာတဲ့အခါ မိမိက–

'ဆရာတော်ဘုရား၊ တပည့်တော် ဆရာတော် ကြီးကို ဖူးမြင်လိုက်ရတဲ့ အချိန်မှာပဲ ဆရာရင်းတစ်ပါး ကို တွေ့လိုက်ရသလို ကြည်နူးစိတ်၊ ကြည်ညိုစိတ် ဖြစ်လာပါတယ် ဘုရား။ တည်းခိုတဲ့ကျောင်း ပြန် ရောက်တော့ ဟောဒီ တပည့်များနဲ့ စကားစပ်မိတဲ့ အခါ ဆရာတော်နဲ့ တွေ့ဖူးကြတဲ့ တခြားဆရာတော်၊ သံဃာတော်တွေနဲ့ ဒကာ၊ ဒကာမတွေကလည်း တပည့် တော်ပြောသလိုပဲ ပြောကြတယ်လို့ သိရပါတယ်ဘုရား။

http://www.dhammadownload.com



တပည့်တော်တို့ နည်းယူလိုက်နာရအောင် ဆရာတော် အမြဲနှလုံးသွင်းတဲ့ တရားနဲ့ ဆရာတော် ကျင့်သုံးနေတဲ့ စရဏလေးများကို တပည့်တော်တို့ သိခွင့်ပြုပေးပါ ဘုရား' လို့ လျှောက်ထားတော့ ဆရာတော်ကြီးက ခဏ လောက် စဉ်းစားနေပါတယ်။

ပြီးတော့မှ စောစောကပြောတဲ့ တပည့်များ ဘက်ကို မျက်နှာတစ်ချက်လှည့်ကြည့်ပြီး 'သူတို့က တော့ ဓမ္မကထိကတွေ ဆိုတော့ ဒီလိုပဲ တစ်ဖက်သား စိတ်ချမ်းသာအောင် ပြောကြတာပါပဲ။ ပြောသလောက် ကြီးတော့လည်း ဟုတ်မယ် မထင်ပါဘူး။ အေးပေါ့ လေ... ဘုန်းကြီးက တရားနည်းလမ်းကို လျှို့ဝှက် ထားတယ်လို့ ထင်နေဦးမယ်။ မောင်ပဉ္စင်း သိချင်သပ ဆိုရင်လည်း ကိုယ် နှလုံးသွင်း ကျင့်သုံးနေတာလေး တော့ ပြောပြနိုင်ပါတယ်။ အထွေအထူးတော့ မဟုတ်လှ ပါဘူး။ ဘုန်းကြီးတို့ ဆရာသမား ဆုံးမခဲ့တဲ့ စကား သုံးခွန်း ရှိတယ်။ အဲဒီအတိုင်း တတ်နိုင်သမျှ လိုက်နာ ကျင့်သုံးနေတာပါပဲ။ ဘုန်းကြီးတို့ စာသင်တိုက် သွား ခါနီးတော့ ဆရာသမားက ဘာမှာသလဲ ဆိုတော့...

"ကိုယ်မလိုချင်တာ သူများကို လုံးဝ မပေးပါနဲ့။
ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။
ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်မယ်"

တဲ့။

သဗ္ဗာဝါဆိုတာ လူတွေမဆိုထားနဲ့ တိရစ္ဆာန်

http://www.dhammadownload.com



တောင်မှ ဆဲရေးတိုင်းထွာတဲ့ စကား၊ ကြမ်းတမ်းတဲ့ စကားကို မကြိုက်လို့ မြတ်စွာဘုရားရှင် ဟောထားတာလည်း ရှိတယ်လေ။ (နန္ဒိဝိသာလဇာတ်)၊ အကျိုးမဲ့ အောင် လိမ်ညာတာတို့၊ အချင်းချင်း စိတ်ဝမ်းကွဲအောင် ကုန်းတိုက်တာတို့လည်း အတူတူပဲပေါ့။ ကိုယ်မကြိုက်တာတွေ သူများကို လုံးဝ မပေးမိအောင် စောင့်စည်းပြီးတော့ နေရမှာပေါ့။

ဘယ်သူမဆို ကိုယ်ရောက်တဲ့နေရာမှာ မျက်နှာကြည်သာတာ၊ ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြိုဆိုတာကို တွေ့ရရင် ဝမ်းသာကျေနပ်ကြတာပဲမို့လား။ ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်ကိုလည်း ကိုယ်က အဲဒါမျိုးပေးရမှာပေါ့။ ဒီနေရာမှာ စကားစပ်မိလို့ သတိပေးရဦးမယ်။ ခရီးဝေးက ရောက်လာတဲ့ ဧည့်သည်မျိုးကျတော့ နှုတ်ဆက်ပြောဆိုတာလောက်ပဲ လုပ်၊ စကားကြောတွေ သိပ်ပြီး ရှည်မနေနဲ့ဦး။ ခရီးရောက်မဆိုက်မှာ အရင်ဆုံး လိုအပ်တာက ရေသောက်စရာတို့၊ အပေါ့အလေးသွားစရာတို့၊ ခြေဆန့်လက်ဆန့် နားနေချင်တာတို့ကလည်း လူတိုင်းလိုချင်တဲ့ အရာပဲ။ အဲဒါတွေကို အရင်ပေးရတယ်။

စကားအရာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားကို ဆန့်ကျင်ဘက် ပုဏ္ဏားတွေကတောင် ချီးကျူးရတဲ့ အချက်တွေ ရှိတယ်လေ။ အဲဒါတွေလည်း အတုယူစရာတွေပေါ့။

http://www.dhammadownload.com



ဟေိသွာဂတဝါဒီ = ကောင်းသောလာခြင်းပါလို့ ပြောဆိုလေ့ရှိတယ်။
သခိလော = ချိုသာအေးကြည် ပြောဆိုတတ်တယ်။
သမ္မောဒကော = နွမ်းသူကို လန်း၊ ပန်းသူကို ပြေစေလောက်အောင် ခရီးကြို စကားပြောဆိုတတ်တယ်။
အဗ္ဘာကုဋိကော = မျက်စောင်းမထိုး၊ မကျိုး မျက်မှောင်၊ ဖြောင့်ဖြောင့် ချစ်ကြည်ကြည့်ရှုလေ့ ရှိတယ်။
ဥတ္တာနမုခေါ = ပြောဆိုဆက်ဆံရ လွယ်ကူတယ်။
ပုဗ္ဗဘာသီ = ပြောဆိုသင့်တဲ့ စကားကို ဘုရားရှင်ကပဲ စပြီး ပြောတယ်လို့ ဆိုသမို့လား။

(ဒီ-၁-ပါ-၁၀၉၊ ဌ-၂၅၆)

ဒီနောက်ဆုံးအချက်က အရေးကြီးတယ်နော်၊ အဇာတသတ်မင်းကြီး ဘုရားရှင်ထံ ပထမဆုံး ရောက်လာတုန်းက သူ့အပြစ်သူ လိပ်ပြာမလုံလို့ စကားမပြောဝံ့ဘူးလေ။ ဘုရားရှင်က စပြီး နှုတ်ခွန်းဆက်လိုက်တော့မှ မေးရဲလျှောက်ရဲဖြစ်ပြီး၊ ရဟန်းပြုခြင်းရဲ့ မျက်မှောက်အကျိုးတွေကို လျှောက်ထားလို့ သာမညဖလသုတ်ကြီး ဖြစ်ပေါ်လာတာမို့လား။ ဒါတွေဟာ

http://www.dhammadownload.com



ပြောဆိုဆက်ဆံရေးမှာ ကိုယ်ကြိုက်တဲ့ အရာတွေပဲ မို့လား။ အဲဒါတွေကို ကိုယ်က သူများကို အကုန်ပေး ရမယ်တဲ့။

ကာယကံနဲ့ ပတ်သက်ရင်လည်း ဒီအတိုင်းပဲပေါ့။ မြတ်စွာဘုရား ဟောတော်မူတဲ့ "အတ္တာနံ ဥပမံ ကတွာ၊ နဟနေယျ နဃာတယေ" ဆိုတဲ့ အတိုင်း အရှင်မဟာရဋ္ဌသာရကတောင် လင်္ကာလေး စပ်ထား တာရှိတယ်လေ။ **"ကိုယ်နှင့်လည်း စာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ"** ဆိုသလို ပြုလုပ်ရမှာပေါ့။

မနောကံနဲ့ ပတ်သက်လို့လည်း ကိုယ်ချင်းစာ စိတ်ထားရတာပါပဲ။ ဘယ်သူမဆို အစာဝချင်တယ်၊ အနာကင်းချင်တယ်၊ ဘေးအန္တရာယ် ကင်းရှင်းချင် ကြတယ်မို့လား။ အဲဒီတော့ "သတ္တဝါအားလုံး၊ ဘဝ၊ နာကင်း၊ ဘယာရှင်းကြပါစေ" ဆိုတဲ့ မေတ္တာစိတ် အမြဲ ပွားပေးပေါ့၊ ဒါကတော့ ကိုယ့်ဆရာသမား ဆုံးမခဲ့ တာကို ကိုယ်သဘောပေါက်သလောက် အဓိပ္ပာယ် ကောက်ယူတာပေါ့။ အဲဒီအတိုင်း တတ်နိုင်သလောက် လိုက်နာကျင့်သုံးတာပါပဲ ။

အဲ... စောစောက ဟိုကောင်လေးတွေ ပြော သလို တွေ့ကြ မြင်ကြသူတွေရဲ့စိတ်ထဲမှာ ဖြစ်ပေါ် လာကြတယ် ဆိုတာဟာ ဟုတ်တယ် ဆိုရင်ပေါ့လေ (သူ့ မြေးတပည့်နှစ်ပါးဘက်ကို မယုံကြည်သလိုလိုနဲ့

http://www.dhammadownload.com



ပြုံးပြီး ကြည့်လိုက်သေးတယ်) အဲဒါလည်း ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရတယ်လို့ပဲ ဆိုရမှာပေါ့။ အဲဒါပါပဲ၊ ဘာမှ အထွေအထူး မဟုတ်ပါဘူး' လို့ မိန့်ကြားတော်မူပါတယ်။

ဒါတွေဟာ ဆရာတော်ကြီးအနေနဲ့ အထွေအထူး မဟုတ်ဘူး ဆိုပေမယ့် မိမိတို့အတွက်တော့ မထူးဘဲနဲ့ "ထွေ" နေကြတုန်းပါ။

ကိုယ် လုံ့ဝ မလိုချင်ပေမယ့် သူများကိုကျတော့ အလျှုပယ်ပေးမိကြတာတွေ။

ကိုယ့်အတွက်တော့ အလျှုပယ် ရချင်ပေမယ့် သူများကိုတော့ လုံ့ဝ မပေးမိတာတွေ။ တွေးကြည့်လိုက်ရင်တော့ ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလာမယ့် အလှည့်မှာ "ကောက်ရိုးပုံကြီးကို တစ်နေကုန်ဖြိုရှာမှ ဆန်တစ်စေ့ပဲ အနိုင်နိုင်ရတယ်" ဆိုတာမျိုးတောင် ဟုတ်မှ ဟုတ်ပါ့မလား။

တောရဆရာတော်ကြီးနည်းတူပဲ တခြား ဆရာတော်တစ်ပါးကလည်း မိန့်ကြားဖူးပါတယ်။

'ကိုယ်တွေ့ကြုံ ခံစားရတဲ့အခါ "ဒါကတော့ သက်သက် မတရားတာဘဲ၊ ကျေကို မကျေနပ်ဘူး" ဆိုတာမျိုးကို သူများ လုံ့ဝမပေးမိအောင် နေပါ။ အဲဒါဆို မတရားမှုကင်းပြီး အသက်ရှင်နေထိုင်သူ ဖြစ်မယ်။

ကိုယ်တွေ့ကြုံခံစားရတဲ့အခါ "ဒါမျိုးကတော့

http://www.dhammadownload.com



တရားတယ်၊ မျှတတယ်၊ ဝမ်းသာကျေနပ်စရာ ကောင်းတယ်" ဆိုတာမျိုး သူများကို ပေးနိုင်သလောက် ပေးပါ။ ဒါဆိုရင် လောကမှာ တရားသဖြင့် အသက်ရှင်နေထိုင်သူ ဖြစ်ပြီ' တဲ့။

မြတ်ဗုဒ္ဓအလိုတော်အရ သတ္တဝါတိုင်းမှာ တူညီတဲ့ အခြေခံအခွင့်အရေး နှစ်ခုစီ ရှိကြပါတယ်။ "ပြုလုပ်ပိုင်ခွင့်" နဲ့ "ခံစားခွင့်" (ကံနဲ့ ကံ၏အကျိုး) ဖြစ်ပါတယ်။ ပြုလုပ်ပိုင်ခွင့်ကို ဆိုးဆိုးဝါးဝါး အသုံးချသူဟာ ခံစားခွင့်ကိုလည်း ဆိုးဆိုးဝါးဝါး ခံယူရမယ်။ ခံစားချိန်ရောက်မှ ငြင်းပယ်ခွင့်မရှိဘူး။ ပြုလုပ်ခွင့်ကို ကောင်းကောင်းမွန်မွန် အသုံးချသူဟာ ခံစားခွင့် ကောင်းကောင်းမွန်မွန် ရရှိမယ်။ တောင့်တနေစရာ မလိုဘူး။ ဒါဟာ ကမ္ဘာသကတလမ်းစဉ်မှန်ပဲ ဖြစ်ပါတယ်။

သတိထား အသိပွားနိုင်ကြပါစေ။

တရားသဖြင့် အသက်ရှင်နေထိုင်သူများ ဖြစ်စေသော။

❑

http://www.dhammadownload.com

# ကယ်ပေါက်

ပုတတ် (ပဒတ်) တွင်းတွေမှာ ကယ်ပေါက် ဆိုတာ ရှိတယ်၊ အဲဒီ ကယ်ပေါက်ကို လူတွေ တွေ့ပြီး အပိတ်ခံရပြီ ဆိုရင်တော့ ဒီပုတတ် သေဖို့သာ ပြင်ပေရော့၊ ပြေးပေါက် မရှိ တော့ဘူး။

(တောရဆရာတော်ကြီး)

အရင်တစ်ခါရေးလိုက်တဲ့ ဆောင်းပါးမှာ ဆရာတော် ကြီးရဲ့ဆန္ဒအရ ဘွဲ့တော်နဲ့ နေရပ်ကို ဖော်မပြလိုက်တဲ့ အကြောင်း ရေးခဲ့ပါတယ်။

ဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ ဩဝါဒကို နာယူ ပြီးလို့ အာလာပ သလ္လာပ စကားအနည်းအပါးပြောပြီး ပြန်တော့မယ်လို့ ဦးချကန်တော့ဖို့ ပြင်လိုက်တော့ ဆရာတော်ကြီးက 'ပြန်ကြတော့မလား၊ အေးလေ မိုး လည်းချုပ်လှပြီ ပြန်ကြတာပေါ့။ ဒါနဲ့ ခုနကောင်လေး

http://www.dhammadownload.com



တွေ ပြောတဲ့အထဲမှာ မောင်ပဥ္ဇင်းက စာတွေ ဘာတွေ လည်း ရေးတယ်ဆို။ အခု ပြောခဲ့တာတွေဟာ အများ အတွက်လည်း အကျိုးရှိမယ် ထင်ရင် စာရေးတာတော့ ရေးပေါ့။ ဒါပေမဲ့ ဘွဲ့တွေ၊ နေရပ်တွေတော့ မထည့် ပါနဲ့နော်။ ဒါလေးတော့ တောင်းပန်ပါရစေ' လို့ မိန့် တော်မူပါတယ်။

မိမိက "တောင်းပန်ပါရစေ" ဆိုတဲ့ စကားကို စိတ်ဝင်စားသွားပြီး အသာပြန်ထိုင်လိုက်ရင်းက 'ဆရာ တော် ဘယ်လို ဆိုးပြစ်တွေများ ဖြစ်လာနိုင်လို့ပါလဲ ဘုရား' လို့ လျှောက်မိပါတယ်။

'မောင်ပဥ္ဇင်းလည်း အနောက်ကုန်းဇာတိသား ဆိုတော့ ပုတတ် (ပဒတ်) တွင်းအကြောင်း ကြားဖူး တယ်မို့လား။ ပုတတ်တွေမှာ ဝင်နေထွက်နေကျ တွင်း ပေါက်အပြင် ဂယ်ပေါက် (ကယ်ပေါက်) ဆိုတာ ရှိ သတဲ့။ ရန်သူလာလို့ ဝင်နေကျအပေါက်က ဝင်ပြေး ပြီးရင် ကယ်ပေါက်ကနေ တောထဲထွက်ပြေးရင် လွတ် သတဲ့။ လူတွေက ကယ်ပေါက်ကို တွေ့သွားလို့ အဝတ်စ လေးနဲ့ ပိတ်ထားပြီ ဆိုရင်တော့ သေဖို့သာ ပြင်ပေ ရော့ပဲတဲ့။ ထွက်ပေါက်က ပိတ်သွားပြီလေ။

ဘုန်းကြီးတို့လည်း အရွယ် ရှိတုန်းကတော့ တခြားမြို့တစ်မြို့မှာ စာသင်တိုက်ကလေးတစ်ခု တည် ထောင်ပြီး စာပေ ပို့ချခဲ့တာပါပဲ။ အရွယ်လေး ရလာ တော့ ကိုယ့်အတွက် ကယ်ပေါက်လုပ်ထားမှ တော်မယ်

http://www.dhammadownload.com



လို့ စဉ်းစားမိလို့ စာသင်တိုက်ကို တပည့်တွေနဲ့ လွှဲအပ်ခဲ့ပြီး ကိုယ့်မြို့ ကိုယ့်ရွာမှာ အခုလို တောကျောင်းလေး ခိုမှီရင်း တတ်နိုင်သမျှ ကိုယ့်အတွက်ကလေး လုပ်နေရတာပဲ။ လူတွေကလည်း ဟိုလိုတဲ့ ဒီလိုတဲ့ ဆိုပြီး သတင်းသဲ့သဲ့ ကြားရင် စုပြုံ ရောက်လာတတ်လွန်းလို့ အေးအေးနေတာပါ။ ဒါတောင် ဟိုကောင်လေးတွေက ဘာတွေ လျှောက်ပြောမှန်း မသိပါဘူး။ လူတွေက လာကြသေးတယ်။ သူတို့ရောက်လာတာက တရားမေ့နာယူဖို့မှ မဟုတ်ဘဲ၊ သူတို့လိုဘ ပြည့်ဖို့ပဲဟာ။ သူတို့လိုဘကိုလည်း ကိုယ်က ဖြည့်ပေးနိုင်တာ မဟုတ်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်နဲ့ ကိုယ်ပဲ အလုပ်ပျက်တော့ ကိုယ့်ကယ်ပေါက် ပိတ်တာပေါ့။

ပုတတ်တွေ ကယ်ပေါက်ပိတ်မိလို့ သေရတယ်ဆိုတာက တစ်ဘဝအရေးကို ရည်ရွယ်ပြောတာနော်။ လူဖြစ်တုန်း၊ သာသနာကြုံတုန်း၊ ကိုယ့်ပါရမီဓာတ်ခံလေးရှိလို့ ပဗ္ဗဇ္ဇိတဒုလ္လဘကြီး ရထားပြီးခါမှ ကယ်ပေါက်ကို အပိတ်ခံရတယ် ဆိုတာက သံသရာအဆက်မပြတ် တရစပ် သေဖို့ ကြုံရမယ့်အရေး ဖြစ်သွားမယ်မို့လား။ ဘုရားရှင် နည်းပေးခဲ့တဲ့ ကယ်ပေါက်ရထားပြီးမှတော့ အပိတ်မခံသင့်ပါဘူး။ ဒါကြောင့် တောင်းပန်ရတာပါ။ ဘယ်လိုမှတော့ သဘောမထားနဲ့နော်' လို့ မိန့်ကြားပါတယ်။ 'မှန်လှပါ တပည့်တော်တို့ကြောင့် ဆရာတော့်ကယ်ပေါက်ကို အနှောင့်အယှက်

http://www.dhammadownload.com



မဖြစ်စေရပါဘူးဘုရား' လို့ ဝန်ခံ လျှောက်ထားပြီး ပြန်ခဲ့ကြပါတယ်။

* * *

ဆရာတော်ကြီး မိန့်ကြားတဲ့ ပုတတ်တွင်းနဲ့ ကယ်ပေါက်အကြောင်း နားလည်တဲ့သူတွေကို အသေအချာ မေးကြည့်တော့ ပုတတ်ဆိုတာ သူ့ကိုယ်လုံးနဲ့ အလောတော်တွင်းကို ယက်တူးနေကြတာ။ ဒါကြောင့် ပုတတ်တွင်းဟာ ရှည်ဝိုင်းဝိုင်းကလေးတဲ့။ တွင်းဝကို ကြည့်တာနဲ့ ပုတတ်အသေးအကြီး ပမာဏကိုလည်း သိနိုင်သတဲ့။ တွင်းက လေးငါးပေလောက် ရှည်ပြီး ခပ်မျောမျော တစ်ဖြောင့်တည်း လုပ်ထားတယ်။ ပုံမှန် ဝင်ထွက်နေကျ တွင်းဝပေါက်အပြင် တခြားတစ်ဖက် သုံးလေးပေလောက်ကို ခွဲပြီး ကယ်ပေါက်ဆိုတဲ့ ထွက်လမ်းတစ်ခုလည်း ယက်တူးထားတယ်။ အဲဒီအပေါက် ကတော့ အရေးကြုံမှ အသုံးပြုတာ ဖြစ်လို့ တွင်းဝမှာ မြေမှုန့်ခဲလေးတွေ ခပ်ပါးပါး ဆို့ပိတ်ထားတယ်လို့ ဆိုပါတယ်။ အဲဒီ ကယ်ပေါက်ကလည်း မြက်တော ချုံတောထူတဲ့ဘက်မှာ ရှိတယ်တဲ့။

လူတွေက ပုတတ်တွင်းကို တွေ့ပြီးရင် ကယ်ပေါက်ကို လိုက်ရှာရတယ်။ တွေ့ပြီဆိုတော့ အဲဒီ ကယ်ပေါက်ကို အဝတ်တစ်ခုခုနဲ့ ခပ်ဖွဖွလေး အုပ်ထား

http://www.dhammadownload.com



ပြီး တစ်ယောက်က စောင့်၊ တစ်ယောက်က ပုံမှန် တွင်းကနေပြီး ထိုးစရာတစ်ခုခုနဲ့ တွင်းဆုံးအောင် ထိုး ပေးလိုက်ရင် ကယ်ပေါက်ရှိရာ တိုးအပြေး အဝတ်ထဲ မှာ ထွေးနေပြီး အမိခံရတော့တာပဲတဲ့။

ပုတတ်ထောင်တဲ့ တခြားနည်းတစ်ခုကတော့ တွင်းဝနားမှာ ပြောင်းဖူးစေ့အစို နည်းနည်းပါးပါး ချ ထားပြီး စောင့်ကြည်။ ပုတတ်က ထွက်လာပြီး ပြောင်းဖူး စေ့ တော်တော်လေး စားမိပြီ ဆိုတော့မှ အသံပေး လိုက်၊ တွင်းထဲဝင်ပြေးတဲ့အခါ ဝမ်းဗိုက်က ပြည့်လွန်း နေတော့ တွင်းဝနဲ့ မတန်ဘဲ တစ်နေသတဲ့။ အဲဒါ အသာဖမ်းယူလိုက်ရုံပဲတဲ့။ သဘာဝအစားအစာနဲ့ လာချ တဲ့ အစားအစာကို မခွဲခြားတတ်ဘဲ အစားငမ်းမိလို့ ဒုက္ခရောက်ရတဲ့ သဘောပေါ့။

"ကယ်ပေါက်" နဲ့ပတ်သက်လို့ ဖားအံ တောင် ကလေး အရှင်ပညာသာမိ (တောမှီရဟန်း) နဲ့လည်း အရင်က တစ်ခါစပ်မိဖူးတယ်။ သူလည်း သုသာန်ဓုတင် တို့ တောရတို့ တည်ဆောက်နေတုန်းက ရဟန်းအလုပ် လုပ်ရတာ ဘာအနှောင့်အယှက်မှ ကြီးကြီးမားမား မကြုံရဘူး။ အလွန် အဆင်ပြေတယ်တဲ့။ အခု ရွာနီး ကျောင်းမှာ မလွဲမရှောင်သာ နေရကတည်းက လောဘ သမားတွေ၊ သောကသမားတွေ ဝိုင်းအုံပြီး သူ့ "ကယ် ပေါက်" အပိတ်ခံရလို့ စိတ်အနှောင့်အယှက် ဖြစ်ရ တယ်။ တစ်ခါတလေ ကိုယ့်အလုပ်နဲ့ ဖြောင့်ဖြောင့်ကြီး

http://www.dhammadownload.com



ဆန့်ကျင်ပြီး ဒေါသဖြစ်ရတာမျိုး ခဏ ခဏ ကြုံနေရတယ်လို့ ညည်းပြတာပါ။

ဒါမျိုးက အထိုက်အလျောက် နာမည် ဂုဏ်သတင်း ဖြစ်ပေါ်လာတဲ့ ရဟန်းတော်တိုင်း လိုလို ကြုံတွေ့နေရတဲ့ ပြဿနာဖြစ်မယ် ထင်တယ်။ ကိုယ့်ကယ်ပေါက် ကိုယ် အမှန်တကယ် အလေးထားတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အလွန်တင်းလွန်းရာ မကျအောင် အချိန်အကန့်အသတ်နဲ့ ပရိသတ်ကို တွေ့ခွင့်ပြုထားပေမယ့်လည်း လူတွေကတော့ ရဟန်းတော်တွေ တန်ဖိုးထားတဲ့ "ကယ်ပေါက်" ကို နားလည်တန်ဖိုးထားရကောင်းမှန်း သိသူ အတော်နည်းပါတယ်။ သူတို့လိုဘဆန္ဒကိုသာ အဓိက ထားတတ်ကြတာဆိုတော့ သူတို့လိုဘ မပြည့်ရင် ဟိတ်ကြီး ဟန်ကြီးနိုင်တယ် ဆိုပြီး အပြစ်မြင်ကြတာပါပဲ။

ဒီနေရာမှာ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးက သာသနာကို ကြည်ညို ဆည်းကပ်ကြမယ့် ဒကာ ဒကာမတွေကို သတိပေး ဆုံးမထားတဲ့-

နခုဏ့် = ပစ္စည်းလေးဖြာ၊ သီတာ ရေချမ်း၊ မဆွတ်ဖျန်းသဖြင့်၊ ညှိုးနွမ်းဟူဘိ၊ အပူလည်း မမိရလေအောင်၊

နစသီတလံ = ပစ္စည်းလေးဖြာ၊ သီတာ ရေအား၊ လောင်းဖန်များသဖြင့်၊ တရား ဝေးဘိ၊ အအေးလည်း မမိရလေအောင်

http://www.dhammadownload.com



ဆိုတဲ့ အချက်နှစ်ခုကို သတိပြု
စရာပါ။

အမှန်ကတော့ ဆရာနဲ့ ဒကာ ဆိုတဲ့ အချင်းချင်း မကင်းနိုင်ကြတဲ့ သာသနာပြုဖက်ချင်းမို့သာ အချိန်အကန့်အသတ်နဲ့ လိုက်လျောနေကြရပေမယ့် "ကယ်ပေါက်" ကိုသာ ပဓာနထားတဲ့ အရှင်မြတ်တို့ အနေနဲ့ ပစ္စည်းလေးပါးက အရေးမပါကြပါဘူး။ ပရိသတ်အနှောင့်အယှက်များပြီး သူတို့ရဲ့ ပဓာနအလုပ် အပျက်မခံလိုကြတာက အဓိက ဖြစ်တယ်ဆိုတာ အနီးကပ်နေသူများကသာ သဘောပေါက်နိုင်ကြမှာပါ။

ပုဂ္ဂိုလ်အမျိုးမျိုး ဆိုတာကတော့ မရှိဘူး မဟုတ်ပါဘူး။ တချို့လည်း ကယ်ပေါက်ကို အရောင်ပြရုံလောက် ဖန်တီးထားပြီး ပရိသတ် ဝိုင်းအုံစည်ကားမှု ရအောင် တမင်လုပ်ကြတာမျိုးလည်း တွေ့ဖူးပါတယ်။ ဘာမှတော့ အထူးပြောစရာ မရှိပါဘူး။ ကိုယ့်သီလ သမာဓိ ခွန်အားကို ကိုယ်တိုင်သာ သိနိုင်ကြမှာပါ။

ဘာပဲဖြစ်ဖြစ်၊ မြတ်စွာဘုရားရှင်ကတော့ "အားခွန်ကြီးမားတဲ့ ဆင်ပြောင်ကြီးအတွက် ကြီးမားတဲ့ လွန်ကြိုးကြီးများပင် ဖြစ်စေ အရေးမကြီးလှပေမယ့် ဘီလုံးငှက်ယယ်လို ခွန်အားသေးတဲ့ သတ္တဝါအတွက်တော့ နွားမြီးတစ်မျှင်ကလည်း အသက်ကို အန္တရာယ် ပေးနိုင်တယ်" လို့ မိန့်ကြား ဆုံးမထားတဲ့အတွက် ကယ်ပေါက်ကို ပဓာနထားကြတဲ့ အရှင်မြတ်တို့အပေါ်

http://www.dhammadownload.com



မှာ နားလည်ပေးကြဖို့တော့ အရေးကြီးပါလိမ့်မယ်။

တကယ်တော့ ဘဝရဲ့ ကယ်ပေါက် ဆိုတာ ရဟန်းတော်များမှာသာ မကပါဘူး။ လူဝတ်ကြောင်များအတွက်လည်း ရှိထားဖို့ လိုပါတယ်။ မြတ်စွာဘုရားရှင် ဟောညွှန်ခဲ့တဲ့ သတိပဋ္ဌာန် ကယ်ပေါက်ဆိုတာ အလုပ်နဲ့ နေရာက အဓိက မဟုတ်ပါဘူး။ သတိထားပြီး သတိရှိနေဖို့သာ အဓိကပါ။ ကျရာကြုံရာ အလုပ်တာဝန် လုပ်ဆောင်နေရင်းကပဲ အမြဲသတိရှိသူအတွက် တရားအသိ ရနိုင်ခွင့် ရှိပါတယ်။ အရာရာကို သတိမပြတ်ထားပြီး ဆင်ခြင်လေ့ရှိတဲ့ ထေရိကာ ဆိုတဲ့ အိမ်ရှင်မလေးဟာ ဟင်းအိုးထဲ ခပ်လိုက်တဲ့ ဟင်းရွက်တွေ ညှိုးသွားတာကို သတိထားဆင်ခြင်ရင်း အနိစ္စသဘောကို ထိုးထွင်းသိမြင်ပြီး သောတာပန် အရိယာ ဖြစ်သွားတယ်။ ဒီလို သာဓကတွေ အများကြီး ရှိပါတယ်။ မြတ်ဗုဒ္ဓရဲ့ နောက်ဆုံးမှာတမ်း ကလေးကလည်း “သတိထား တရားရှိ” ဆိုတဲ့ သဘောကို ညွှန်ပြတာပါ။

ဘယ်အရာမဆို ကြည့်သူရဲ့ မြင်ထောင့်အလိုက် အသိတရား ရတတ်စမြဲပါ။ စီးပွားရေးရှုထောင့်က ကြည့်ရင် စီးပွားဖြစ်တဲ့အသိ ရနိုင်သလို တရားရှုထောင့်က ကြည့်ရင် တရားအသိ ရပါတယ်။ လောကဓမ္မမျှတဲ့ ရှုထောင့်က ကြည့်ရင်လည်း နှစ်မျိုးလုံး မျှတတဲ့အသိ ရနိုင်မှာ မလွဲပါဘူး။ ခက်တာက လောက

http://www.dhammadownload.com



သားတိုင်း လောဘရှုထောင့်ကသာ အကြည့်သန်နေကြတဲ့ ပြဿနာပါ။ မိမိကျောင်းမှာ "ဘယ်လောက်အရေးကြီးကြီး ကုသိုလ်ရပါစေ။ ဘယ်လောက်ဈေးကြီးကြီး ဝယ်သုံးနိုင်ပါစေ" ဆိုတဲ့ စာနှစ်ကြောင်းရေးပြီး ကပ်ထားတယ်။ လာတဲ့လူတွေက နောက်အပိုဒ်ကိုပဲ စိတ်ဝင်စားပြီး သဘောကျကြတယ်၊ ရှေ့အပိုဒ်ကိုတော့ စိတ်ဝင်စားသူ အလွန်နည်းပါတယ်။

ပုတတ်လိုက်တဲ့ လူတွေဆီက ကြားခဲ့တဲ့ စကားတစ်ခုလည်း ရှိသေးတယ်။ "ကယ်ပေါက်တွင်းဝမှာ မြေစိုင်ခဲလေးတွေ ဆို့နေတာ များရင်လည်း အရေးကြုံတဲ့အခါ ထွက်ပေါက် ပိတ်မိနေတတ်တယ်" တဲ့။ သတိထားစရာပါ။

သူများကယ်ပေါက်ကို ပိတ်သလို မဖြစ်အောင် သတိပြု နားလည်သင့်သလို ကိုယ့်ကယ်ပေါက်မှာ မြေစိုင်ခဲတွေ ဆို့မနေအောင်လည်း သတိပြုသင့်ပါတယ်။

**ကယ်ပေါက်တိုင်း အတားအဆီးမရှိ ဟင်းလင်းပွင့်စေသော။**

❑

http://www.dhammadownload.com

# အို နာ သေခြင်းမရှိသူ

လျှောင်လှုပ်တယ်၊ ကမ်းပါးပြိုတယ်၊ သစ်ပင်လဲတယ်၊ သစ်ရွက်ကြွေတယ်၊ အိုးကွဲတယ်၊ နွားသေတယ် ဆိုတဲ့ ဝေါဟာရတွေဟာ "သင်္ခါရ" ဆိုတဲ့ အမြင်နဲ့ မြင်တတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ "ဖြစ်ပြီး ပျက်သွားတယ်" ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးတည်း အတူတူပဲမို့လား။

(တောင်တွင်းကြီး နတ်မှီတောရ ဆရာတော်)

ဒီအကြောင်းကို ရေးဖို့ စိတ်ကူးတာတော့ ကြာပြီ။ အခု အတွေးသစ်ဂျာနယ် အမှတ်စဉ် ၂၄၀ မှာ ဆရာအတ္တကျော်ရဲ့ "သေခြင်းတရား" နဲ့ ပတ်သက်တဲ့ ဘာသာပြန် ဆောင်းပါးကို ဖတ်ပြီးမှပဲ အထမြောက်တော့တယ်။

ဆရာအတ္တကျော်ရဲ့ ဘာသာပြန် ဆောင်းပါး

http://www.dhammadownload.com



တွေမှာ မြန်မာစာဖတ်ပရိသတ်နဲ့ အဆက်အစပ် ကွာဟမယ် ထင်တဲ့ နေရာမျိုးကို ဘာသာပြန်သူက ကြားဝင်ပြီး ရေးပေးတာလေးတွေ တွေ့ရတတ်ပေမယ့် ဒီဆောင်းပါးမှာတော့ ဘာမှ ဝင်ရေးမထားဘူး။ ကိုယ် သိပ်မကျွမ်းကျင်သေးတဲ့ ဘာသာရပ်မှာ ဘာမှ ဝင်မစွက်ဖက်လိုဘူးဆိုတဲ့ သဘောနဲ့ တမင် လက်ရှောင်ထားတဲ့ပုံ ရပါတယ်။ မိမိအနေနဲ့လည်း ဆရာတော့ ဝင်မလုပ်ရဲပါဘူး။ ကြားနာဖူးတဲ့ မထေရ်မြတ်တို့ အဆိုအမိန့်နဲ့ပဲ ဖြည့်စွက်ပေးချင်တာပါ။

ဆရာအတ္တကျော်ရဲ့ ဆောင်းပါးမှာ အဓိကအကျဆုံးလို့ ဆိုရမယ့် အပိုဒ်ကတော့ "သတ်လို့ရတဲ့ သေစရာဆိုတာ မရှိလို့ သေခြင်းတရား မရှိတာပါ" ဆိုတဲ့ အပိုဒ်ပဲ ဖြစ်မယ် ထင်ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်လို့ ဒေးဒရဲကွင်းကျောင်းတိုက်မှာ နိကာယ်သင်တန်းလုပ်စဉ်က ညဝိုင်းဓမ္မသာကစ္ဆာဝိုင်းမှာ သိပ္ပံဆရာ ဆိုတဲ့ ဒကာတစ်ဦးက–

"ဗုဒ္ဓတရားတော်တို့ရဲ့ အထွတ်အထိပ် ဆိုတာ မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်လို့ ဆိုပါတယ်။ မဟာပရိနိဗ္ဗာနသုတ်မှာ ကြည့်လိုက်တော့ ဘုရားရှင်ကိုယ်တိုင် ခန္ဓာကိုယ်ကြီး အိုမင်းလာလို့ လှည်းအိုကြီးကို ကြိုးနဲ့ တုပ်သလို ဖလသမာပတ်နဲ့ တုပ်နှောင်ထားရတယ်လို့လည်း ပါတယ်။ ဝမ်းတော်လား ရတယ် ဆိုတာလည်း နာတာပဲမို့လား။

http://www.dhammadownload.com



**ပရိနိဗ္ဗာန်ပြုတယ် ဆိုတာလည်း လူတွေလို ပြောရင် သေတာပဲမို့လား။ ဒီလိုဆိုရင် အို၊ နာ၊ သေက ဘယ်အချိန်မှာ လွတ်တာလဲ"** ဆိုပြီး လျှောက်ထားပါတယ်။

တောင်တွင်းကြီး နတ်မီတောရ ဆရာတော်ကြီးက တစ်အောင့်လောက် စဉ်းစားနေပြီးတော့မှ 'ငလျှင်လှုပ်တယ်၊ ကမ်းပါးပြိုတယ်၊ သစ်ပင်လဲတယ်၊ သစ်ရွက်ကြွေတယ်၊ အိုးကွဲတယ်၊ နွားသေတယ် ဆိုတဲ့ ဝေါဟာရတွေဟာ "သင်္ခါရ" ဆိုတဲ့ အမြင်နဲ့ မြင်တဲ့ ပုဂ္ဂိုလ်အတွက်တော့ "ဖြစ်ပြီး ပျက်သွားတယ်" ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးတည်း အတူတူပဲမို့လား' လို့ မိန့်လိုက်တော့ မေးတဲ့ဒကာက 'နည်းနည်းရှင်းပြပါဦး ဘုရား' လို့ တောင်းပန်ပါတယ်။

'သက်ရှိ သက်မဲ့ အရာအားလုံးဟာ အကြောင်းတရားတို့ စုပေါင်းပြီး ဖြစ်ပေါ်နေတဲ့ သင်္ခါရတရားတွေချည်းပါပဲ။ အဲဒါ လူတို့က "ကမ်းပါး" လို့ သတ်မှတ်ထားတဲ့ သင်္ခါရတရားပျက်တာကို "ပြိုတယ်"၊ သစ်ပင်ကျတော့ "လဲတယ်"၊ သစ်ရွက်ကျတော့ "ကြွေတယ်"၊ အိုးကျတော့ "ကွဲတယ်"၊ သတ္တဝါကျတော့ "သေတယ်" လို့ ခေါ်ကြတာမို့လား။ ဒီတော့ ပြိုတယ်၊ လဲတယ်၊ ကြွေတယ်၊ ကွဲတယ်၊ သေတယ် ဆိုတာတွေဟာ ကိုယ်စွဲလမ်း မှည့်ခေါ်ထားတဲ့ အတိုင်း အစွဲရှိသူတွေရဲ့ သတ်မှတ်ချက်တစ်ခုသာ ဖြစ်တယ်လို့ မဆိုသင့်ပေဘူးလား။

http://www.dhammadownload.com



ဒါတွေအားလုံးကို "သင်္ခါရ" အဖြစ်နဲ့ မြင်အောင် ကိုယ်ပိုင်အသိနဲ့ ကြည့်တတ် မြင်တတ်ပြီ ဆိုရင် ဘယ်လို သဘောထားမလဲ။ အဲဒါ သဘောပေါက်ဖို့ လိုတယ်။

ဒကာလျှောက်တဲ့ မဟာပရိနိဗ္ဗာနသုတ်မှာပဲ ဘုရားရှင်က အရှင်အာနန္ဒာကို ဟောပြတဲ့ ဂါထာတစ်ခု ရှိတယ်။ လူတိုင်းလိုလိုလည်း ရနေကြမှာပါ။ "အနိစ္စာ ဝတသင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော" ဆိုတာလေ။ အဲဒီမှာ သေသေချာချာ စဉ်းစားပြီး ကြည့်ပါ။

"အနိစ္စာဝတ" ပြီးတော့ "သင်္ခါရာ" တဲ့။ ဒါ အရိယာပုဂ္ဂိုလ်တွေ မြင်တာနော်။ အားလုံးကို သင်္ခါရ တရားတွေအဖြစ်နဲ့ မြင်လို့ ဒီလို ပြောနိုင်တာ။ သင်္ခါရ လို့ မြင်လိုက်တဲ့အတွက် နောက်မှာ ဘာလာသလဲ ဆိုတော့ "ဥပ္ပါဒဝယဓမ္မိနော" တဲ့။ ဖြစ်ပြီး ပျက်တဲ့ သဘာဝတွေပဲလို့ ဆိုတာ ဒီလို သိမြင်ကြသူတွေမှာ ဖြစ်တဲ့အရာတိုင်း ပျက်တယ်၊ ဒီဖြစ်တတ် ပျက်တတ်တဲ့ သဘောတရားတို့ ချုပ်ငြိမ်းကင်းလွတ်ရာ နိဗ္ဗာန် သည်သာ သုခအစစ် ဖြစ်တယ်လို့ ဆိုထားတယ်။ ဒါ ဟာ အစွဲဥပါဒါန်ကင်းကင်းနဲ့ မြင်နိုင်မှ တွေ့ခွင့်ရှိ တာနော်။

တကယ်လို့ အဲဒါဂါထာနေရာမှာ "အနိစ္စာဝတ သတ္တာ" လို့ မြင်ကြမယ်ဆိုရင် ဘယ်လိုဖြစ်သွားမလဲ။ သတ္တာဆိုတော့ သတ္တဝါဆိုတဲ့ စွဲလမ်းသတ်မှတ်ချက်

http://www.dhammadownload.com



ပါသွားပြီမို့လား။ သတ္တဝါလို့ သတ်မှတ်စွဲလမ်းထားပြီးပြီ ဆိုရင် နောက်မှာ "ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ပြီးပျက်သွားတဲ့သဘော ရှိတယ်" လို့ ခံယူနိုင်ပါတော့မလား။ အခု ဒကာတို့ ဘုန်းကြီးတို့ သဘောထားသလိုပဲ။ "ပဋိသန္ဓေ နေခဲ့ကြပြီးလို့ သေရပြီ" လို့ သဘောထားကြမယ်မို့လား။ ဒီလိုသဘောထားရင် "တေသံ ဝူပသမောသုခေါ" လည်း ဘယ်လာနိုင်ပါတော့မလဲ။ ဟိုး ပဋိစ္စသမုပ္ပာဒ်မှာ ဆိုထားတဲ့ အတိုင်းပေါ့။ "ဇာတိပစ္စယာ ဇရာမရဏာ" ပြီးတော့ ဘာလာသလဲ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတာတွေ တစီတတန်းကြီး လိုက်လာတာပဲ မို့လား' ဆိုတော့ 'နည်းနည်းတော့ သဘောပေါက်သလိုလို ရှိလာပြီဘုရား၊ ဆက်ပြီး အမိန့်ရှိပါဦး' တဲ့။

'အထူးအထွေ အမိန့်ရှိနေစရာ မလိုတော့ဘူး။ သင်္ခါရတရားတွေအပေါ်မှာ ငါ သူတစ်ပါး ယောကျာ်း မိန်းမတို့၊ သက်ရှိသက်မဲ့တို့ သတ္တဝါတို့ ဆိုတဲ့ အစွဲ မကင်းရင် ကိုယ်စွဲလမ်းထားတဲ့အတိုင်း ပျက်တဲ့အခါမှာလည်း သေဆုံးတယ်။ ကွဲကွာတယ် ဆိုတဲ့ ခံယူချက်များနဲ့ အတူ ဝမ်းနည်းပူဆွေးမှု စတဲ့ ဒုက္ခတွေ ကြုံရမယ်။ အဲဒီလို စွဲလမ်းသတ်မှတ်ချက် မရှိတော့တဲ့ ပုဂ္ဂိုလ်တွေအဖို့ကျတော့ သတ္တဝါ ဆိုတဲ့ အစွဲမရှိတော့ရင် မွေးဖွားစရာ၊ အိုစရာ၊ နာစရာ၊ သေစရာကော ရှိပါဦးမလား။

http://www.dhammadownload.com



စောစောက ဒကာကြီးလျှောက်ထားတဲ့ "အိုတာ နာတာ သေတာပဲမို့လား" ဆိုတဲ့ စကားကို သေချာ စဉ်းစားလိုက်ရင် ဒါဟာ အစွဲ ဥပါဒါန်သမားများက ကိုယ့်အစွဲနဲ့ ကိုယ် ထင်မှတ်နေတာမို့လား။ ဘုရား ရဟန္တာတို့မှာ သက္ကာယဒိဋ္ဌိဆိုတဲ့ အစွဲ ဥပါဒါန်မရှိတော့တဲ့ အတွက် အိုစရာ၊ နာစရာ၊ သေစရာ ရှိပါဦးမလား' ဆိုတော့ 'မရှိနိုင်လောက်တော့ဘူး ဘုရား' လို့ လျှောက် ထားပါတယ်။

'ဒါဖြင့် အိုနာသေက ဘယ်အချိန်မှာ လွတ် တာလဲ ဆိုတာကိုလည်း သဘောကျလောက်ရောပေါ့။ သက္ကာယဒိဋ္ဌိလို့ သတ်မှတ်စွဲလမ်းခြင်း ကင်းတဲ့ အချိန်က စပြီး အိုစရာ နာစရာ သေစရာကို မရှိတော့တဲ့အတွက် အဲဒီအချိန်က စပြီး လွတ်တယ်လို့ ဆိုရမယ် မဟုတ် လား' လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

အမှန်ကတော့ ဒီမေးခွန်းနဲ့ အဖြေက သံသရာ ခရီးဆုံးဖြစ်တဲ့ နိဗ္ဗာန်နဲ့ ပတ်သက်နေတာပါ။ မိမိတို့က ဒီခရီးဆုံးနဲ့ ပတ်သက်လို့ လမ်းညွှန်မြေပုံလောက်ကိုသာ လေ့လာနေကြပြီး တကယ်ခရီးပေါက်အောင် မလျှောက် နိုင်ကြသေးသူတွေချင်း ဖြစ်လို့ ဒီထက်ပိုပြီး ရှင်းပြဖို့နဲ့ ရှင်းရှင်းလင်းလင်း သဘောပေါက်ဖို့ ဆိုတာကတော့ ဓမ္မဒူတ အရှင်ဆေကိန္ဒ ပြောသလိုပဲ။ "အတုကိုသာ ခိုးလို့ ရမယ်၊ အစစ်ကတော့ ကျင့်မှ ရမယ်" လို့သာ ဆိုရပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီတုန်းက တောင်တွင်းကြီးကနေ ဆရာတော်ကြီးနဲ့ အတူပါလာတဲ့ ကဗျာဝါသနာရှင် ဦးဘရှင်ဆိုတဲ့ ဒကာကြီးက ဆရာတော်ကြီးရဲ့အဖြေကို နာယူပြီးတဲ့အခါ၊

"သေတာဟာ သဘာဝ၊ ကမ္ဘာက ထုံးစံ၊ ပဓာနရုန်းကန်လျှင်၊ အဆုံးဉာဏ်နိဂုံး" လို့ အစချီပြီး တေးထပ်ကလေးတစ်ပုဒ် ရေးသေးတယ်။ အခု ပြန်စဉ်းစားလိုက်တော့ အဆုံးအထိလည်း မရတော့ဘူး။ မှတ်စုစာအုပ်တွေကလည်း တစ်နေရာစီ ဖြစ်နေလို့ ရေးမပြနိုင်တော့ပါဘူး။

မှတ်မိတဲ့အပိုဒ်ထဲက "ပဓာနရုန်းကန်" ဆိုတဲ့အထဲမှာ ပဓာန ဆိုတာ ဒီနေရာမှာ "ကြိုးစားအားထုတ်ခြင်း" လို့ အဓိပ္ပာယ်ရပါတယ်။ ဆရာ အတ္တကျော်ရဲ့ဆောင်းပါးမှာ ပါတဲ့အတိုင်း သီလ၊ သမာဓိ၊ ပညာတရားများ မြင့်သည်ထက် မြင့်အောင် ကြိုးစားရမှာပါ။ "အဆုံးဉာဏ်" ဆိုတာ အမြင့်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်ပါ။ အဲဒီ အဆုံးဉာဏ်ကို ရရှိပြီးတဲ့ ပုဂ္ဂိုလ်မှန်သမျှ အစွဲဥပါဒါန် လုံးဝဥဿုံ ချုပ်ငြိမ်းသွားပြီဖြစ်လို့ မွေး၊ အို၊ နာ၊ သေလို့ လူတွေ ထင်မှတ် စွဲလမ်းသမျှတွေဟာ တခြားသက်မဲ့ သင်္ခါရများနည်းတူ သဘာဝတရားကြီး၊ သင်္ခါရကမ္ဘာရဲ့ ထုံးစံကြီးမျှသာဖြစ်တယ်လို့ သဘောထားနိုင်သွားပြီလို့ ဆိုလိုတာပါ။

ဒီလို သဘောထားနိုင်တဲ့ ပုဂ္ဂိုလ်များဟာ မင်္ဂလာ

http://www.dhammadownload.com



တရားတော်တွေထဲမှာ အမြင့်ဆုံး မင်္ဂလာတရားဖြစ်တဲ့ "ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ" ဆိုတဲ့ မင်္ဂလာနဲ့ ပြည့်စုံသွားပြီမို့ ဘယ်လို လောကဓံတရားကြောင့်မှ တုန်လှုပ်ခြင်း မရှိတော့ဘူး။ အသောကံ ဝမ်းနည်းခြင်းလည်း မဖြစ်တော့ဘူး။ (ဝမ်းနည်းခြင်း မရှိတဲ့အတွက် ဝမ်းသာခြင်းရယ်လို့လည်း ဖြစ်စရာ အကြောင်း မရှိတော့ဘူး။) ဝိရဇံ = တဏှာအစေးခာတ် ခြောက်ခန်းသွားပြီ ဖြစ်လို့ ကိလေသာမြူတွေလည်း မကပ်ငြိတော့ဘူး။ ခေမံ = အဲဒါကို ချမ်းသာအစစ်လို့ ပြောရတာပါ။ "ခေမံ" လို့ ခေါ်တဲ့ ချမ်းသာဆိုတာ အခု လူတွေပြောနေတဲ့ ဆင်းရဲချမ်းသာ ဆိုတာနဲ့ မတူဘူး ဆိုတာလည်း သဘောပေါက်သင့်ပါတယ်။

ဆရာအတ္တကျော်ရဲ့ စာများမှာလို "အားလုံးတွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါစေ" လို့ နိဂုံးချုပ်လိုက်ချင်ပေမယ့် မြတ်စွာဘုရားရှင်က "အတက္ကာဝစရော = တွေးတောကြံစည်ရုံနဲ့တော့ သဘောမပေါက်နိုင်ဘူး" လို့ မိန့်ကြားထားတဲ့အတွက် ဒီနေရာမှာတော့ "ကြိုးစားသိမြင်နိုင်ကြပါစေ" လို့သာ နိဂုံးချုပ်လိုက်ပါရစေ။

❑

http://www.dhammadownload.com

# အရဟံဦးဆင်

"ဆင်... နင့်ခန္ဓာကိုယ်ထဲမှာ ခုမှ အရဟံ ဂုဏ်တော် ကိန်းတယ်ဟ။ နင် ထူးခြား တော့မယ်။ ဆက်ကြိုးစား ကြားလား"

(အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး)

စစ်ကြီး ပြီးခါစလောက်က မန္တလေးမြောက်ဘက် မတ္တရာနယ်တစ်ဝိုက်မှာတော့ "အရဟံ ဦးဆင်" ဆိုတာ မသိသူ မရှိသလောက်လို့ ဆိုရလောက်အောင် လူသိများခဲ့ပါတယ်။ သူ့ကို လူတွေ အသိများတာဟာ ဆန်စက်ပိုင်ရှင် သူဌေးကြီးတစ်ဦးဖြစ်လို့ ဆိုတာထက် အင်္ကျီဗလာ၊ လုံချည်ဖာတစ်ရာနဲ့ နွားကျောင်းသား ဘဝက ဗြုန်းစားကြီး ဆန်စက်ပိုင်ရှင်အဖြစ် ပြောင်းလဲ သွားတာရယ်၊ သေသည်အထိ ပုတီးတစ်ကုံးနဲ့ ပုတီး မပြတ် စိပ်နေလေ့ ရှိတာရယ်၊ သူ့အိမ်ဝမှာ "အရဟံ" ဆိုတဲ့ စာလုံးဆိုင်းဘုတ် အကြီးကြီး ရေးထားတာရယ် တို့ကြောင့်ပါပဲ။

http://www.dhammadownload.com



ဒီ "အရဟံ" ဆိုတဲ့ စာလုံးဆိုင်းဘုတ်ကြီးကြောင့်ပဲ သူ့ကို "အရဟံ ဦးဆင်" လို့ လူတွေက သိကြခေါ်ကြတာပါ။

* * *

ဦးဆင်ဆိုတာ ငယ်ငယ်က သာမဏေဘဝနဲ့ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ (နောင် အဘိဓဇမဟာရဋ္ဌဂုရု) ထံမှာ နေသွားခဲ့ဖူးတယ်။ ရဟန်းမဖြစ်ခင်မှာဘဲ သူ့ဒကာကြီး ဆုံးပါးသွားလို့ မိခင်နဲ့ လူမမယ် (မည်) ညီ၊ ညီမငယ်တွေကို လုပ်ကိုင်ကျွေးဖို့ လူထွက်လိုက်ရတယ်။ လယ်ယာမြေပိုင် မရှိတဲ့အတွက် သူများအိမ်မှာ ထွန်ယက် နွားကျောင်း သူရင်းငှားဘဝနဲ့ လုပ်ကိုင်စားရတဲ့ဘဝမှာ မိသားစုက စားအိုးကြီးတဲ့အတွက် အသက်ထိန်းရုံ အရှက်လုံရုံ အနိုင်နိုင်ဖြစ်လို့ လုံချည်ခါးနွမ်း ကျောနေလှမ်း ဘဝမှာ အိမ်က ခနော်ခနဲ့ ခေတ်သစ် ကာကဝလိယလို့တောင် ဆိုနိုင်လောက်ပါသတဲ့။

ဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို အမြဲ ဦးထိပ်ထားတတ်တဲ့ မောင်ဆင်ဟာ မစိုးရိမ်ဆရာတော်ဘုရားကြီး မွေးနေ့ နီးပြီဆိုရင်တော့ မစိုးရိမ်ကျောင်းတိုက်ကို အမြဲရောက်အောင် လာတယ်။ လှူဖွယ်ဝတ္ထုရယ်လို့ မပါပေမယ့် ဆရာသမားကို ဝတ်ကြီးဝတ်ငယ် ပြုပေး

http://www.dhammadownload.com



ရင်း ထင်းခွဲ၊ ရေခပ်၊ တံမြက်လှည်း စတဲ့ အလုပ်ကြမ်း မှန်သမျှ အားလုံး ဒိုင်ခံပြီး လုပ်လေ့ ရှိပါသတဲ့။

မွေးနေ့ပြီးလို့ အပြန်မှာတော့ အင်္ကျီဗလာနဲ့ တပည့်ကို မကြည့်ရက်တဲ့အတွက် ဆရာတော်ကြီးက 'ငါ့တပည့်လို သံဃာ့ဝေယျာဝစ္စလုပ်သူအတွက် ပေး ကောင်းတယ်ကွဲ့။ အပ်စပ်ပါတယ်။ အင်္ကျီချုပ်ဝတ်' လို့ ပြောပြီး အဲဒီခေတ်က နာရေးကန်တော့ပွဲတွေမှာ ပါလာလေ့ ရှိတဲ့ ပိတ်စကလေးတွေကို ချီးမြှင့်တတ် ပါတယ်။

ဆရာတော်ကြီးက မိမိအတွက် အင်္ကျီချုပ်ဖို့ ဆိုပြီး ပေးစွန့်ပေမယ့် အိမ်မှာ အရွယ်ရောက်စပြုနေ ပြီဖြစ်တဲ့ နှမတွေ ညီငယ်တွေအတွက်ပဲ သင့်သလို ချုပ်ပေးပြီး မောင်ဆင်ကတော့ ထုံးစံအတိုင်း လုံချည် ဖာတစ်ရာ ကျောဗလာပဲ နေရတာပါ။

မွေးနေ့နီးတိုင်း နှစ်စဉ် မှန်မှန်ရောက်လာပြီး ကျောပြောင်ကြီး ပိုပြီး မွဲခြောက်လာတာက လွဲလို့ ဘာမှ တိုးတက်ပြောင်းလဲမလာတဲ့ တပည့်ကို ကြည့်ပြီး ဆရာတော်ကြီးက–

'ငဆင် နင် မချမ်းသာချင်ဘူးလား' လို့ မေး တော့–

'ဘယ့်နှယ် မိန့်လိုက်ပါလိမ့်ဘုရား။ တပည့် တော် သူများတွေလို သူဌေးဖြစ်အောင် မချမ်းသာချင် နေပါစေ။ အစားအဝတ် ပြည့်ပြည့်စုံစုံနဲ့ မိုးလုံလေလုံ

http://www.dhammadownload.com



လောက် နေရရင်ကို ကျေနပ်လှပါပြီ။ ဆရာတော် မစနိုင်ရင် မစပေးတော်မူပါဘုရား' လို့ လျှောက်ထား ပါသတဲ့။

ဆရာတော်ကြီးက 'ဟဲ့... ငဆင်ရဲ့၊ ကံကံ၏ အကျိုး ဆိုတာ နင်လည်း သိသားပဲဟာ။ နင့်ကို ငါက မစလို့ ဘယ်ရမလဲဟဲ့။ နင်ကိုယ်တိုင် ရှန်းပြီး ရပ်မှ မတ်လာမှာပေါ့' ဆိုတော့...

'မှန်ပါ၊ တတ်နိုင်သမျှတော့ ကြိုးစားတာပါပဲ ဘုရား။ မိသားစုကလည်း များ၊ ညီတွေ ညီမတွေက လည်း လက်လုပ်လက်ကိုင်လေးမှ အကူအညီက မရ သေး။ ဒီကြားထဲ လောကအလျောက် အိမ်ထောင်က လည်း ကျပြီ ဆိုတော့ အလုပ်နဲ့ဝင်ငွေက မတိုးဘဲ ပါးစပ်ပေါက်တွေသာ တိုးနေတဲ့အတွက် ဒီလိုပဲ လုံး ချာလိုက်နေတာပဲဘုရား' လို့ ပြန်လျှောက်ပါတယ်။

ဆရာတော်ကြီးက 'အေး... နင့်ကို ငါက မထူပေးလို့တော့ မရဘူး။ နင့်ကိုယ်နင် ရှန်းထနိုင် အောင် အထောက်အကူတော့ ပေးလိုက်မယ်။ ရော့ ဟောဒီ ပုတီးကို ယူသွား။ ဘာမှ နည်းတွေ များမနေနဲ့ "အရဟံ" တစ်လုံးကို အဓိပ္ပာယ်ပါ အာရုံပြုပြီး မပြတ် ပွားပေရော့' ဆိုပြီး အနားမှာရှိတဲ့ ပရိက္ခရာပုံထဲက ပုတီးတစ်ကုံးကို ပေးလိုက်ပါတယ်။

ဆရာတော်ကြီးက မတာ မဟုတ်ဘူး ဆိုပေ မယ့် မောင်ဆင်ကတော့ ဒါဟာ ဆရာတော်ကြီးက

http://www.dhammadownload.com



သူ့ကို မစလိုက်တာပဲ ဆိုပြီး ဆရာတော် မိန့်ကြားတဲ့ အတိုင်း မပြတ်ပွားပြီး စိပ်တော့တာပဲ။

ခါတိုင်း ကိုယ်အထက်ပိုင်းမှာ ဗလာကျင်းနေတဲ့ မောင်ဆင်မှာ ခုတော့ အလုပ်လုပ်နေချိန် ဆိုရင်လည်း လည်ပင်းမှာ ပုတီးတစ်ကုံး ဆွဲထားတာ တွေ့ရပြီး အလုပ်နားတာနဲ့ ပုတီးနဲ့ လက် မပြတ်အောင် စိပ်တော့တာပဲ။ နွားကျောင်းရင်လည်း ပုတီးစိပ်က မပြတ်တော့ ဒုစရိုက်ရယ်လို့ ကျူးလွန်ချိန်ကို မရှိတော့ဘူး။

နောက်တစ်နှစ် ဆရာတော်ကြီးမွေးနေ့မှာ မောင်ဆင် ရောက်လာတော့လည်း ဘာမှ ထူးခြားပြောင်းလဲမှု မရှိသေးဘူး။ ဆရာတော်ကြီးထံပါးမှာ ဝတ်ချတော့...

'ငဆင် ဘာတွေများ ထူးခြားလာသလဲဟဲ့'

'ဘာမှ မထူးသေးပါဘုရား'

'အေး လာစမ်း ဒီနား' ဆိုပြီး "ဖြန်း" ခနဲ ရိုက်လိုက်တော့...

'အမလေးဘုရား' လို့ လန့်အော်တယ်။ ဆရာတော်ကြီးက...

'နင် လိုသေးတယ်၊ ဆက်ကြိုးစားဦး' လို့ မိန့်ပါတယ်။

နောက်နှစ်နှစ် သုံးနှစ် ဒီအတိုင်းပဲ၊ မထူးဘူး။ အဲ... လေးနှစ်မြောက်အရောက်မှာတော့ ဆရာတော်

http://www.dhammadownload.com



ကြီးက 'ဆေင် လာစမ်း ဒီနား' 'ဖြန်း' ဆိုတော့ 'အရဟံ အရဟံ အရဟံ'

'အေး နင့်ခန္ဓာကိုယ်ထဲခုမှ "အရဟံ" ဂုဏ်တော်ကိန်းတယ်ဟ။ သုံးလေးနှစ်အတွင်း ခန္ဓာကိုယ်ထဲ အရဟံဘုရား အမြဲကိန်းအောင် တည်နိုင်တာ နင်မဆိုးဘူး၊ နင် ထူးတော့မယ်။ ဆက်ကြိုးစား ကြားလား'

'မှန်ပါဘုရား'

* * *

အချိန်က ဂျပန်တွေ မြန်မာပြည်ဝင်လာခါစ၊ မြန်မာပြည်ကို စစ်ငွေ့စစ်ရိပ်များ သန်းလာပြီ။ မတ္တရာနယ်မှာရှိတဲ့ ဆန်စက်ပိုင်ရှင် အိန္ဒိယအမျိုးသား မိသားစုတို့က စစ်ဘေးဒဏ်ကို တိမ်းရှောင်ရင်း သူတို့ဆွေမျိုးများရှိရာ အိန္ဒိယကို ပြန်လိုတဲ့အတွက် သူတို့မရှိတုန်းမှာ သူတို့ပိုင်တဲ့ ဆန်စက်ကို အစောင့်အရှောက်အဖြစ် လွှဲအပ်ခဲ့ဖို့ နယ်မှာရှိတဲ့ အကြီးအကဲများ၊ မိတ်ဆွေ သင်္ဃာများနဲ့ တိုင်ပင်တဲ့အခါ အဲဒီနယ်သူကြီးက

'သူရင်းငှားလုပ်နေတဲ့ မောင်ဆင်ဟာ ဆင်းရဲပေမယ့် ရိုးသားပြီး သစ္စာရှိတယ်။ မစိုးရိမ်ဆရာတော်ကြီးရဲ့တပည့်ဖြစ်လို့ ဆရာကောင်းတပည့်ပီပီ ရိုးသားတည်ကြည်တယ်၊ သူများပစ္စည်းကို အလွဲသုံးစားလုပ်မယ့် သူငယ် မဟုတ်ဘူး။ ဆရာသမားများရဲ့ အရှိန်အဝါကြောင့်လည်း ဆရာကောင်းတပည့် မပီသတဲ့ အလုပ်

http://www.dhammadownload.com



မျိုးလုပ်မှာ မဟုတ်တာ သေချာတယ်။ သူ့ကိုပဲ လွှဲအပ်ပြီး စောင့်ရှောက်ခိုင်းတာ အကောင်းဆုံးပဲ' လို့ အကြံပေးကြတယ်။

ဆန်စက်ပိုင်ရှင်များကလည်း ဟိန္ဒူအမျိုးသားများဖြစ်တဲ့အတိုင်း "မစိုးရိမ်တိုက်" ဆိုတာကို ကြားဖူးပြီး အထင်ကြီး လေးစားကြတဲ့အတွက် သဘောကျပြီး မောင်ဆင်နဲ့ သွားတွေ့ အကျိုးအကြောင်း ပြောဆိုညှိနှိုင်းကြပြီး နှစ်ဦးနှစ်ဖက် သဘောတူကြလို့ မောင်ဆင်လက်ထဲ ဆန်စက်ကို လွှဲအပ်ပြီး အိန္ဒိယ ပြန်သွားကြတယ်။

မောင်ဆင်လည်း မမျှော်လင့်ဘဲ ဆန်စက်နဲ့ လုပ်ကိုင်စားသောက်ခွင့် ရရှိသွားလို့ ဆန်စက်ပိုင် မဟုတ်ပေမယ့် ဆန်စက်ကိုင် သူဌေးလေးဘဝ ရောက်သွားတော့တယ်။ အဲဒီနှစ် မစိုးရိမ်ဆရာတော်ကြီးရဲ့ မွေးနေ့ကို သွားတဲ့အခါမှာတော့ မောင်ဆင်ဟာ နှစ်တိုင်းနဲ့ မတူတော့ဘူး။ အဝတ်အစား သပ်သပ်ရပ်ရပ်နဲ့ လှူစရာ ဆန်အိတ်တွေ ဘာတွေ သယ်လာပြီး မိသားစုနဲ့အတူ ရောက်လာကြတယ်။ ဆရာတော်ကြီးက၊

'ငဆင် ဒီနှစ် ထူးလာပြီလားဟ' ဆိုတော့...

'မှန်ပါ၊ ထူးဆို တပည့်တော်စိတ်ကူးနဲ့တောင် မမှန်းဆရဲခဲ့ဖူးတဲ့အထိကို ထူးတာဘုရား။ အခု တပည့်တော် ဆန်စက်တစ်လုံးကို စောင့်ရှောက်ရင်း လုပ်

http://www.dhammadownload.com



ကိုင် စားသောက်ခွင့်ရလို့ တပည့်တော် တောင့်တခဲ့တဲ့ စားဝတ်နေရေး ပြည့်စုံပြီး မိုးလုံလေလုံနေနိုင်ဖို့ ဆိုတဲ့ အဆင့်ထက်တောင် လွန်နေပြီ ဘုရား။ ဒါတွေဟာ ဆရာတော်မလိုက်တဲ့ ဆရာတော့် ကျေးဇူးတွေပါပဲ ဘုရား' ဆိုပြီး ဝမ်းသာမျက်ရည်နဲ့ လျှောက်ထားရှာ တယ်။

'ဟဲ့… ဆေင်ရဲ့၊ နင့်ကို ငါ မလို့ မရဘူး။ နင့်ကိုယ်နင် ရန်းကန်ထရမှာလို့ အစကတည်းကပြော ထားသားနဲ့၊ ဘယ်ကလာ ငါက မရမှာလဲ၊ အဲဒါ ငါ မတာလည်း မဟုတ်ဘူး၊ နံဘေးမှာရှိတဲ့ ဘုရားတွေက မတာလည်း မဟုတ်ဘူးဟဲ့။ နင့်ခန္ဓာကိုယ်ထဲမှာ နင် ကိုယ်တိုင် မပြတ်ပွားထုံပြီး တည်ထားတဲ့ "အရဟံ ဘုရား" က မတာ။ မတယ် ဆိုလို့ ဘုရားတန်ခိုးသက် သက်နဲ့ ချမ်းသာလာတယ် မထင်လိုက်နဲ့၊ ကံမျိုးစေ့ အောင်မြင်လာတော့ "အနုတ္တရော ပုညခေတ္တံ လောကဿ" ဆိုတဲ့ သာသနာခေတ်ကြီးမှာ ဉာဏ်နဲ့ လုံ့လ စိုက်ထုတ်နိုင်သလောက် အကျိုးဖြစ်ထွန်းတာပေါ့။ "သမ္မာသကတ သမ္မာဒိဋ္ဌိ" အမြင်မှန် လက်မလွှတ်စေနဲ့၊ မမေ့မလျော့ ဆက်ကြိုးစား ကြားလား' လို့ မိန့်ကြား ပါတယ်။

မောင်ဆင်ရဲ့ဘဝ ဘယ်လို ပြောင်းလဲသွား ပေမယ့် မစိုးရိမ်ဆရာတော်ကြီး မွေးနေ့ ရောက်တဲ့ အခါမှာတော့ အရင်က လုပ်နေကျအတိုင်း ထင်းခွဲ၊

http://www.dhammadownload.com



အမှိုက်ရှင်း၊ ရေခပ် စတဲ့ အလုပ်ကြမ်းမှန်သမျှ မိသားစု ပါ ဝိုင်းဝန်းပြီး ဆောင်ရွက်မြဲ ဆောင်ရွက်ပါတယ်။

စစ်ကြီးပြီးစလောက်မှာတော့ အိန္ဒိယ ပြန်သွားတဲ့ ဆန်စက်ပိုင်ရှင်များက 'သူတို့မိသားစု ဟိုမှာလည်း အလုပ်အကိုင် အဆင်ပြေနေတဲ့အတွက် ဟိုမှာပဲ အခြေချတော့မယ်။ ဆန်စက်များကိုလည်း ရိုးသားပြီး သစ္စာရှိတဲ့ မောင်ဆင်ကိုပဲ အပြီးအပိုင်ပေးပါတယ်' လို့ စာနဲ့ လွှဲအပ်ပါတယ်။ စစ်ပြီးစလောက်တုန်းက မတ္တရာနယ်တစ်ဝိုက်မှာတော့ ဆင်းရဲသား (ကျောမွဲစစ်စစ်) ဘဝက ဆန်စက်ပိုင်ရှင် သူဌေးကြီးဖြစ်သွားတဲ့ "အရပဲဦးဆင်" အကြောင်း လူတိုင်းလိုလိုက တအံ့တဩ ပြောမဆုံးအောင် တစ်နယ်လုံးကို ဟိုးလေးတကျော် ဖြစ်ရပ်ပါပဲတဲ့။

ဒီနေရာမှာ အထူး သတိထားရမှာကတော့ **"ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ နှုတ်ကပါဠိတွေမှာ ဘယ်ဂုဏ်က ဘယ်ဂုဏ်ထက် ပိုသာတယ်၊ ဘယ်ဂါထာက ဘယ်ဂါထာထက် ပိုသာတယ်၊ ဘယ်ဂါထာက ဘယ်ဂါထာထက် ပိုပြီး အစွမ်းထက်တယ် လို့ ကွဲပြားခြားနားမှု မရှိပါဘူး။ ရတနာသုံးပါးနဲ့ ပတ်သက်ရင် နည်းကောင်းနည်းညံ့ ခွဲဖို့ မလိုဘူး။ နည်းမြဲဖို့ပဲ လိုတယ်"** ဆိုတဲ့ အချက်ပါပဲ။

ပဋ္ဌာန်းဒေသနာတော် အလိုအရတော့ အာသေဝနပစ္စည်းတပ်တယ်လို့ ခေါ်ပါတယ်။ ကံအနေနဲ့

http://www.dhammadownload.com



ပြောရရင်တော့ "မပြတ်လေ့ကျက်နေတဲ့ အာစိဏ္ဏကံ" ပါပဲ။ အာစိဏ္ဏကံ ထက်သန်မြဲမြံလာရင် ပစ္စုပ္ပန်မှာ မျက်မြင်ဒိဋ္ဌ ခံစားရတဲ့ "ဒိဋ္ဌဓမ္မ ဝေဒနီယ" အကျိုးကော နောင်အဆက်ဆက် "သမ္ပရာယိက" အကျိုးကိုပါ ထင်ထင်ရှားရှား ကြီးကြီးမားမား ပေးတတ်စမြဲ ဖြစ်ပါတယ်။

[ မစိုးရိမ်ဆရာတော်ကြီးထံမှ ကြားနာမှတ်သားခဲ့ရသည့်အတိုင်း အမရပူရမြို့၊ တူမောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မေဓိယ (အဂ္ဂမဟာပဏ္ဍိတ) ထပ်ဆင့် မိန့်ကြားဆုံးမချက်ကို မှျဝေတင်ပြလိုက်ပါတယ်။ ]

❑

http://www.dhammadownload.com

## အိမ်စောင့် မြေးထိန်း သာသနာပြု

"မိဘနဲ့ ဆရာသမားတို့ရဲ့ အဆုံးအမကို မခံရဘဲ သချိုင်းမှာ စွန့်ပစ်ထားတဲ့ကြက်ဟာ တွန်ချိန် စည်းကမ်း မရှိတဲ့အတွက် ပျက်စီးသွားရတာ ဓာတ်တော်မှ ပါသမို့လားကွဲ့"

(ကျည်တောင်ကန်တိုက်သစ် ဆရာတော်ကြီး)

"ကိလေသာတွေ ထိန်းကျောင်းရမယ့် ကျောင်းကို ကိလေသာဘေားမဲ့တောလို သဘောထားနေကြတယ်" ဆိုတဲ့ ဩဝါဒကို မိန့်ကြားခဲ့တဲ့ ကျည်တောင်ကန်တိုက်သစ်ကျောင်း ဆရာတော်ကြီးအကြောင်းကို အရင်က တစ်ခါ အတွေးသစ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၂၂၀) မှာ ရေးခဲ့ဖူးပါတယ်။

ခုတစ်ခေါက် ဆရာတော်ကြီးထံ သွားတဲ့အခါမှာတော့ ကျောင်းတိုက်ရဲ့ အဝင်ဝနားမှာ တည်ထားတဲ့ အုတ်ရေအိုးစင်မှာ ကွမ်းသွေးတွေ ပေကျံနေတာကို ပွတ်တိုက်ဆေးကြောပြီး ဆေးရောင်အသစ် ပြန်လည်

http://www.dhammadownload.com



သုတ်ဖို့ စီစဉ်ညွှန်ကြားနေတုန်းမှာ ရောက်သွားပါတယ်။ စီစဉ်ညွှန်ကြားတဲ့ ကိစ္စ ပြီးတဲ့အခါမှာတော့ ဆရာတော်ကြီးက…

'အဲဒါပဲ ကြည့်တော့လေကွာ၊ သူများက ခရီးသွား ခရီးလာ သန့်သန့်ရှင်းရှင်း သောက်ရအောင် ဆိုပြီး အုတ်ရေအိုးစင် သပ်သပ်ရပ်ရပ်နဲ့ ရေမပြတ် ကသိုလ်လုပ်ထားတာကို လူတွေက ကွမ်းသွေးတွေ ပလုတ်ကျင်းပြီး အုတ်နံရံကို ထွေးထားတာ မြင်မကောင်း ရှုမကောင်းကို ဖြစ်လို့ကွာ။ ငါလည်း အမြင်မတော်တာနဲ့ သန့်ရှင်းပြီး ဆေးအသစ် ပြန်သုတ်ခိုင်းနေရတယ်။ ဒါတင်မကသေးဘူး မောင်ရ၊ ဟိုလမ်းဆောက ဇရပ်ကိုလည်း သွားကြည့်ဦး။ အယုတ္တ အနတ္တတွေ မီးသွေးနဲ့ ရေးထားလိုက်ကြတာ တိုင်ကော၊ တန်းကော၊ ခါးပန်းကော၊ ကြမ်းကော ကွက်လပ်မကျန်အောင် ပြည့်လို့။ အဲဒါ လူ့အဆင့်အတန်းနိမ့်ကျတဲ့ သကော်တတွေပဲမို့လားကွ…

'ဒါနဲ့များ လူတွေက ပြောကြသေးတယ်။ "လောကကြီးက ဆုတ်ကပ်ကြီးဖြစ်လို့ ဘာမဆို ပျက်စီးပြီး အကျည်းတန်ကုန်ပြီ" တဲ့။ မင်းပဲ စဉ်းစားကြည့်လေကွာ၊ လောကကြီးဟာ ဘယ်အချိန်မှာများ ဆုတ်ယုတ်တယ်၊ အကျည်းတန်တယ်လို့ ရှိလို့တုံး။ ရေမြေတောတောင်တွေ ဆိုတာလည်း သူ့သဘာဝနဲ့သူ သူ့ရာသီနဲ့ သူ လှနေတာပဲ။ နေ့တစ်နေ့ တည်းကိုပဲကြည့်၊

http://www.dhammadownload.com



အရုဏ်တက်ချိန်က နေဝင်ချိန်အထိ သူ့အလုပ်နဲ့ သူ ဘာများ ပျက်စီးလို့လဲ။ အဲ... ဆုတ်ယုတ်ပျက်စီးနေ တာက လူတွေ၊ စည်းကမ်းမဲ့လို့ လောကကြီး ဆုတ် ယုတ်ပြီး အကျည်းတန်နေတာ'

ဆိုပြီး မကျေမနပ်တဲ့သဘောနဲ့ မိန့်ကြားနေ ပါတယ်။ မိမိကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာ တော်ကြီးရဲ့ သဘောထားနဲ့ အဆုံးအမကို နာယူလိုတဲ့ အတွက်...

'ဆရာတော် ဒီကိစ္စမျိုးတွေက နေရာတိုင်း လိုလိုမှာ ကြုံတွေ့နေရတဲ့ ပြဿနာပဲဘုရား။ အဲဒါ ဘယ်လိုက ဘယ်လို စပြီး ဖြေရှင်းရမယ် ဆိုတာ ဘယ်သူမှ မစဉ်းစားတတ်အောင် ဖြစ်နေပုံ ရတယ်' လို့ လျှောက်ထားလိုက်ပါတယ်။

ဆရာတော်ကြီးက...

'မင်းနှယ် ခက်ပါပကော။ ဟိုဇာတ်တော်ထဲ မှာ ကြားဖူးတယ်မို့လားကွ။ သင်္ချိုင်းကုန်းမှာ မိမရှိ ဖမရှိ လွှတ်ထားတဲ့ ကြက်တစ်ကောင်ဟာလေကွာ၊ အမိအဖ ဆရာသမားတို့ထံက အတုမရတော့ တွန်ချိန် ကို နားမလည်ဘူး။ တက္ကသိုလ် ဒိသာပါမောက္ခဆရာ ကြီးထံမှာ ပညာသင်နေကြတဲ့ တပည့်တွေက အချိန်မှန် တွန်နေကျ ကြက်ကြီး သေဆုံးသွားတော့ အဲဒီကြက်ကို သွားဖမ်းပြီး မွေးထားကြတာ။ အချိန်မသိ အခါမသိ တွန်ချင်သလို တွန်နေတော့ ညအခါမှာ ကြက်တွန်

http://www.dhammadownload.com



ချိန်ကို အမှတ်အသားပြုပြီး မန္တန်တွေ ရွတ်ဖတ်ရတဲ့ ကျောင်းသားတွေ အိပ်ချိန် မမှန်၊ ရွတ်ဖတ်ချိန် မမှန် ဖြစ်ပြီး ပညာတွေ မတိုးတက်တော့လို့ နောက်ဆုံး ရိုက်သတ်လိုက်ကြရတာလေကွာ။ ဒီအကြောင်းကို ဆရာကြီးသိတော့ ဘာပြောလဲ၊ "မိနဲ့ ဖနဲ့ ဆရာသမား နဲ့ မနေခဲ့ရတဲ့အတွက် အချိန်နဲ့ စည်းကမ်းကို နား မလည်လို့ ဒီကြက် ပျက်စီးရတယ်" လို့ ဆိုသမို့လား။ အဲဒါပေါ့ကွ၊ မိဘဘိုးဘွား၊ ဆရာသမားတွေက စပြီး သင်ကြားပြုပြင်ပေးရမှာပေါ့။

တော့်တော်စဉ်တုန်းက ငါ့ရွာက ညီဝမ်းကွဲတစ် ယောက် ရောက်လာတယ်ကွ။ ငါက "မင်း အသက် အရွယ်လည်း ကြီးလာပြီ၊ တရားလေး ဘာလေး အား ထုတ်ရင်း၊ ဒီမှာ တစ်လ ကိုးသီတင်းလောက် နေပါ လား" လို့ တိုက်တွန်းတယ်။ ဘာပြန်ပြောတယ် မှတ် သလဲ။ "အိမ်မှာ အိမ်စောင့် မြေးထိန်းအလုပ်တွေနဲ့ မအားလို့" တဲ့။ ဒါနဲ့ ငါက "မင်းတို့မြေးကို ဘယ်လို ထိန်းကြတုံး" ဆိုတော့ "ဒီလိုပဲ ချော့လိုက် ငေါက် လိုက် အော်လိုက် ဟစ်လိုက်ပေါ့ဘုရား၊ ဘယ့်နှယ် ထိန်းရဦးမှာတုံး' တဲ့ဗျာ။ ကဲ မှတ်ကရော...။

'ဟ... မင်းတို့က မဟုတ်သေးပါဘူးကွ၊ အရွယ်ကြီးတော့ အိမ်စောင့်၊ ကြက်နှင်၊ မြေးထိန်း၊ ခွေးမောင်းဘဝနဲ့ပဲ အချိန်ကုန်နေရတယ် ဆိုတော့ စဉ်းစားကြည့်ကြစမ်းပါဦး။ မင်းတို့ဘဝက အရွယ်

http://www.dhammadownload.com



ကောင်းတုန်းကတော့ အိမ်ကြီးရှင်၊ အရွယ်အိုတော့ အိမ်ကျွန်" ဆိုတာမျိုး ဖြစ်မနေဘူးလားလို့ ပြောရတယ်။ "ကိုယ့်ဘိုးကိုယ့်ဘွားတွေလည်း ဒီအတိုင်းပဲဟာ ကိုယ်လည်း ဒီအတိုင်းပေါ့ဘုရား" လို့ ဆင်ခြေပေးတယ်။ "မဟုတ်ဘူးကွ၊ မင်းတို့ ငါတို့ ငယ်စဉ်ဘဝကို သေချာပြန်စဉ်းစားကြည့်၊ တို့ဘိုး တို့ဘွားတွေဟာ အရွယ်ကောင်းတုန်းမှာ "အိမ်ကြီးရှင်"၊ အရွယ်ကြီးတော့ မြေးထိန်း သာသနာပြု "အိမ်ကြီးသခင်" အဖြစ်နဲ့ နေသွားကြတာ ဆိုပြီး ပြန်ရှင်းပြရသေးတယ်။ သူလည်း သာသနာပြု အိမ်ကြီးသခင် ဖြစ်အောင် ကြိုးစားပါ့မယ်တော့ ပြောတာပဲကွာ။ ဟုတ် မဟုတ် တော့လည်း မသိဘူးပေါ့' လို့ မိန့်ကြားပြီး ခဏ စဉ်းစားသလို တွေးရင်း နားနေတယ်။

'ဆရာတော် မြေးထိန်းသာသနာပြု အိမ်ကြီး သခင် ဖြစ်ပုံလေးလည်း နည်းနည်းရှင်းပြပါဦးဘုရား' လို့ လျှောက်ထားတော့မှ...

'ဒီပြင်ဟာ မကြည့်နဲ့လေကွာ။ တို့ငယ်ငယ် တုန်းကလည်း နေ့လယ်နေ့ခင်း မိဘတွေ တောထဲ တောင်ထဲ အလုပ်သွားနေကြတဲ့အခါ အိမ်မှာ အဘိုး အဘွားတွေနဲ့ပဲ နေခဲ့ရတာပဲမို့လားကွ။ အဘိုး အဘွား တွေက တို့ကို အော်နေ ငေါက်နေတယ်ရယ်လို့ တယ် မရှိပါဘူး။ ကလေးဆိုတာတော့ ကလေးလောက်ပဲ သိပြီး ကလေးပီပီ ဆော့တာပါပဲ။ အဲ... မတော်မလျော်

http://www.dhammadownload.com



တာ တွေ့တော့မှ ဘယ်လိုမလုပ်ရဘူး၊ ဘယ်လိုလုပ်ရတယ် ဆိုပြီး ဆုံးမတာပါပဲ။ ကလေးဆိုတော့ ဆိုင်းထဲမှာ ရကွင်း (လင်းကွင်း) တီးတာ ကြည့်ပြီး "စလောင်းဖုံးနှစ်ချပ်တီး ကျားကြီးကိုက်တတ်တယ်" လို့ ခြောက်လှန့်ပြီး ဆုံးမတာမျိုး၊ "မီးဖိုမှာ နှစ်ယောက်ဆိုင်ပြီး မီးမှုတ်ရင် သူငယ်နာဖမ်းတတ်တယ်" ဆိုတာမျိုးတော့ ရှိတာပေါ့။ ဒါက သူ့အရွယ်နဲ့ သူ လိုက်နာလွယ်အောင် ပြောတာလေကွာ။ သိတတ်လာတဲ့အခါကျတော့ "မြေစလောင်းကို တီးရင် ကွဲတတ်လို့" "မျက်နှာချင်းဆိုင် မီးမှုတ်ရင် မျက်စိထဲ ပြာတွေ မီးပွားတွေ ဝင်မှာစိုးလို့" ဆိုတာ သိလာပါတယ်။

ခုခေတ် လူတွေကတော့ "ဒီလိုဆုံးမတာဟာ သိပ္ပံနည်းမကျဘူး၊ ကလေးတွေကို ကြောက်အောင် ခြောက်ရာကျတယ်" ဘာညာနဲ့ ပြောကြတာပဲကွာ၊ ဒါဟာ ကလေးတွေကို သိပ္ပံနည်းသင်နေတာ မဟုတ်ဘူး၊ လိမ္မာအောင် သင်နေတာကွ၊ ဒီလို ဆုံးမခံခဲ့ရလို့ တို့ဖြင့် ကြီးတဲ့အထိ ကြောက်လန့်နေတယ်လို့ မရှိပါဘူးကွာ။ သူ့အရွယ်ရောက်တော့ သူဆိုလိုတဲ့ အဓိပ္ပာယ်ကို သိတာပါပဲ။ ဒါမျိုးတွေကို သိပ္ပံနည်းမကျဘူး ဆိုတဲ့ ခုခေတ် မိဘဘိုးဘွားတွေကျတော့ မြေးတွေကို ဘာတွေသင်သလဲ၊ "ဘယ်မင်းသားလို လက်သီးထိုးလိုက်စမ်း၊ ဘယ်သူ့ကို ဘယ့်နှယ် လုပ်ပြလိုက်စမ်း" ဆိုတာတွေ သင်ကြသတဲ့လေကွာ။ အဲဒါ

http://www.dhammadownload.com



ကတော့ သိပ္ပံနည်းလား၊ ယဉ်ကျေးလိမ္မာနည်းလား၊ ကဲ... ပြောစမ်းပါဦး။

အဲ... ပြီးတော့ ဘာသာရေးအခြေခံ ဆိုတာလည်း ဘိုးဘွားတွေကပဲ သင်ပေးကြတာပဲကွ။ ငယ်ငယ်တုန်းကဆို ဘိုးဘွားတွေက ရေသောက်ချင်လို့ ရေလေး ခပ်ပေးလိုက်ရင် "အေးကွယ်... သာဓု... သာဓု... သာဓု... ငါ့မြေးက လိမ္မာတယ်ဟေ့၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေကွယ်" ဆိုပြီး ဆုပေးတယ်။ "ဘုန်းကြီးတယ်" ဆိုတာ ဘာမှန်း မသိသေးပေမယ့် ဒီလိုဆုပေးသံ ကြားရင် ဝမ်းသာတာပဲ။ အနားမှာ ရှိတဲ့ တခြားမြေးတွေက ဘိုးဘိုး ကျွန်တော်တို့ကော "ဘုန်းကြီးမှာလားဟင်" လို့ မေးလိုက်ရင် "အေး... လိမ္မာတဲ့လူမှန်သမျှ ဘုန်းကြီးတယ်၊ သက်ရှည်တယ်ကွဲ့" လို့ ပြောကြတော့ "ဒီလိုဆို ကျွန်တော်တို့လည်း လိမ္မာမယ်" နဲ့ ဖြစ်ကုန်ကြတာပဲ။ ပြီးတော့မှ "အေး လိမ္မာချင်ရင် ဘယ်လိုမလုပ်ရဘူး... မပြောရဘူး၊ ဘယ်လိုလုပ်ရ ပြောရမယ်" ဆိုတာတွေ၊ ပြီးတော့ ဘုရား၊ တရား၊ သံဃာ ဆိုတာကို ဦးချကန်တော့ပုံတွေ "ဘုရားစာ" လို့ ခေါ်တဲ့ "ဩကာသ" တို့ "သရဏဂုံ" တို့ "ဂုဏ်တော်" တို့ "သမ္ဗုဒ္ဓေ" တို့ ဆိုတာတွေ တစ်နေ့ နည်းနည်းချပေးရင်း နောက်တော့ အာဂုံရလာကြတာပဲကွ။

မိုးချုပ်စာ စားပြီးပြီဆိုရင် အဘိုးအဘွားတွေက

http://www.dhammadownload.com



"ပုံတွေ ဇာတ်နိပါတ်တွေ" ပြောပြကြတာကို ကြာတော့ "စွဲ" လာတယ်။ နေဝင်ပြီဆို ထမင်းမြန်မြန်စားပြီး ဘိုးဘွားတွေနား ဝိုင်းနေကြတာပဲ။ ပုံပြင်နားထောင် ချင်ကြလို့။ ဒီလို ပျော်မွေ့တတ်တဲ့ အလေ့အကျင့် ရလာတော့ ကိုယ့်ဘာသာကိုယ် စာဖတ်တတ်တဲ့ အခါ ကျတော့လည်း "ငါးရာ့ငါးဆယ်" တို့ "ဇာတ်ကြီး ဆယ်ဘွဲ့" တို့ကို ဖတ်ရတာ ပျော်နေတော့တာပဲ။

ဘယ်သူမဆို မိဘဘိုးဘွား ကျောင်းထွက် ကောင်းတွေဖြစ်မှ ဆရာသမားကျောင်းရောက်တော့ လည်း ကောင်းတာမျိုးလေကွာ။ **"ဆရာသမားဆိုတာ ပန်းပုဆရာ၊ ပန်းပဲဆရာနဲ့ တူတယ်"** လို့ ဆိုသမို့လား။ "သစ်" ကောင်း "သံ" ကောင်းဖြစ်မှ ပုံကောင်း၊ ဓား ကောင်း ဖြစ်မှာပေါ့။ အမျက်အဆွေးတွေ အကြော လိမ်တွေပါတဲ့ သစ်သားကို ပန်းပုထုရင် လက်ရာ ကောင်းပေမယ့် အဆွေး၊ အအက်၊ အနာတွေနဲ့ ဖြစ် နေရင် ပုံကောင်း ဘယ်ဖြစ်ပါ့မလဲ။ သံကြွပ် သံဆွေး ဆိုရင်လည်း ပန်းပဲဆရာ ဘယ်လောက်ကောင်းကောင်း ပုံစံကောင်း လက်ရာကောင်းသာ ဖြစ်မယ်။ ဓားကောင်း ဘယ်ဖြစ်မလဲ။ သုံးလိုက်ရင် တွန့်သွား၊ ပဲ့သွားတဲ့ ဓားမျိုးပဲ ဖြစ်နေမယ် မဟုတ်လားကွ။ ဆရာ့ဆီရောက် လာတဲ့ တပည့်ချင်းတူပေမယ့် အရည်အချင်း မတူကြ တာ။ အဲဒါတွေ ကြောင့်တယ် ဆိုတာ သတိမထားကြ တော့ဘူးကွ။

http://www.dhammadownload.com



အဲ... ဆရာသမားများကလည်း သစ်ကြော သံကြောတော့ သဘောပေါက်ဖို့ လိုတာပေါ့ကွာ (ဘုန်းကြီးကျောင်းမှာ သင်ကြားဆုံးမပုံကို သီးခြားတင်ပြပါမယ်။)

အတိုချုပ်ကတော့ကွာ... ဘိုးဘွားတွေက လောကရေး၊ ဓမ္မရေးနဲ့ ပတ်သက်ပြီး အဲဒီလို သွန်သင်ဆုံးမပေးတဲ့အတွက် ကလေးတွေမှာလည်း လောကစည်းကမ်း၊ ဓမ္မစည်းကမ်းကို အငယ်ကတည်းက စွဲသွားတယ်ကွ။ ဘာမဆို "ငယ်စွဲကမှ တကယ်မြဲတာ" မို့လား။

ဘိုးဘွားတွေအနေနဲ့ ကြည့်မယ်ဆိုရင်လည်း သက်ကြီးရွယ်အိုဖြစ်နေချိန်မှာ "တို့နားကို ဘယ်သားသမီးတော့ လာကြပါဦး၊ ဘယ်မြေးတော့ လာကြပါဦး" လို့ အထူးဖိတ်ခေါ်စရာ မလိုဘူး။ မြေးတွေက ဝိုင်းဝိုင်းလည်နေပြီ ဆိုမှတော့ သားသမီးက ဘာပြောစရာလိုမလဲကွ မင်းနှယ်။

ကဲ... အဲဒါ မင်းပဲ စဉ်းစားကြည့်ပေါ့။ ဒီလို သွန်သင်ဆုံးမတာဟာ အိမ်စောင့်၊ မြေထိန်းရင်းသာ သနာပြုရာလည်း မကျဘူးလား။ ဒီလို သာသနာပြုပေးတဲ့အတွက် သားသမီး မြေးမြစ်တွေကပါ မပြတ်ဆည်းကပ် လေးစားခြင်း ခံရလို့ **"အိမ်ကြီးရှင်"** ဆိုတာထက် တစ်ဆင့်တက်ပြီး **"အိမ်ကြီးသခင်"** ဖြစ်သွားတယ်လို့ကော မဆိုနိုင်ပေဘူးလားကွ။ ငါ့ညီကို ငါက

http://www.dhammadownload.com



အဲဒါတွေ ရှင်းပြလိုက်တာပါ။ သူလည်း သဘော ပေါက်တယ်လို့ ပြောတာပဲလေကွာ။ တကယ် သဘော ပေါက်ပြီး ကျင့်သုံးမယ်ဆိုရင်တော့ အိမ်ကျွန်အဖြစ် ကနေ အိမ်ကြီးသခင် ဖြစ်သွားလို့ လောကရေးကော ဓမ္မရေးပါ ကောင်းသွားမှာပေါ့' လို့ မိန့်ကြားပါတယ်။

ဆရာတော် မိန့်ကြားချက်များကို တိပိဋက "ယော" ဆရာတော်ရဲ့စကားနဲ့ ကောက်ချက်ချလိုက် မယ်ဆိုရင်တော့ အိမ်စောင့် မြေးထိန်းရုံသက်သက် လုပ်နေရတဲ့ ဘဝကနေ အိုချိန်မှာ အပယ်ခံထားရတဲ့ **"အိုပယ်ဘဝ"**၊ အိမ်စောင့်မြေးထိန်း သာသနာပြုဘဝ မျိုးက အိုပေမယ့် အခြံအရံတွေနဲ့ ကြွယ်ဝနေလို့ **"အို ကြွယ်ဘဝ"** လို့ပဲ ဆိုရပါလိမ့်မယ်။

အိုပယ် အိမ်ကျွန်ဘဝက လွတ်မြောက်ပြီး အိုကြွယ် အိမ့်သခင်များ ဖြစ်နိုင်ကြပါစေ။

❑

http://www.dhammadownload.com

# ဘိုးဘွား မိခင် မုဒိတာ ဖခင် ဆရာ ကရုဏာ

"တရားမှာ နည်းလမ်း၊ ကျောင်းမှာ စည်းကမ်းတဲ့ကွ။ နည်းလမ်းမမှန်ရင် ဘယ်လောက်အားထုတ်နေနေ တရားမရနိုင်ဘူး။ စည်းကမ်းမရှိရင်လည်း ဘယ်လောက်သင်ပြနေနေ လူတော်လူကောင်း မဖြစ်နိုင်ဘူး"

(ကျည်တောင်ကန် တိုက်သစ်ဆရာတော်ကြီး)

ကျည်တောင်ကန် တိုက်သစ် ဆရာတော်ကြီး မိန့်ကြားတဲ့အထဲက ဘုန်းကြီးကျောင်းမှာ စည်းကမ်းနဲ့ ပညာသင်ကြားပုံနဲ့ ပတ်သက်လို့ ဆရာတော်ကြီးက–

'တို့ကို ဘုန်းကြီးကျောင်း စပြီးပို့တော့ ငါးနှစ်သားလောက်ပဲ ရှိဦးမယ်ကွ။ ရဟန်းသံဃာရှေ့မှာ ဘယ်လို အရိုအသေပြုရတယ်၊ ဘယ်လို ပြောဆိုဆက်ဆံရတယ် ဆိုတာကတော့ အဘိုးအဘွားတွေ

http://www.dhammadownload.com



သင်ပြထားလို့ နေတတ် ပြောတတ် ရှိသင့်သလောက် ရှိကြပြီပေါ့ကွာ။ ကျောင်းရောက်တော့ ကကြီး ခကွေး ချပေးဖို့၊ ကံ့ကူလက်လှည့် သင်ပေးဖို့ ကျောင်းသားကြီးတို့ ကိုရင်တို့နဲ့ တွဲပေးတယ်ကွ။ အနီးကပ်ဆရာ အဖြစ်နဲ့ အပ်တာပေါ့ကွာ။ ဆရာတစ်ယောက်မှာ အနည်းဆုံး တပည့်နှစ်ယောက်တော့ ရှိတယ်ကွ။ သူက စာလည်းကျက်၊ တပည့်ကိုလည်း နှုတ်တိုက်ချ ပေးပေါ့။

မင်းတို့ကျောင်းနေတော့ သစ်သားသင်ပုန်းတွေနဲ့ ရေးရတဲ့ ခေတ်ကို မီသေးသလား၊ တို့တုန်းကတော့ သစ်သားသင်ပုန်းနဲ့ စရေးရတာပဲ။ သင်ပုန်းလုပ်တဲ့ သစ်သားက ဘယ်ကရတယ် မှတ်တုံး။ အသုဘခေါင်းလုပ်တဲ့ ပျဉ်လေကွာ။ သချိုင်းမှာ အသုဘပို့ပြီးရင် ခေါင်းပျဉ်ကို ယူလာ၊ အနံ့အသက်ကုန်အောင် ချောင်းထဲမှာ ခဲဖိပြီး စိမ်ထား၊ ပြီးတော့ သဲကြမ်းနဲ့ ပွတ်ဆေးပြီး အရိပ်ထဲမှာ ခြောက်အောင် ထားရတယ်။ ပြီးတော့ သင်ပုန်းပုံလုပ်၊ ရွှေပေါ်ထိုးပြီး မီးနဲ့ နည်းနည်းသင်းလိုက်ရတယ်သေးကွ၊ အပေါ်ယံ မည်းရုံလောက်ပေါ့ကွာ၊ ပြီးတော့မှ သရက်သား မီးသွေးနဲ့ ပွတ်ပြီး ထမင်းရည်နဲ့ သင်ပုန်းချေတာပေါ့။ **"မသာစဆောင်၊ ကျောင်းစရှောင်၊ အိုအောင်မဆင်းရဲ"** ဆိုတာ အဲဒါပေါ့ကွာ'

"ကံ့ကူလက်လှည့်" ဆိုတာ သစ်သား သင်ပုန်းကြီးခေတ်ကမှ မှန်တာကွ။ ကံ့ကူတံအဖျားဘက်က

http://www.dhammadownload.com



ပြားထားတဲ့အမြီးနဲ့ မျဉ်းပစ်။ အဲဒီအပေါ်မှာ ကွဲ့ကွတံ မြီးနဲ့ 'ဝ' လုံးတွေကို ဆရာက ရေးပေးတယ်။ "အနက် ကြောင်းခံတယ်" လို့ ခေါ်တာပေါ့။ အဲဒီအပေါ်မှာမှ ကွဲ့ကွဆံနဲ့ "အဖြူ" ဖြစ်အောင် ထပ်လိုက်ပြီး ရေးရ တာ၊ ဒီလိုရေးတဲ့အခါ ဆရာက လက်ကို အပေါ်က ခပ်ဖွဖွကိုင်ပေးပြီး ကွဲ့ကွတံကို လက်ယာရစ်အလှည့် မှန်အောင် သင်ပေးတာ။

ကွဲ့ကွလက်လှည့်ဆရာကို တပည့်က ကြောက် လည်းကြောက်၊ ရိုလည်း ရိုသေတယ်ကွ၊ ကျောင်းနေစ မှာ နေတတ်ထိုင်တတ်အောင် သင်ပုန်းချေ၊ ပန်းကန် ဆေးက အစ ဆရာက တပည့်ကို လုပ်ကိုင်ပေးရင်း သင်လည်း သင်ပြတယ်။ ထမင်းစားချိန် ဆိုရင် တစ် ဝိုင်းမှာ ကျောင်းသားကြီးဆရာနှစ်ယောက်နဲ့ တပည့် နှစ်ယောက်စီရယ် ဆိုတော့ ခြောက်ယောက် တစ်ဝိုင်း ပေါ့။ ဆရာတွေက ထမင်းပန်ကန်ထဲ ထမင်းထည့်၊ နေရာချပေးပြီးလို့ "ကျွန်တော်တို့ အမှတ် (၁) ဝိုင်းတော် သားများ ထမင်းစားကြွပါခင်ဗျာ" ဆိုမှ တို့က ထသွား ရတယ်။ အဲဒီမှာ "ချေကျယ်၊ သမ်းကျယ်၊ ကြမ်းနင်း ကျယ်နှင့် ရယ်ကျယ်၊ ပြောကျယ်၊ ဤငါးကျယ်၊ မဖွယ်မရာမပြုရ" ဆိုတဲ့အတိုင်း ကြမ်းနင်းတာ အသံ မကျယ်အောင်လည်း ဆရာက သင်ပြတယ်။

စားတဲ့အခါမှာလည်း ဘုရားရှင် ပညတ်ထားတဲ့ သေခိယထဲကအတိုင်း ပါးစပ်က ပျတ်ပျတ် မမြည်

http://www.dhammadownload.com



အောင်၊ ပါးစောင် မဖောင်းအောင်၊ လက်ခလယ်ဆစ် အထက် ထမင်းလုံး မပေအောင်၊ ဟင်းနဲ့ ထမင်းကို ရောနယ်ပြီးမှ စားတတ်အောင် စတာတွေ အကုန် သင်ပြတာပဲကွ။ နေတာထိုင်တာ၊ ပုဆိုးကို အောက်စ ညီအောင်၊ ချက်မပေါ်အောင် ဝတ်ပုံက အစ သင်ရ တာ။

ခုခေတ်ကလေးတွေ သောက်ရေအိုးစင်မှာ ကွမ်းသွေးတွေ စင်ပေနေတာ ကြည့်ပြီး ဒီကလေးတွေ ရေတောင် မသောက်တတ်ကြသေးပါလားလို့ အောက်မေ့မိသေးတယ်။ တို့တုန်းကဆို သောက်ရေအိုးစင် မှာ **"ကပ်၊ လှပ်၊ ခပ်၊ ဆုတ်၊ သောက်၊ ခါ၊ အုပ်"** ဆိုပြီး ရေးကပ်ထားတာ။ ရေအိုးနားကို ကပ်၊ ပြီးတော့ အဖုံးလှပ်၊ ကုန်တန်ရုံခပ်၊ ပြီးရင် နောက်ဆုတ်ရသေး တယ်။ သောက်နေတုန်း ရေအိုးကို ရေမစင်အောင် ပေါ့။ ပြီးမှ သောက်၊ သောက်ပြီးရင် ရေခွက်ကို "ခါ" လိုက်ရသေးတယ်။ အဲဒီအချိန်မှာ ရေခွက်ထဲ မကုန်ဘဲ ရေကျန်တွေ သွန်ပစ်မိရင် ကုန်တန်ရုံ မခပ်ရလား ဆိုပြီး ဆရာက ဆုံးမရတယ်။ နောက်တစ်ကြိမ်ဆိုရင် အဲဒီဆရာနဲ့ တပည့် သောက်ရေအိုးအကုန်လုံးကို ရေ ခပ်ဖြည့်ရတယ်။ ပြီးတော့မှ ရေခွက်ကို အုပ် (မှောက်) ပြီး ပြန်ထားရတာမျိုးကွ။ စားတဲ့သောက်တဲ့ နေရာမှာ နပ်၊ သလိပ် မထွေးရဘူး။ လွန်ပြောင် (လွင်ပြင်) မှာ အမှိုက်၊ နပ်၊ သလိပ်၊ တံတွေး မစွန့်ထွေးရဘူး ဆို

http://www.dhammadownload.com



တာတွေ အကုန်လုံး စနစ်တကျ သင်ရတယ်။

ကျောင်းနေစမှာ ကိုယ် မတတ်သေးတာကို ကံ့ကူလက်လှည့်ဆရာကပဲ အစစ လုပ်ကိုင်ပေးရင်း သင်ပြတာကို မှတ်ထားပြီး ကိုယ်တိုင် လုပ်တတ် ကိုင်တတ်ဖြစ်ပြီဆိုတဲ့ အခါကျတော့ တပည့်က အကုန် လုပ်ရတာ၊ ဆရာ့သင်ပုန်းတို့ စာအုပ်တို့ကို သိမ်းပေးရတယ်။ ဆရာစားတဲ့ပန်းကန် ဆေးပေးရတယ်။ အဲဒီကျတော့ ကြောက်လို့ လုပ်ပေးရတာ မဟုတ်ဘူးကွ။ သူ့ကျေးဇူးတွေ ရှိလာတာကို ကိုယ်က သိလာပြီလေကွာ၊ ကိုယ်လုပ်တတ်တာ မှန်သမျှ ဆရာကို ဘယ်တော့မှ မလုပ်စေရဘူး၊ ကိုယ်ကပဲ လုပ်ပေးတယ်။

အဖိတ်နေ့ညနေ ဆိုရင် ကျောင်းဝင်းမှာ ပေါင်းရှင်း တံမြက်လှည်းတဲ့အခါ သူ့ဆရာနဲ့ သူ့တပည့် အတွဲလိုက်ပဲ။ ဆရာက ရှင်းပြီးသမျှ အမှိုက်ကို တပည့်က ကျုံးပို့ရတယ်။ အံမာ... တို့ငယ်ငယ်က ဆရာတော်ဟာ အတော်မှတ်ဉာဏ်သဏ္ဌာန်ကောင်းတာကွ၊ ကျောင်းသားငယ်တွေ အမှိုက်ကျုံးပြီး သွန်ရမယ့်နေရာမှာ လမ်းလျှောက်နေရင်းက ဘယ်သူတွေ ဘယ်နှခေါက်လာပို့တယ်ဆိုတာ မှတ်မိတယ်။ စားစရာ ငှက်ပျောသီးတို့၊ ဩဇာသီးတို့ ဝေပြီဆိုရင် သုံးလုံးတန်း၊ နှစ်လုံးတန်း ဆိုပြီး ခွဲထားတယ်။ ကျောင်းသားကြီးတွေကတော့ ပင်ပန်းကြလို့ သုံးလုံးတန်းက ကောက်ပေါ့။ တို့ကလေးငယ်တွေ အလှည့်ကျတော့ အမှိုက် ဆယ်

http://www.dhammadownload.com



ခေါက်အထက် သယ်တဲ့ကောင်တွေ အရင်ထ ဆိုပြီး သုံးလုံးတန်းက ကောက် (ယူ) ရတယ်။ ပြီးမှ ဆယ်ခေါက်အောက် သယ်တဲ့လူတွေက နှစ်လုံးတန်းကောက် ရတာ၊ အဲဒါ မလိမ်ရဲဘူး။ ဆရာတော်က ဘယ်သူ ဘယ်နှခေါက်ဆိုတာ မှတ်မိတယ်ဗျ၊ လိမ်လို့ကတော့ ချက်ချင်း ပေါ်တော့တာပဲ။ လိမ်တဲ့လူကို မပေးဘူး။ သူ့ဆရာရတဲ့ ဝေစုကို ခွဲပေးခိုင်းတယ်၊ နောက်တစ်ခါ လိမ်ရင်တော့ ဆရာကော တပည့်ပါ ဒဏ်ထိတာပဲ။

မှတ်မိသေးသကွာ… ဥပုသ်နေ့ နေ့လယ်စာ စားပြီးလို့ သိမ်းဆည်းပြီးပြီ ဆိုရင် အားလုံး ဆရာတော်ရှေ့မှာ တန်းစီရတယ်။ ဒီနေ့က စာဝါပိတ်တဲ့နေ့ ဆို တော့ အားလုံး ဆရာတော်ရှေ့မှာ တန်းစီရတယ်။ ဒီနေ့က စာဝါပိတ်တဲ့နေ့ ဆိုတော့ ဆော့ကြ ကစားကြ ရမှာကိုးကွ၊ အားလုံးစုံပြီ ဆိုရင် ရှေ့ဆုံးက ကိုရင်ကြီးက…

"သွေးထွက်သံယို ရန်ဖြစ်ရင်" ဆိုပြီး တိုင်လိုက်ရင် အားလုံးက "ကျောင်းတော်ကြီးက နှင်ပါဘုရား" ဆိုပြီး ပြိုင်တူ အော်ရတယ်။ မှတ်မိသမျှကတော့ "သူများပစ္စည်းခိုးခဲ့ရင်" "ကျောင်းတော်ကြီးက နှင်ပါဘုရား"၊ "အော်ဟစ်ဆဲဆို ရန်ဖြစ်ရင်" "ငါးချက် နာနာရိုက်ပါဘုရား"၊ "ချောင်းထဲကန်ထဲ ရေဆော့ရင်" "သုံးချက် နာနာရိုက်ပါဘုရား"၊ "သစ်ပင် ချောက်ကမ်းပါးတက်ခဲ့ရင်" "သုံးချက် နာနာရိုက်ပါဘုရား"၊

http://www.dhammadownload.com



"တလင်းပြောင်မှာ အမှိုက်ပစ်ရင်" "ကျောင်းတွင်း သန့်ရှင်းရေးပါဘုရား" ဆိုပြီး အရေးကြီးတဲ့ စည်းကမ်းနဲ့ ပြစ်ဒဏ်တွေကို အော်ကြပြီးတော့မှ ဆော့ကစားခွင့်ရတယ်။ ပြစ်မှုကျူးလွန်ရင်တော့ အပြစ်နဲ့ ဒဏ်ကို ပြန်ဆိုခိုင်းပြီးတော့မှ "ကဲ ... ဒီလိုဆို အခု ငါက ရိုက်မှာလား၊ မင်းက အရိုက်ခံမှာလား" လို့ မေးတယ်။ "တပည့်တော် ကိုယ့်အပြစ်နဲ့ ကိုယ် အရိုက်ခံမှာပါဘုရား" လို့ ဝန်ခံပြီးမှ "မှောက်" ပေးရတာ။ သတ်မှတ်တဲ့ အချက်ရေအတိုင်း အရိုက်ခံရတာပဲ။

ဆရာသမားရိုက်တာကို ကလေးနဲ့ အဖေတို့က ဘယ်လိုမှ မအောက်မေ့ပေမယ့် အမေနဲ့ ဘိုးဘွားတို့ကတော့ မကျေမနပ်တဲ့သဘောနဲ့ လာပြီး လျှောက်ထား ကန့်ကွက်တာမျိုးလည်း ရှိတတ်တယ်ကွ။ အဲဒါမျိုးဆိုရင် တို့ဆရာသမားကတော့ "ဆုံးမတာ မခံနိုင်ရင် ကိုယ့်ကလေး ကိုယ်ပြန်ခေါ်သွား" ဆိုပြီး ငေါက်လွှတ်လိုက်တာပဲ။ ဆရာသမား ဆုံးမတာတို့ ဘေးလူက အမြင်မတော်လို့ ဆုံးမတာတို့ကို မခံနိုင်ဘူးဆိုတဲ့ ဘိုးဘွားမိဘတို့ရဲ့ ကလေးမျိုးဟာ ကြီးတော့လည်း ဟော့ဟော့ရမ်းရမ်း ပရမ်းပတာတွေပဲ ဖြစ်ကြတာများပါသကွာ။

ဘိုးဘွားတို့ မိခင်တို့ရဲ့စိတ်ထားဟာ ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲ ဆိုတော့ စဉ်းစားကြည့်လိုက်ရင် သူတို့က မုဒိတာတရားကိုသာ ရေရှည်အထိ ထား

http://www.dhammadownload.com



တတ်ကြပေမယ့် ကရုဏာတရားကိုကျတော့ ဖခင်တို့ ဆရာသမားတို့လို ရေရှည် မထားတတ်ကြဘူးလို့ပဲ ဆိုရလိမ့်မယ် ထင်တယ်ကွ။ ကိုယ့်ကလေး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာကိုပဲ တွေ့နေ မြင်နေချင်တယ်။ လတ်တလော ဝမ်းသာကျေနပ်ဖို့ကိုသာ ငဲ့နေရင် ရေရှည်မှာ ကရုဏာသက်စရာ ဆိုးကျိုးဒုက္ခတွေ ရောက်မယ့် အရေးကိုကျတော့ ကြိုပြီး မမြင်တတ်ကြဘူး။ ဖခင်မှာပါ ဒီစိတ်မျိုးရှိပြီ ဆိုရင်တော့ ဒီကလေး ကံဆိုးပြီသာ မှတ်ပေရော့။ "ကုဋေရှစ်ဆယ် သူဌေးသား" ဆိုတာ ဒီလို မိဘတွေကြောင့် ပျက်စီးရတာပဲ မို့လား။

မနှစ်ဆီကပဲကွာ၊ ငါ့မြေး ကိုရင်တစ်ပါး အသက်က ဆယ့်သုံးနှစ်တောင် ကျော်နေပါပြီ။ အဲဒါ မန္တလေး စာသင်ပို့မယ် ဆိုတော့ သူ့ဘိုးဘွားနဲ့ အမေတို့က မခွဲနိုင်ပါဘူး ဆိုပြီး တငိုငို လုပ်နေလို့ကွာ။ အကျိုးအကြောင်း ရှင်းပြလို့လည်း မရနဲ့၊ ငါလည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ ကြိမ်ထဆွဲလိုက်တော့မှ ငြိမ်ပြီး ပြန်သွားကြတယ်။ ဘိုးဘွားတို့ အမေတို့ဆိုတာ အဲသလို။

ဖခင်စိတ်စစ်စစ်ရှိတဲ့ ဖခင်နဲ့ ဆရာသမားတို့ရဲ့ စိတ်ဓာတ်ကျတော့ ရေရှည်ကရုဏာကို အလေးထားကြတာမျိုးမို့လားကွ၊ ဟို... အဘယ ရာဇကုမာရ သုတ်မှာ မြတ်စွာဘုရား မိန့်ကြားတာ ရှိတယ်မို့လား။ "အရှင်ဘုရားဟာ သူတစ်ပါး မမြတ်နိုးတဲ့ စကား

http://www.dhammadownload.com



မျိုးကို မိန့်ကြားပါသလား” လို့ မေးတဲ့အခါ မြတ်စွာဘုရားက ဥပမာနဲ့ ပြန်မေးတာလေကွာ။ “သင့်ရဲ့ ရင်ခွင်ပိုက်အရွယ် ကလေးငယ်တစ်ယောက်ဟာ မတော်တဆ တုတ်ချောင်းကို ဖြစ်စေ၊ အိုးခြမ်းကွဲကို ဖြစ်စေ၊ ပါးစပ်ထဲ မျိုမိတယ် ဆိုပါစို့၊ သင် ဘယ်လိုလုပ်မလဲ” လို့ မေးတော့ “တပည့်တော် ရအောင် ဆွဲထုတ်မယ် ဘုရား၊ ရိုးရိုးဆွဲထုတ်လို့ မရရင် ဦးခေါင်းကို လက်တစ်ဖက်နဲ့ မြဲမြဲကိုင်ပြီး ပါးစပ်ထဲက သွေးထွက်ချင်ထွက်ပါစေ၊ လက်ညှိုးကိုကွေးပြီး အတင်းကော်ထုတ်ရမှာပဲ” တဲ့။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ “ကလေးအပေါ်မှာ ကရုဏာထားလို့ပါဘုရား” လို့ ပြန်လျှောက်တယ်လေ။ အဲဒီတော့မှ ဘုရားရှင်က “ငါဘုရားလည်း သူတစ်ပါးအတွက် ဟုတ်မှန်ကျိုးရှိ ဖြစ်မယ်ဆိုရင် သူတစ်ပါးမြတ်နိုးဖွယ် မဖြစ်ပေမယ့် အချိန်အခါနဲ့ အခြေအနေကြည့်ပြီး ဟောသင့်ရင် ဟောတယ်ကွဲ့” လို့ မိန့်ကြားတယ်လေကွာ။ (မဇ္ဈိမ ပဏ္ဏာသ ၅၇-အဘယရာဇကုမာရသုတ်) အဲဒါဟာ လတ်တလော မုဒိတာထက် ရေရှည်အတွက် ကရုဏာထားတဲ့ ပုဂ္ဂိုလ်တို့ရဲ့လုပ်ရပ်ပဲ မဟုတ်လားကွ။

တချို့ကတော့ တပည့်သားသမီးကို ရိုက်ပုတ်ဆုံးမတာ မကောင်းဘူး ဆိုတာပေါ့ကွာ။ မှန်တော့ မှန်ပါတယ်။ မနာမကျင်ဘဲ ဆုံးမနိုင်ရင်တော့ အကောင်းဆုံးပေါ့။ အရေးကြီးတာကတော့ လတ်တလော ကျေနပ်

http://www.dhammadownload.com



မှုကို မငဲ့ဘဲ ရေရှည်အကျိုးကို ငဲ့ဖို့ပါပဲ။ လတ်တလော မှာ ပြောဆိုဆုံးမသင့်ရက်နဲ့ တပည့်စိတ်ထဲမှာ ကိုယ့် အပေါ် နာကြည်းသွားမှာ မုန်းသွားမှာ စိုးလို့ ဆိုတဲ့ သဘောနဲ့တော့ ဆုံးမသင့်တာကို မဆုံးမဘဲ မနေ သင့်ဘူး။ ဒီလို ငဲ့ကွက်မှုမျိုးနဲ့ မဆုံးမတဲ့ ဆရာမျိုး ဟာလည်း ဆရာကောင်းလို့ မဆိုနိုင်ဘူးမို့လားကွ။ မန်လည်ဆရာတော်ရေးတဲ့ **"ရှေးရှုမေတ္တာ၊ ကရုဏာ နှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာ ဟူလော့"** ဆိုတာလည်း ဒီသဘောကို ပြောလိုတာပဲ မို့လား။

**အတိုချုပ်ကတော့ကွာ... စည်းကမ်းတို့ ယဉ် ကျေးမှုတို့ ဆိုတာ ငယ်ငယ်ကတည်းက မိဘဘိုးဘွား ကကော ဆရာသမားများကပါ စနစ်တကျ သင်ပြ ပေးဖို့ လိုသကွ။ အလေ့အကျင့်ကောင်း၊ အစဉ်အလာ ကောင်းဆိုတာ "ငယ်စဉ်မှ တကယ်မြဲတယ်" ဆိုတာ အမှန်ပဲ။**

ဓမ္မပါလဇာတ်တော်မှာလည်း ရှိသားပဲ။ ငါးပါး သီလစောင့်ထိန်းတာဟာ အငယ်ကတည်းက ရပ်ရွာရဲ့ ဓလေ့ထုံးစံတစ်ခုလို ဖြစ်အောင် လေ့ကျင့်ဆုံးမထား တဲ့အတွက် ချိုးဖျက်ကျူးလွန်သူ ဆိုတာ မရှိကြလို့ သီလရဲ့အကျိုးပေးအရ အဲဒီရွာမှာ သက်တမ်းမပြည့် ခင် ကပ်ဆိုး ရောဂါဆိုးလည်း မရှိသလို သက်တမ်း

http://www.dhammadownload.com



မပြည့်ခင် သေတယ် ဆိုတာလည်း မရှိဘူးလေကွာ။ ကောင်းကျိုးချမ်းသာကို ရချင်ရင်တော့ ကောင်းတဲ့ အကျင့်စရိုက် ရှိကို ရှိမှပေါ့ကွ၊ ကောင်းကျင့်မရှိဘဲ ကောင်းကျိုး ဘယ်ရနိုင်ပါ့မလဲ။

ကဲ... ဒါပါပဲကွာ။ မင်းလည်း ဒီအကြောင်းကို စာနဲ့လည်း တတ်နိုင်သမျှ ရေးတန်ရေးပေါ့။ ကိုယ့် တပည့်သားမြေးကို လေ့ကျင့်သင်ကြားပေးဖို့လည်း မမေ့နဲ့။ ခေတ်မီဖို့ချည်း လုပ်မနေကြနဲ့၊ ခေတ်ကောင်း စနစ်ကောင်း အစဉ်အလာကောင်းတွေ မတိမ်ကော မပျောက်ပျက်အောင် ကြိုးစား ထိန်းသိမ်းကြဦးကွ။ ကြားလား' လို့ မိန့်ကြားတော်မူပါတယ်။

ဆရာတော်ကြီးရဲ့ ဩဝါဒကို မိဘဘိုးဘွား ဆရာသမားတိုင်း အလေးထားကြပါစေလို့ပဲ ဆန္ဒပြု လိုက်ပါတယ်။

❑

http://www.dhammadownload.com

http://www.dhammadownload.com